# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ တနင်္လာနေ့ အတွဲ [၅၄]၊ အမှတ် [၂၈၁]


ဇာတိမာန်ကောင်းကောင်းထားတတ်ကြအောင် လုပ်ကြပါ၊ ကိုယ့်နိုင်ငံကိုယ်ချစ်ပါ၊ ကိုယ့်အမျိုးကိုယ်ချစ်ပါ၊ ဗမာတွေဟာ လူဖျင်းတွေ၊ လူပျင်းတွေ၊ လူကြောက်တွေ၊ လူပိုတွေ၊ လူရိုင်းတွေ၊ လူ့ဝွစာတွေ၊ လူမတရားတွေ၊ ဒီလိုကမ္ဘာမှာအထင်ခံရအောင် မလုပ်ပါနဲ့၊ ဗမာတွေဟာ ဒီလိုမဟုတ်ဘူးဆိုတာ အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၄ ခုနှစ် မတ်လ ၁၃ ရက်နေ့ ဒုတိယပတ် ဗိုလ်သင်တန်းဆင်းပွဲ မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ကျေးရွာ ၄၅ ရွာ၏ လူမှုစီးပွားဘဝနှင့် ပညာရေး၊ ကျန်းမာရေးအခြေအနေများ တိုးတက်မြင့်မားစေရန် မော်ဝန်းတံတားကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ဝန်းတံတားဖွင့်ပွဲအခမ်းအနားတွင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း၊ စာမျက်နှာ-၈) (သတင်းစဉ်)

## နိုင်ငံတကာ

ဝန်ကြီးချုပ်တိုက်ခိုက်ခံရသော်လည်း နှစ်နိုင်ငံချစ်ကြည်ရေးကို အထိခိုက်ခံမည်မဟုတ်ဟုဆို

စာမျက်နှာ ❖ ၄

## တွေ့ဆုံမေးမြန်း

ကြက်ပျံမကျတိုးမပေါက်အောင် စည်ကားသိုက်မြိုက်ခဲ့သည့် မော်ဝန်းတံတားဖွင့်ပွဲကြားက ဝမ်းသာပီတိစကားသံများ

စာမျက်နှာ ❖ ၇

## ပြည်တွင်း

မြန်မာ့အမွေအနှစ်၊ ရိုးရာယဉ်ကျေးမှုနဲ့ လက်မှုအနုပညာတွေကို ကမ္ဘာကသိအောင် စွမ်းဆောင်သွားမယ်

စာမျက်နှာ ❖ ၁၀




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## မိခင်၊ ကလေးကျန်းမာရေးအလေးထား

ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ လူဦးရေသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ၅၁ ဒသမ ၄၉ သန်းသာရှိပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေကို လူဦးရေပိရမစ်ရေးဆွဲရာတွင် အိုးပုံပိရမစ်ဖြစ်ပေါ်လျက်ရှိပါသည်။ ဤလူဦးရေ ပိရမစ်အရ မွေးဖွားနှုန်းကျဆင်းလျက်ရှိပါသည်။ မွေးဖွားနှုန်းကျဆင်းနေခြင်းကြောင့် လက်ရှိအချိန်တွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားနေသော်လည်း နောင်နှစ် ၂၀ ကြာသည့်အခါ သက်ကြီးရွယ်အိုများပြားလာနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းတွက်ချက်ထားပါသည်။

နိုင်ငံတစ်နိုင်ငံတွင် အလုပ်လုပ်နိုင်သူများ များပြားနေပါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်နိုင်ပါသည်။ အလုပ်လုပ်နိုင်သူများ စဉ်ဆက်မပြတ်တိုးပွားရန်ကား လူဦးရေတိုးပွားနှုန်း မျှတမှန်ကန်စွာ ဖြစ်ပေါ်နေစေရန် လိုအပ်မည်ဖြစ်ပါသည်။ ဤသို့ဆိုလျှင် ကိုယ်ဝန်ဆောင်မိခင်နှင့် မိခင်၊ ကလေးကျန်းမာရေးစောင့်ရှောက်မှုကို အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် မြန်မာနိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ်ကြသည့်အတွက် မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းအဖြစ် အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ကိုယ်ဝန်ဆောင်မိခင်ပေါင်း ကိုးသိန်းကျော်ရှိပြီး မွေးဖွားမှုပြဿနာကြောင့် သေဆုံးရသည့်မိခင် ၂၀၀၀ ကျော်ခန့်ရှိသည်ဟု သိရပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ တစ်နှစ်အောက် ကလေးသေဆုံးမှုနှုန်းတွင် အရှင်မွေးကလေး ၁၀၀၀ တွင် ၆၂ ဦး သေဆုံးသည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသေဆုံးနှုန်းမြင့်မားနေဆဲဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများ၊ မိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုအလေးထားဆောင်ရွက်ပေးရမည်ဆိုသည်မှာ ပေါ်လွင်ပါကြောင်း စသည်ဖြင့်ပြောကြားခဲ့ပါသည်။

ဤသို့ နိုင်ငံတော်အပိုင်းက မိခင်နှင့်ကလေးသေပျောက်မှုနှုန်းကို အတတ်နိုင်ဆုံး လျှော့နည်းကျဆင်းသွားအောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ကာယကံရှင်ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များအနေဖြင့်လည်း ကျန်းမာရေးကို အလေးထားဆောင်ရွက်သင့်ပါသည်။ ကိုယ်ဝန်ဆောင်များအတွက် ရှောင်ရန် ဆောင်ရန်များ သတိပြု လိုက်နာဖို့ လိုပါသည်။ ကလေးမိခင်များ အစားအသောက်အနေအထိုင် သတိပြုဖွယ်ရာများလိုက်နာဆောင်ရွက်သင့်ပါသည်။ သို့မှသာ မိခင်နှင့်ကလေးသေပျောက်မှုနှုန်းသည်လည်း လျှော့နည်းကျဆင်းသွားမည်ဖြစ်ပါကြောင်း။ ။

အမြို့မြို့အနယ်နယ်ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်
နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့
မဲစာရင်းကို ကြည့်ကြစို့။

## ရန်ကုန်-မြိတ်လမ်းပေါ်ရှိ တံတားများကြံ့ခိုင်မှုရှိစေရေး စစ်ဆေးဆောင်ရွက်

**ထားဝယ် ဇူလိုင် ၁၂**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဇူလိုင် ၁၀ ရက်က တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့်အဖွဲ့ ထားဝယ်-မလွဲတောင် လမ်းအပိုင်းရှိ လမ်းနှင့်တံတားများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ထားဝယ်ခရိုင် ကလိန်အောင်မြို့ ရန်ကုန်-မြိတ်လမ်းပေါ်ရှိ တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မိုင်တိုင်(၄၆/၃) တံတားအမှတ် (၃/၄၇)၊ တံတားဖြူတံတားနှင့် မိုင်တိုင် (၄၆/၀ မှ ၄၆/၂) တံတားအမှတ်(၁/၄၇) ကလိန်အောင် တံတားတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ တည်ဆောက်ပြီးစီးပြီဖြစ်သည့် ထားဝယ်ခရိုင် ရေဖြူမြို့နယ် ရေဖြူတံတားကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



## ကွဲခြီရေကျော်တံတား ဘိုကလေးဘက်ခြမ်း တာလမ်းမတစ်လျှောက်ပျက်စီးနေ

**ထင်သာမြင်သာပြုပြင်စေရာ**



မော်လမြိုင်ကျွန်း မြို့နယ်နှင့် ဘိုကလေးမြို့နယ် လမ်းပန်းဆက်သွယ်ရေးတွင် အရေးပါသော ကွဲခြီရေကျော် မြစ်ကူးတံတား ကြီး ကို တည်ဆောက် လျက်ရှိရာ ပြီးစီးသွားပါက မော်လမြိုင်ကျွန်း- ဘိုကလေး- ဖျာပုံ- ဒလ(ရန်ကုန်) အဝေးပြေး ဆက်သွယ်ရေး လမ်းနှင့် မော်လမြိုင်ကျွန်း-ဘိုကလေး-ကဒုံကနိ (ပင်လယ်ပိုင်း) အဝေးပြေး ဆက်သွယ်ရေးလမ်းများဖြင့် ရန်ကုန်နှင့်ပင်လယ်ပိုင်း ဒေသထွက်ကုန်များ ရောင်းဝယ်ဖောက်ကားမှု ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်သည်။

ယင်းမော်လမြိုင်ကျွန်း-ဘိုကလေး လမ်းပန်းဆက်သွယ်ရေး အဝေးပြေး တာလမ်းမကြီးတွင် မော်လမြိုင်ကျွန်းဘက်ခြမ်း ကွဲခြီရေကျော်တံတားအထိ ဆက်သွယ်ရေးတာလမ်းမကြီး ကောင်းမွန်နေသော်လည်း ကွဲခြီရေကျော်တံတားမှ ဘိုကလေးဘက်ခြမ်းရှိ ဆက်သွယ်ရေးတာလမ်းမကြီးမှာ ယခုမိုးရာသီတွင် သွားလာ၍မရအောင်ပျက်စီးနေသဖြင့် အနီးအနားကျေးရွာများမှ ကျောင်းသွား ကျောင်းပြန် ကျောင်းသား ကျောင်းသူများ၊ ခရီးသွားပြည်သူများနှင့် ဒေသခံများ သွားလာရေး အခက်တွေ့နေကြသည်။

အဆိုပါ ကွဲခြီရေကျော်တံတားမှ ဘိုကလေးဘက်ခြမ်း တာလမ်းမကြီး တစ်လျှောက် ယိုယွင်းပျက်စီးနေခြင်းကို ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများက ပြုပြင်တည်ဆောက်ရန် လိုလားနေကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**လွယ်ဂျယ် ဇူလိုင် ၁၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ရှိ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများ စုပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၀ ရက်က ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပရာ ကျွန်း ၇၅ပင်၊ ပျဉ်းကတိုး ၇၅ ပင်၊ ပနားမားငုပင် ၅၀၊ ပင်လယ်ကဗွီးပင် ၃၀၊ ရေတမာပင် ၄၀၊ မဲဇလီပင် ၆၀၊ ခရေပင် ၅၀ နှင့် ကံ့ကော်ပင် ၄၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |

| | | |
|---|---|---|
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၂၅ |
| ဥရောပ | တစ်ယူရို | ၁၂၄၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၃၂.၃၂ |
| ထိုင်း | တစ်ဘတ် | ၃၃.၀၉၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၉၉ |
| တရုတ် | တစ်ယွမ် | ၁၈၁.၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၀၉ |

ခင်ရတနာ-စုစည်းသည်။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၆၃)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုညစာစားပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၆၃)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် ညနေပိုင်းက နေပြည်တော် ရုံးအမှတ်(၅၅)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ၂၀၁၅ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုများချီးမြှင့်ခြင်း၊ ဗဟိုဘဏ်ကိုယ်စား ဆုရအားကစားသမားများအား ဆုချီးမြှင့်ခြင်းနှင့် ရွှေကျေးလက်နှင့် ဖွံ့ဖြိုးရေးဘဏ်လီမိတက်က Skynet ရုပ်သံကြည့်စက်အလုံး ၁၀၀ ပေးအပ်လှူဒါန်းခြင်းတို့ကိုဆောင်ရွက်ပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အငြိမ်းစားဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အရာရှိကြီးများ၊ နိုင်ငံခြားဘဏ်များ၊ ကိုယ်စားလှယ်ရုံးခွဲများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူ ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




**မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၆၃) နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

# အာရှသက်ငယ်တန်းနပန်းပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ




**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် အာရှနပန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကာ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာရှသက်ငယ်တန်းနပန်းပြိုင်ပွဲ Asian Junior Wrestling Championship တတိယနေ့ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ ယနေ့ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း တက်ရောက်ကြည့်ရှု အားပေးပြီး ဆုများချီးမြှင့်သည်။

အဆိုပါ အာရှသက်ငယ်တန်းနပန်းပြိုင်ပွဲ တတိယနေ့ပွဲစဉ်သို့ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အာရှနပန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ၁၉ နိုင်ငံမှ အားကစားသမားများ၊ နပန်းအားကစားကို စိတ်ပါဝင်စားကြသော အားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Free Style (Women) 48 Kg ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများအား ကမ္ဘာ့နပန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူက လည်းကောင်း၊ Free Style (Women) 55 Kg ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများအား အာရှနပန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူက လည်းကောင်း၊ Free Style(Women) 63 Kg ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ Free Style (Women) 72 Kg ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများအား ကမ္ဘာ့နပန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူက လည်းကောင်း၊ Free Style (Women) Team ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိသောအသင်းများအား မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက လည်းကောင်း၊ Free Style (Men) 50 Kg ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများအား အာရှနပန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူက လည်းကောင်း၊ Free Style (Men) 120 Kg ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက လည်းကောင်း ဆုများချီးမြှင့်ပေးကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)(သတင်းစဉ်)**

## အာရှသက်ငယ်တန်းနပန်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အီရန် | ၆ | ၁ | ၂ | ၉ |
| ၂ | ဂျပန် | ၅ | ၄ | ၆ | ၁၅ |
| ၃ | ကာဇက်စတန် | ၄ | ၅ | ၉ | ၁၈ |
| ၄ | အိန္ဒိယ | ၃ | ၄ | ၉ | ၁၆ |
| ၅ | တရုတ် | ၃ | ၂ | ၄ | ၉ |
| ၆ | ဥဇဘက်ကစ္စတန် | ၁ | ၂ | ၂ | ၅ |
| ၇ | ကိုရီးယားဒီမိုကရက်တစ် သမ္မတနိုင်ငံ | ၁ | ၂ | ၂ | ၅ |
| ၈ | ဗီယက်နမ် | ၁ | ၁ | - | ၂ |
| ၉ | ကာဂျစ်စတန် | - | ၂ | ၂ | ၄ |
| ၁၀ | မွန်ဂိုလီးယား | - | ၁ | ၅ | ၆ |
| ၁၁ | ကိုရီးယားသမ္မတနိုင်ငံ | - | - | ၃ | ၃ |
| ၁၂ | တာ့ခ်မင်နစ္စတန် | - | - | ၂ | ၂ |
| ၁၃ | တရုတ်(တိုင်ပေ) | - | - | ၁ | ၁ |
| ၁၄ | တာဂျစ်ကစ္စတန် | - | - | ၁ | ၁ |
| ၁၅ | မြန်မာ | - | - | - | - |
| ၁၆ | ထိုင်း | - | - | - | - |
| ၁၇ | ဆီးရီးယား | - | - | - | - |
| ၁၈ | အင်ဒိုနီးရှား | - | - | - | - |
| | စုစုပေါင်း | ၂၄ | ၂၄ | ၄၈ | ၉၆ |

❒ *ကျော်ဖုံးမှ*

ယနေ့ပေးပို့သည့် ထောက်ပံ့ပစ္စည်းများမှာ ဆန်အိတ် ၂၀၀၀၊ စားဆီ ၁၆ ပီပါ၊ ပဲအိတ် ၁၂၀၊ အဝတ်အထည် ၄၀၀၀၊ စောင်အထည် ၄၀၀၀၊ ခြင်ထောင်အလုံး ၄၀၀၀ နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကလှူဒါန်းသည့် Family Kit အထုပ် ၇၀၀ ဖြစ်သည်။

ရခိုင်ပြည်နယ် ရေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် လမ်း၊ တံတား၊ လူနေအိမ်၊ စိုက်ပျိုးမြေ၊ စာသင်ကျောင်းနှင့် သာသနာရေးဆိုင်ရာ အဆောက်အအုံများကို မူလအခြေအနေသို့ ဆောလျင်စွာ ပြန်လည်ရောက်ရှိစေရေး ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားရှိပြီး လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ နိုင်ငံတော်သမ္မတ၏ သီးသန့် ရန်ပုံငွေမှ ကျပ် ၃ ဒသမ ၂၁၆ ဘီလီယံ ကျခံသုံးစွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နေပြည်တော်လေဆိပ်၌ တပ်မတော် လေယာဉ်ပေါ်သို့ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်နေစဉ်။**



**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## ထိခိုက်အလုပ်သမားများအတွက် အကျိုးအမြတ်ရရှိအောင် မစ္စကလင်တန်ပြောကြားမည်ဖြစ်

**နယူးယောက် ဇူလိုင် ၁၂**

အမေရိကန်သမ္မတလောင်း ဟီလာရီကလင်တန်သည် တနင်္လာနေ့တွင် ပြောကြားမည့်မိန့်ခွန်း၌ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များသည် ရေရှည်အကျိုးစီးပွားထက် ကာလတို အကျိုးစီးပွားပေါ်တွင်သာ အလေးထားကြောင်း၊ ၎င်းအနေဖြင့် အလုပ်သမား များအတွက်ပိုမိုကောင်းမွန်သော လုပ်ခနှင့် မိသားစုဆန်သည့်လုပ်ငန်းခွင် ဖန်တီးပေးနိုင်ရန် ကတိပြုကြောင်း စသည်တို့ကို ထည့်သွင်းပြောကြားမည် ဖြစ်သည်။

၂၀၁၆ အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုပြီး သမ္မတဖြစ်ရန် ရေပန်းစားလျက်ရှိသော မစ္စကလင်တန်သည် ၎င်း၏မဲဆွယ်ခရီးစဉ်အတွင်း စီးပွားရေးကို ခိုင်မာစေရန်ရည်ရွယ်ထားသည့် မိန့်ခွန်းပြောကြားခဲ့ပြီး မိမိသည် သာမန်အမေရိကန်ပြည်သူများအတွက် အမေရိကန်လူမျိုးဖြစ်စေရမည်ဟု ကတိပြုပြောကြားခဲ့သည်။

မစ္စကလင်တန်၏ မဲဆွယ်ခရီးစဉ်များနှင့် အင်တာဗျူးများတွင် ပြောကြားသော မိန့်ခွန်းများအရ အမေရိကန်နိုင်ငံ၏စီးပွားရေးစနစ်သည် လူလတ်တန်းစားများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုအပေါ်တွင် အလေးအနက်ထားကြောင်း၊ ချမ်းသာသော လူနည်းစုများသာပို၍ ချမ်းသာလာသည်ကို အားမပေးကြောင်း အစရှိသည်တို့ကို နယူးယောက်မြို့ရှိ သမိုင်းဝင်တက္ကသိုလ်တစ်ခုတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားလိမ့်မည်ဖြစ်သည်။

(ရိုက်တာ)



## ၂၀၂၀ ပြည့်နှစ်တွင် တရုတ်၌ ငှက်ဖျားပပျောက်အောင်ဆောင်ရွက်မည်

**ဂျိနီဗာ ဇူလိုင် ၁၂**

ငှက်ဖျားတိုက်ဖျက်ရေး မိတ်ဖက်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် အာဘီအမ်က ကမ္ဘာလုံးဆိုင်ရာ ငှက်ဖျားတိုက်ဖျက်ရေး မဟာဗျူဟာတစ်ရပ်ကို ထုတ်ပြန်လိုက်ပြီဖြစ်ရာ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် ငှက်ဖျားပပျောက်အောင် ဆောင်ရွက်နိုင်မည့်အနေအထား၌ ရောက်ရှိနေပြီ ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ပြည်သူ့ကျန်းမာရေး စာရင်းဇယားများအရ တရုတ်နိုင်ငံတွင် ငှက်ဖျားရောဂါကြောင့် သေဆုံးမှုကို ၅၈ ရာခိုင်နှုန်းအထိ လျှော့ချနိုင်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၁ ခုနှစ်ကတည်းက ပြည်သူ ၆ ဒသမ ၂ သန်းကို ကယ်တင်နိုင်ခဲ့သည်ဟုဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၁၆-၂၀၃၀ ငှက်ဖျားရောဂါတိုက်ဖျက်ရေးမဟာဗျူဟာကို ချမှတ်ဆောင်ရွက်သွားမည်ဟု ဆိုသည်။ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအသိုက်အဝန်းအနေဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကမ္ဘာလုံးဆိုင်ရာ ငှက်ဖျားတိုက်ဖျက်ရေးအစီအစဉ် ဒါရိုက်တာ ပီထရိုအလွန်ဆိုက ပြောသည်။

၂၀၂၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါပပျောက်အောင် ဆောင်ရွက်မည့် တရုတ်နိုင်ငံသည် လွန်ခဲ့သည့် ဆယ်စုနှစ်များတွင်လည်း ငှက်ဖျားရောဂါဖြစ်ပွားမှု သိသာစွာ ကျဆင်းအောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ဟု ဆိုသည်။

(ဆင်ဟွာ)

## ဝန်ကြီးချုပ်တိုက်ခိုက်ခံရသော်လည်း နှစ်နိုင်ငံချစ်ကြည်ရေးကို အထိခိုက်ခံမည်မဟုတ်

**ဆရီဘရီနီကာ ဇူလိုင် ၁၂**



ဆားဘီးယားဝန်ကြီးချုပ် အလက်ဇန္ဒားဗူဆစ်ကို ဘော့စနီးယားရှိ ဆရီဘရီနီကာ အစုလိုက်အပြုံလိုက် သေဆုံးသူများ အခမ်းအနားတွင် တိုက်ခိုက်ခံရသည့်အတွက် နှစ်နိုင်ငံအကြားဆက်ဆံရေးကို ထိခိုက်မည်မဟုတ်ဟူ၍ ဆားဘီးယားအစိုးရက စနေနေ့တွင် ပြောခဲ့သည်။

ဝန်ကြီးချုပ်ဗူဆစ်သည် အဆိုပါဝမ်းနည်းဖွယ်အခမ်းအနားမှ ပြန်လည်ရောက်ရှိလာပြီးနောက် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ၎င်းအနေဖြင့် ယခုကဲ့သို့ တိုက်ခိုက်မှုခံခဲ့ရသော်လည်း နှစ်နိုင်ငံကြား ပြန်လည်သင့်မြတ်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

အသတ်ခံခဲ့ရသော ဘော့စနီးယားမူဆလင်များ၏ အုတ်ဂူများသို့ ဆားဘီးယားဝန်ကြီးချုပ် သွားရောက်ပန်းခွေချစဉ် ၎င်းနှင့်ဆားဘီးယားချစ်ကြည်ရေး အဖွဲ့များထံသို့ အရာဝတ္ထုများနှင့် ပစ်ပေါက်ခြင်းခံခဲ့ရသည်။

ဒေါသထွက်နေသော လူအုပ်ကြီးက ခဲများ၊ ပုလင်းများဖြင့် ဆားဘီးယားချစ်ကြည်ရေးအဖွဲ့ထဲသို့ ပစ်ပေါက်ခဲ့ကြကြောင်း ဝန်ကြီးချုပ်ဗူဆစ်၏ ဦးခေါင်းကို ထိမှန်ခဲ့ပြီးနောက် ၎င်း၏မျက်မှန်ကျိုးသွားခဲ့ကြောင်း သတင်းထောက်များက ဖော်ပြခဲ့ကြသည်။

ယခုတိုက်ခိုက်မှုသည် သေချာပြင်ဆင်ထားသော တိုက်ခိုက်မှုမျိုးဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ဆားဘီးယားနှင့် ဘော့စနီးယားတို့ကြား အမှန်တကယ်တည်ဆောက်လိုသော ချစ်ကြည်ရေးကို လူအချို့က နားမလည်သည့်အတွက် ဝမ်းနည်းမိကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

(ဆင်ဟွာ)

## ၁၃ နာရီကြာ ဆွေးနွေးပြီးနောက် ဂရိကြွေးမြီကိစ္စ မအောင်မြင်

**ဘရပ်ဆဲလ် ဇူလိုင် ၁၂**

ဂရိနိုင်ငံ၏ ကြွေးမြီကိစ္စနှင့်ပတ်သက်၍ အီးယူဘဏ္ဍာရေးဝန်ကြီးများက ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ၁၃ နာရီကြာ ဆွေးနွေးခဲ့သော်လည်း သဘောတူညီချက်မရဘဲ အဆုံးသတ်သွားခဲ့သည်။ သို့သော်လည်း ဂရိကြွေးမြီအာမခံပေးရေးအစီအစဉ်ကို တနင်္ဂနွေနေ့တွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂဥက္ကဋ္ဌ ဒစ်ဆဲလ်ဘလွမ်း က တနင်္ဂနွေနေ့အစောပိုင်းတွင် ပြောသည်။

"ဂရိနိုင်ငံရဲ့ တင်ပြချက်တွေအပေါ် ကျွန်တော်တို့ အကျယ်တဝင့်ဆွေးနွေးခဲ့ကြပါတယ်။ အများယုံကြည်လက်ခံနိုင်စွမ်းရှိကြပါတယ်။ အများယုံကြည်လက်ခံနိုင်စွမ်းတွေကိုလည်း ဆွေးနွေးခဲ့ကြပါတယ်"ဟု ဒစ်ဆဲလ်ဘလွမ်းက ပြောသည်။

"ဒီကိစ္စက အခက်အခဲတော့ အများကြီးရှိပါတယ်။ ဒါပေမယ့် အောင်မြင်နိုင်တဲ့ အနေအထားကတော့ ရှိပါတယ်"ဟု၎င်းက ထပ်လောင်းပြောကြားသည်။ ဂရိကြွေးမြီကိစ္စအပေါ် လအတန်ကြာအကျေအလည် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် ဘဏ္ဍာရေးဝန်ကြီးများက ဘရပ်ဆဲလ်မြို့တွင် စနေနေ့က ဆွေးနွေးညှိနှိုင်းမှုများအပေါ် သဘောတူညီချက် တစ်ရပ်ရရှိမည်ဟု မျှော်လင့်ကြသည်။ ဂရိနိုင်ငံတွင် ကြွေးမြီပြဿနာကြောင့် လွန်ခဲ့သည့်နှစ်ပတ်က ဘဏ်များပိတ်ထားရသည်ဟု ဆိုသည်။

(ဆင်ဟွာ)



## အာဖဂန်တပ်ဖွဲ့၏ စစ်ဆင်ရေးကြောင့် စစ်သွေးကြွ ၂၀ သေဆုံး

**ကဘူးလ် ဇူလိုင် ၁၂**

ခွဲထွက်ရေး ပြည်နယ်များတွင်ဆင်နွှဲနေသော အာဖဂန်တပ်မတော်၏ စစ်ပွဲများကြောင့် စစ်သွေးကြွ ၂၀ ခန့် သေဆုံးခဲ့သည်ဟု နိုင်ငံ၏ကာကွယ်ရေးဝန်ကြီးဌာနမှ တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း အာဖဂန်တပ်မတော်၏ နိုင်ငံတစ်ဝန်း စစ်ဆင်ရေးဆင်နွှဲမှုကြောင့် ဒေသတွင်းသူပုန်ခေါင်းဆောင်အပါအဝင် တာလီဘန်စစ်သွေးကြွ၂၀ ခန့် သေဆုံးခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

စစ်သွေးကြွများ၏ ပစ်ခတ်မှုနှင့် မြေမြှုပ်မိုင်းများကြောင့် သံချပ်ကာတပ်မှ တပ်ဖွဲ့ဝင်ငါးဦးသေဆုံးခဲ့သည်။

တိုက်ပွဲများ ဖြစ်ပွားနေသော ပြည်နယ်များရှိ စစ်သွေးကြွများကို ရှင်းလင်းရန် အာဖဂန်လုံခြုံရေး တပ်ဖွဲ့ဝင်များ ကြိုးပမ်းလျက်ရှိသည်။

အာဖဂန် စစ်သွေးကြွများ ဘက်မှမူ မည်သည့်အကြောင်းအရာမျှ ပြောကြားခြင်းမရှိပေ။

(ဆင်ဟွာ)




## မက္ကဆီကိုတွင် နာမည်အကြီးဆုံး မူးယစ်ရာဇာလွတ်မြောက်

**မက္ကဆီကို ဇူလိုင် ၁၂**

မက္ကဆီကိုနိုင်ငံ၏ နာမည်အကြီးဆုံး မူးယစ်ရာဇာဖြစ်သည့် အယ်ချပိုဂုဇ်မန်းသည် မက္ကဆီကိုအလယ်ပိုင်းရှိ လုံခြုံရေးတင်းကျပ်ထားသောထောင်မှ ထွက်ပြေးလွတ်မြောက်သွားကြောင်း မက္ကဆီကိုနိုင်ငံ အမျိုးသားလုံခြုံရေးကော်မရှင်က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ဂုဇ်မန်းသည် လွန်ခဲ့သောနှစ်က မက္ကဆီကိုနိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၁၉၉၃ ခုနှစ်က ဖမ်းဆီးခံရပြီးနောက် ၎င်းသည် ၂၀၀၁ ခုနှစ်တွင် အကျဉ်းထောင်မှထွက်ပြေး လွတ်မြောက်ခဲ့သေးသည်။

ယခုတစ်ကြိမ် ထွက်ပြေးလွတ်မြောက်မှုတွင် ၎င်းကိုရှာဖွေရန် အယ်တီပလာနိုထောင်အနီးရှိ တူလိုကာလေဆိပ်မှ လေယာဉ်ပျံသန်းမှု ဆိုင်းငံ့ထားကြောင်း အမျိုးသားလုံခြုံရေးကော်မရှင်က ပြောသည်။

(ရိုက်တာ)

# ဖရူဆိုမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်/ကျေး ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**ဖရူဆို ဇူလိုင် ၁၂**

ကယားပြည်နယ် ဖရူဆိုမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အသက် (၁၉ နှစ်) အောက် ရပ်/ကျေး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဖရူဆိုမြို့နယ် ပရယ်လူဖုအားကစားကွင်း၌ ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

မြို့နယ်အလိုက် အားကစားပွဲများ ကျင်းပခဲ့ကြရာတွင် ဖရူဆိုမြို့နယ် အနေဖြင့် ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘောနှင့် အသက် ၁၉ နှစ်အောက် ရပ်/ကျေး ဘောလုံးပြိုင်ပွဲများကို ဇူလိုင် ၅ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ရာ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် မြို့မအသင်းနှင့် ဒီးဒါးကူး ရပ်ကွက် ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ မြို့မအသင်းကလေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။



ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ ပထမဆုရ မြို့မဘောလုံးအသင်းအား မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ကိုယ်စား ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက ရွှေတံဆိပ်ဆုနှင့် ဆုငွေ၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ **ဦးကျော် (ဖရူဆို)**

● *ကျောဖုံးမှ*

ဖိုင်နယ်တွင် နာမည်ကြီး ရန်ကုန်ကို အနိုင်ယူလာသည့် GFA အသင်းနှင့် ကစားရမည်ဖြစ်သည်။

MNL တွင် ကစားပုံမာကျောသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်၍ မကွေးရော ချင်းယူနိုက်တက်ပါ လူစုံထုတ်သုံးခဲ့သည်။ မကွေးအသင်းက ခြေသာသယောင် ရှိခဲ့သော်လည်း ဂိုးသွင်းခွင့်တွင် နှစ်သင်းစလုံး အပြန်အလှန်ရရှိခဲ့သည်။ ချင်းယူနိုက်တက်မှ ဆောင်လမန်နှင့် မက်သယူး၊ မကွေးအသင်းမှ မောင်မောင်စိုးနှင့် ဆယ်လာတို့ အပိုင်အခွင့်အရေးများ ရရှိခဲ့သော်လည်း အသုံးမချနိုင်၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းတွင် မကွေးအသင်းက အနိုင်ဂိုးရရှိရေးအတွက် တိုက်စစ်အားမြှင့်လာခဲ့ပြီး ချင်းအသင်းမှာ ခံစစ်ကို အသားပေးကစားခဲ့ရသည်။ ချင်းယူနိုက်တက်အသင်းမှာ မကွေးတိုက်စစ်ကို ၇၅ မိနစ်ကျော်အထိ တောင့်ခံနိုင်ခဲ့သော်လည်း ၇၉ မိနစ်တွင် ဂိုးပေးခဲ့ရသည်။ မကွေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို တိုက်စစ်မှူးဆယ်လာက သွင်းယူခဲ့ခြင်း ဖြစ်သည်။

(အောင်ဆန်းကွင်း)

**GFA -တစ်ဂိုး**
**(မိုက်ကယ်)**
**ရန်ကုန်ယူနိုက်တက်- ဂိုးမရှိ**

MNL အမှတ်ပေးပြိုင်ပွဲတွင် ပထမအကျော့၌ ၁၁ ပွဲစလုံး အနိုင်ရရှိထားသည့် ရန်ကုန်အသင်းမှာ ပထမတန်းကလပ် GFA ကို မထင်မှတ်ဘဲ ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။ GFA အတွက် အနိုင်ဂိုးကို ၅၉ မိနစ်တွင် မိုက်ကယ်က သွင်းယူပေးခဲ့သည်။

**ယနေ့ပွဲ**

(အောင်ဆန်းကွင်း)

ဖွဲ့ကပင်- ဇေယျာရွှေမြေ
(သုဝဏ္ဏ)
တက္ကသိုလ်လက်ရွေးစင်
- ရောဝတီ

# ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဗန်းမော် ဇူလိုင် ၁၂**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ဗန်းမော်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့်ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၁၂ ရက် ညနေ ၃နာရီက ခရိုင်အားကစားနှင့် ကာယပညာ ဦးစီးဌာနဘောလုံးကွင်း၌ ကျင်းပသည်။

ကွင်းဖွင့်ပွဲအဖြစ် မင်းကုန်းရပ်ကွက်နှင့် နောင်ခိုရပ်ကွက်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နောင်ခိုရပ်ကွက်ဘောလုံးအသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**ဝါဝါ (ဗန်းမော်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအတွင်း သံလွင်စစ်ဆင်ရေး စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်က မူးယစ်တပ်ဖွဲ့စု ၂၆ ပင်လောင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်း-တုန်ဟုန်းသွား ကားလမ်း၊ မိုင်တိုင်အမှတ် (၅၅) အနီး၌ တုန်ဟုန်းမှ ပင်လောင်းသို့ မောင်ငွေမောင်းနှင်ပြီး မောင်ဘဲလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကို ဖမ်းဆီးရမိသည်။

အလားတူ နမ့်စန်မြို့မှ လွိုင်လင်မြို့သို့ စိုင်းစွမ်းလီမိုး(ခ) စိုင်းမိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို လည်းကောင်း၊ ထို့အတူ မူးယစ်တပ်ဖွဲ့စု ၄၁ ရန်ကုန် (အရှေ့) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် (၆)လမ်း (၅)လွှာ အခန်းအမှတ် (၃၆၉/ဘီ) နေ ထက်နေဝင်း၏ နေအိမ်အိပ်ခန်းကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့်



၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ဝင်ဘယ်ဒန်တင်းနစ် အမျိုးသားတစ်ဦးချင်း ဂျိုကိုဗစ်ဗိုလ်စွဲ အမျိုးသမီးတစ်ဦးချင်း ဆီရီနာဝီလျံ ခြောက်ကြိမ်မြောက် ဆွတ်ခူး





**လန်ဒန် ဇူလိုင် ၁၂**

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲကို ဇူလိုင် ၁၂ ရက် ညပိုင်းက အစဉ်အလာပြိုင်ဘက်နှစ်ဦးဖြစ်သည့် ဂျိုကိုဗစ်နှင့် ဖက်ဒါးရားတို့ ယှဉ်ပြိုင်ကစားကြရာ ဂျိုကိုဗစ်က ၇-၆၊ ၆-၇၊ ၆-၄၊ ၆-၃ ဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ဝင်ဘယ်ဒန် တင်းနစ်အမျိုးသမီးတစ်ဦးချင်း ချန်ပီယံလုပွဲကို ဇူလိုင် ၁၁ ရက်က လက်ရှိ ကမ္ဘာ့အဆင့် (၁) နေရာယူထားသည့် ဆီရီနာဝီလျံနှင့် လက်ရှိကမ္ဘာ့အဆင့် (၂၀)ရှိသည့် စပိန်နိုင်ငံသူ ဂါဘိန်းမာဂူရူဇာတို့ ယှဉ်ပြိုင်ကစားကြရာ ဆီရီနာဝီလျံက မာဂူရူဇာကို ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိပြီး ဝင်ဘယ်ဒန်ချန်ပီယံဖလားကို သိမ်းပိုက်သွားပြီဖြစ်သည်။

အသက် ၃၃ နှစ်ရှိပြီဖြစ်သည့် ဆီရီနာအနေဖြင့် ၂၀၁၅ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် အသက်အကြီးဆုံး အမျိုးသမီးကစားသမားတစ်ဦးလည်းဖြစ်သည်။ ယခုပြိုင်ပွဲကို အနိုင်ရရှိခြင်းမှာ ခြောက်ကြိမ်မြောက် ဝင်ဘယ်ဒန်တင်းနစ် ချန်ပီယံဆုကို ရရှိခြင်းဖြစ်ပြီး ဝင်ဘယ်ဒန်ဖိုင်နယ်ပွဲစဉ်(၂၁) ပွဲထိ တက်ရောက်ခဲ့ဖူးသည်။ ယင်းဆုရရှိခြင်းကြောင့် သူ့အနေဖြင့် ကမ္ဘာ့အဆင့် နံပါတ်(၁)ကို ဆက်လက်ထိန်းထားနိုင်ခြင်းလည်း ဖြစ်သည်။ ၎င်း၏ပြိုင်ဘက် မာဂူရူဇာကလည်း "ဆီရီနာအတွက် ဂုဏ်ယူပါတယ်၊ ကမ္ဘာ့နံပါတ်(၁)ဆိုတာကို သူ့အနေနဲ့ ပြသလိုက်ခြင်း ဖြစ်ပါတယ်"ဟု ပြိုင်ပွဲအပြီးတွင် ပြောကြားသည်။ အသက် ၂၁ နှစ်ရှိ မာဂူရူဇာအနေဖြင့် ယင်းပြိုင်ပွဲတွင် ဆီရီနာကို ရှုံးနိမ့်ခဲ့သော်လည်း ၁၅ နှစ်အတွင်း ဝင်ဘယ်ဒန်ဖိုင်နယ်အဆင့် တက်ရောက်နိုင်သည့် စပိန်အမျိုးသမီး တင်းနစ်မယ်ဖြစ်သည်။

၎င်းတို့နှစ်ဦးသည် ၂၀၁၄ ခုနှစ် ပြင်သစ်အိုးပင်းတွင်လည်း ဆုံတွေ့ခဲ့ဖူးသည်။ **ဇင်နွယ်**

# ပင်စင်စား မိဘပြည်သူများသို့ ပန်ကြားချက်

ပင်စင်စားမိဘပြည်သူများအတွက် နိုင်ငံတော်မှ(၄/၂၀၁၅)မှစ၍ ခွင့်ပြုပေးခဲ့သည့် တိုးမြှင့်ပင်စင်လစာများအား မြန်မာ့စီးပွားရေးဘဏ်မှထုတ်ပေးလျက်ရှိရာ ပင်စင်ခံစားခွင့်ရှိသူ ၆၅၅၁၅၈ ဦးရှိသည့်အနက် (၁၀-၇-၂၀၁၅) ရက်နေ့အထိ (၄၇၃၈၅၇) ဦးထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့် တိုးမြှင့်ပင်စင်လစာများထုတ်ယူရန် ကျန်ရှိသော ပင်စင်စားမိဘပြည်သူများအနေဖြင့် မိမိတို့ထုတ်ယူနေသော မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ ဆက်သွယ်ထုတ်ယူကြပါရန် နှိုးဆော်အပ်ပါသည်။

ပင်စင်စားမိဘပြည်သူများအနေဖြင့် ပင်စင်လစာများထုတ်ယူရာတွင် အခက်အခဲများတွေ့ရှိပါက သက်ဆိုင်ရာဘဏ်ခွဲမန်နေဂျာများနှင့် ဘဏ်ဝန်ထမ်းအားလုံးသို့ ကိုယ်တိုင်တိုက်ရိုက်တွေ့ဆုံ၍ အကူအညီ တောင်းခံနိုင်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ကွန်ကာကပ်ဖ် ရွှေဖလားဘောလုံးပြိုင်ပွဲ ဂျမေကာ ကနေဒါကို အနိုင်ရရှိ

အမေရိကန်နိုင်ငံ၌ကျင်းပလျက်ရှိသည့် ကွန်ကာကပ်ဖ်ရွှေဖလား အုပ်စု(ခ)ဒုတိယပွဲစဉ်များကို ဇူလိုင် ၁၂ ရက်က ယှဉ်ပြိုင်ကစားရာ ဂျမေကာက ကနေဒါကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျမေကာနှင့်ကနေဒါတို့ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး ဂျမေကာအတွက် အနိုင်ဂိုးကို ပွဲချိန် မိနစ် ၉၀ တွင် အော်စတင်က သွင်းယူပေးခဲ့သည်။ အခြားအုပ်စုပွဲစဉ် ကော်စတာရီကာနှင့် အယ်လ်ဆာဗေဒိုတို့ပွဲမှာ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ အုပ်စု (ခ)တွင် ဂျမေကာက လေးမှတ်၊ ကော်စတာရီကာနှင့် အယ်လ်ဆာဗေဒိုတို့က နှစ်မှတ်စီနှင့် ကနေဒါက တစ်မှတ် ရရှိနေသည်။ **သီဟ**

**ဂျမေကာနှင့် ကနေဒါတို့ ပွဲတွင် ဂျမေကာမှ အော်စတင် အနိုင်ဂိုးကို ခေါင်းတိုက်သွင်းစဉ်။**



# လူပြောများသော အမှားများ

ကကက (မဟာဝိဇ္ဇာ)

*(ယမန်နေ့မှအဆက်)*

ထောင်ကျခြင်း၊ ရဟန်းဝတ်သွားခြင်း၊ နိုင်ငံခြားသားအဖြစ် ခံယူသွားခြင်း၊ မဲစာရင်းထပ်နေခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ယာယီသက်သေခံလက်မှတ်ကိုင်သူဖြစ်ခြင်း၊ စိတ်ပေါ့သွပ်သူဖြစ်ခြင်း၊ ကွယ်လွန်သွားခြင်းတို့ကြောင့် ကန့်ကွက်ကြောင်းတွေ့ရှိရသည်။ ကွယ်လွန်သူကို ကန့်ကွက်ခြင်းမှာ အများစုဖြစ်သည်။ အိမ်ထောင်စုစာရင်းတွင် ကွယ်လွန်သူကို တရားဝင်ဖျက်မထားလျှင် အခြေခံမဲဆန္ဒရှင်စာရင်းတွင် ပါဝင်မည်ကို လက်ခံဖို့လိုသည်။ သဘောပြောရလျှင် မဲစာရင်းအကြိမ်တစ်ရာပြုစုလည်း ကွယ်လွန်သူသည် အကြိမ်တစ်ရာပါနေမည်ဖြစ်သည်။ အဓိကကျသောအချက်မှာ မဲဆန္ဒရှင်မိသားစုက ကွယ်လွန်သူကို မဲစာရင်းမှ တရားဝင်ဖျက်ထားရန် လိုအပ်သည်ဆိုသော အချက်ဖြစ်သည်။

ဤသို့တရားဝင် ဖျက်မထားသော အကြောင်းအရင်းများအနက် စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းပြချက်တစ်ခုမှာ ၎င်းတို့၏ မိသားစုဝင်ကွယ်လွန်သူကို အိမ်ထောင်စုစာရင်းမှ ထုတ်မပစ်ရက်ခြင်း၊ လူမရှိတော့သော်လည်း နာမည်ကိုဆက်လက်ရှိနေစေလိုခြင်းဖြစ်ပါ၏။ ကွယ်လွန်သူ၏ ဓာတ်ပုံထောင်ထားပြီး အမွှေးနံ့သာထွန်းညှိပေးသော လူမျိုးခြားဓလေ့တစ်ခု၏ အငွေ့အသက်သည် အိမ်ထောင်စုဇယားအထိ ကူးစက်လာသည်ဟု ယူဆရပေသည်။

**မည်သို့ဖြစ်စေ… ကွယ်လွန်သူကို အိမ်ထောင်စုစာရင်းမှ မဖျက်သော်လည်း (ဤအထောက်အထားမရရှိသော်လည်း) ကာယကံရှင်မိသားစုဝင်တစ်ယောက်က ပုံစံ ၄ ဖြည့်ပြီး ဝန်ခံလက်မှတ်ရေးထိုးလျှင် မဲဆန္ဒရှင်စာရင်းမှ အလွယ်တကူဖျက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေလျှော့ပေးထားပြီးဖြစ်ကြောင်း သိရှိရပါသည်။**

ဤအမှား၏ ဇာစ်မြစ်သည် ကာယကံရှင်မဲဆန္ဒရှင်နှင့် သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့ကြားတွင် လုပ်ဆောင်ရမည့်အလုပ်ကို လုပ်မထားသော ပျက်ကွက်မှုဖြစ်သော်လည်း အခြေခံမဲဆန္ဒရှင် စာရင်းပြုစုရသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဗဟိုကော်မရှင်ဖြစ်သည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အထိ တက်၍ ဝေဖန်အပြစ်တင်သည်မှာ ဓမ္မဓိဋ္ဌာန်မကျဘဲ ပုဂ္ဂလဓိဋ္ဌာန်ကျနေပြီလားဟု သံသယဖြစ်ဖွယ်ကောင်းသည်။

**မဲဆန္ဒရှင်စာရင်းတစ်ခုတွင် အမည်မပါခြင်း၊ အချက်အလက်မှားခြင်း၊ မပါသင့်သူ ပါခြင်းဟူသော အမှားသုံးမျိုးသာရှိနိုင်ပေသည်။ အမည်မပါခြင်းမှာ မဲဆန္ဒရှင်၏ အခွင့်အရေးဆုံးရှုံးခြင်းဖြစ်၍ အရေးကြီးသည်။ ဦးစားပေးပြုပြင်ရမည့် အမှားဖြစ်သည်။ သို့ရာတွင် ပုံစံ -၃တိုင်းကို မျက်စိမှိတ်လက်ခံရန် မဆိုလိုပေ။ ဥပဒေပုဒ်မ ၆၊ ပုဒ်မ ၇ မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် အချက်အလက်ထည့်သွင်းခြင်း လက်စွဲစာစောင်တို့နှင့် ညီမညီစိစစ်ရန် လိုအပ်သည်။ ညီညွတ်မှုလက်ခံထည့်ပေးပြီး မညီညွတ်က ငြင်းပယ်ရပေမည်။**

အချက်အလက်မှားခြင်းမှာ မဲပေးခြင်းကိုမထိခိုက်သည့်အပြင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မဲရုံမှူးတို့ကိုပင် ပြင်ဆင်ခွင့်ပေးထားသောကြောင့် အမှားငယ်ဟု ဆိုအပ်သည်။ မပါသင့်သူပါနေခြင်းမှာလည်း အထိုက်အလျောက် အရေးကြီးသည်။ ကွယ်လွန်သူက မဲလာမပေးနိုင်သော်ငြား မဲပေးခွင့်မရှိသော အသက်ရှင်နေသူက မဲလာပေးလျှင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ဥပဒေပုဒ်မ ၇ ကို မလိုက်နာသော စေတနာအမှားဖြစ်သွားသကဲ့သို့ ပါတီအဖွဲ့အစည်းအချို့အနေဖြင့် နစ်နာစရာဖြစ်သွားနိုင်ပေသည်။



သို့ဖြစ်၍ ဤအဖြစ်မျိုးမရောက်ရလေအောင် အခြေခံမဲဆန္ဒရှင်စာရင်းကို ပြသကြေညာခြင်း၊ အမည်မပါလျှင် ပုံစံ - ၃ဖြင့် တောင်းဆိုစေခြင်း၊ အချက်အလက်မှားယွင်းနေလျှင် ပုံစံ ၄(က)ဖြင့် ပြင်ပေးရန် တောင်းဆိုစေခြင်း၊ မပါသင့်သူပါနေလျှင် ပုံစံ - ၄ဖြင့် ကန့်ကွက်စေခြင်းဖြစ်သည်။

ဤနေရာတွင် မီဒီယာသမားတစ်ယောက်၏စကားကို သတိရမိသည်။ ကော်မရှင်က မဲစာရင်းပြုစုရမယ့်သူ တာဝန်ရှိတာကို ပြည်သူတွေကို ပုံစံဖြည့်ခိုင်းပြီး ပြန်ခိုင်းနေတယ်ဟု အရပ်ထဲမှာ ပြောဆိုနေကြောင်းဖြစ်သည်။

ကော်မရှင်၏ မဲဆန္ဒရှင်စာရင်းပြုစုရေးတာဝန်ဆိုသည်မှာ (၁) ပုံစံ ၆၆/၆ကို အခြေခံ၍ မဲဆန္ဒရှင်စာရင်းပြုစုလိုက်ခြင်း၊ (၂) ယင်းမဲဆန္ဒရှင်စာရင်းကို သတ်မှတ်ရက်အတိုင်း ပြသကြေညာ၍ ပုံစံသုံးမျိုး တောင်းခံလွှာ၊ ကန့်ကွက်လွှာများ စုဆောင်းရယူခြင်း၊ (၃)ယင်းပုံစံများကို စိစစ်လက်ခံခြင်းနှင့် ပြင်ဆင်ခြင်း၊ (၄)ပြင်ဆင်ပြီး မဲဆန္ဒရှင်စာရင်း ထွက်လာခြင်း---ဟူသည့် အစိတ်အပိုင်းအားလုံး အကျုံးဝင်သည်။ မဲဆန္ဒရှင်တို့ပုံစံဖြည့်ခြင်းသည် ကော်မရှင်အဖွဲ့ခွဲက မဲဆန္ဒရှင်စာရင်းပြုစုခြင်း၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။

လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ ၉ တွင် "---မဲစာရင်းများကို ကြေညာပြီးနောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ မရှိကို လာရောက်ကြည့်ရှုရန် တာဝန်ရှိသည်။ မိမိအမည်ပါဝင်ခြင်း မရှိသေးပါက မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ -၃ဖြင့် သက်ဆိုင်ရာ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းနိုင်သည်---"ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ပြည်သူကို ပြင်ခိုင်းခြင်းမဟုတ်ဘဲ တာဝန်အရ ပူးပေါင်းဆောင်ရွက်ရန် ကြေညာခြင်းမျှသာ ဖြစ်ပေသည်။

**အထက်ပါမဲဆန္ဒရှင် စာရင်းပြုစုခြင်းတာဝန်၏ အစိတ်အပိုင်းများအနက် နောက်ဆုံးအစိတ်အပိုင်းဖြစ်သော ပြင်ဆင်ပြီး မဲဆန္ဒရှင်စာရင်း ထွက်လာခြင်းမှာ၊ ရွေးကောက်ပွဲကော်မရှင်က ရယူလိုသော ရလဒ်ဖြစ်သည်။ ပြုစုပြီးသော မဲဆန္ဒရှင်စာရင်းသည် ဆေးမစားမီပုံဖြစ်၍ ပြင်ဆင်ပြီးသော မဲဆန္ဒရှင်စာရင်းမှာ ဆေးစားပြီးပုံဖြစ်သဖြင့် အထိုက်အလျောက် ပြည့်စုံမှန်ကန်လာသော မဲဆန္ဒရှင်စာရင်းဟု ဆိုနိုင်သည်။**

ဤမဲဆန္ဒရှင်စာရင်းဖြင့် ၂၀၁၅ ရွေးကောက်ပွဲအတွက် အပြီးသတ်မဲဆန္ဒရှင်စာရင်းကို အချောကိုင်ရန် ရည်ရွယ်သော်လည်း ပါတီအဖွဲ့အစည်းတို့၏ ထုတ်ပြန်ပြောဆိုချက်၊ မီဒီယာများ၏ ရေးသားဖော်ပြချက်၊ အမှားရာခိုင်နှုန်းကြောင့် ပုံစံလက်ခံရက်ကို ၁၀. ၇. ၂၀၁၅ ရက်နေ့အထိ အချိန်တိုးပေးခဲ့ရသဖြင့် ယခုထက်တိုင် ပြင်ဆင်ပြီး မဲဆန္ဒရှင်စာရင်းချုပ်ကို မရနိုင်သေးပေ။ ရွေးကောက်ပွဲကော်မရှင်က သူ့အချိန်ဇယား၊ သူ့ခြေလှမ်း၊ သူ့စီမံချက်အတိုင်းသွားနေသည်ကို အပြသဘောထက် အဖျက်သဘော(မရည်ရွယ်ဘဲ) သက်ရောက်သွားလေသလားဟု အတွေးလွန်မိသည်။

မိမိညွှန်ပြလိုသောအချက်မှာ ရွေးကောက်ပွဲရက်ကြေညာပြီးဖြစ်သဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ရွေးကောက်ပွဲလုပ်ငန်းစဉ် (Electoral Process) ကို အချိန်ဘောင် (Time Frame) ရေးဆွဲကာ စနစ်တကျ ဆောင်ရွက်ရတော့မည့် အချိန်အခါတိုင်ပြီဟူသော အချက်ဖြစ်သည်။

နည်းဥပဒေ ၁၁ (ဃ)တွင် "သက်ဆိုင်ရာရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေခွဲ (က)တွင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြား (မှတ်ချက်။ ၁၄ ရက် ဖြစ်ပါသည်။) ထက်ကျော်လွန်သော တောင်းဆိုလွှာ (သို့မဟုတ်) ပြင်ဆင်လွှာ (သို့မဟုတ်)ကန့်ကွက်လွှာကို လက်ခံခြင်းမပြုရ"ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ ပုံစံလက်ခံခြင်းကို ဖြတ်တန်းကဖြတ်၊ ရပ်တန်းက ရပ်ချိန်တန်ပါပြီဟူသော အချက်ဖြစ်သည်။

**မဲဆန္ဒရှင်များအနေဖြင့် အပြီးသတ်မဲစာရင်းကို ပြသကြေညာချိန်တွင် ပုံစံတင်သွင်းသော အခွင့်အရေးကို ထပ်မံရရှိဦးမှာဖြစ်သကဲ့သို့ ပြုစုဆဲ အခြေခံမဲဆန္ဒရှင်စာရင်းကို သဲကြီးမဲကြီးလိုက်ခဲ့သော ပါတီများအနေဖြင့် ၎င်းတို့ပါတီ၏ ကိုယ်စားလှယ်လောင်းများအတွက် အပြီးသတ်မဲဆန္ဒရှင်စာရင်းတစ်စုံကို ဥပဒေအရ အခမဲ့ကူးယူနိုင်သော အခွင့်အရေးလည်း ရရှိမည်ဖြစ်သည်။**

မိမိတို့သည် ရွေးကောက်ပွဲရက်သိရှိပြီး ဖြစ်ကြသောကြောင့် ရွေးကောက်ပွဲကာလအတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းများအပေါ်တွင် အာရုံစူးစိုက်ထားရတော့မည်ဖြစ်သည်။ လူတိုင်းအဖွဲ့အစည်းတိုင်း ရရှိမည့် အခွင့်အရေးများရှိသလို ထိုအခွင့်အရေးရရှိရန် လုပ်ဆောင်ရမည့် တာဝန်များရှိသည်ကိုလည်း သတိချပ်ရပါမည်။

ရွေးကောက်ပွဲဝန်ဆောင်မှု (Electoral Service) ပေးသော ကော်မရှင်အဖွဲ့ခွဲတို့သည် အပြီးသတ်မဲဆန္ဒရှင်စာရင်းကို အခြေခံမဲဆန္ဒရှင်စာရင်းအား အခြေပြုလျက် အတတ်နိုင်ဆုံးပြည့်စုံမှန်ကန်အောင် ပြုစုရန်နှင့် လိုအပ်သော အုပ်ချုပ်ထောက်ပံ့မှုကိစ္စ ဖြည့်ဆည်းပေးရန်မှာ ရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဖြစ်သည်။ အပြီးသတ်မဲဆန္ဒရှင်စာရင်း ပြသကြေညာထားချိန်တွင် ကြည့်ရှုဖြစ်အောင် ကြည့်ရှု၍ လိုအပ်သောပုံစံများ တင်သွင်းရန်မှာ မဲဆန္ဒရှင်တို့၏ တာဝန်ဖြစ်သည်။

မိမိတို့စည်းရုံးထားသော မဲဆန္ဒရှင်များ၏အမည် မဲစာရင်းတွင်ပါဝင်မှ မိမိတို့မဲရမည်ဖြစ်၍ မိမိတို့စည်းရုံးထားသူများ မဲဆန္ဒရှင်စာရင်းကို သွားကြည့်ရန်နှင့် လိုအပ်သော တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ၊ ကန့်ကွက်လွှာများ အချိန်မီတင်သွင်းစေရန်၊ စည်းရုံးကြရန်မှာ နိုင်ငံရေးပါတီတို့၏ တာဝန်ဖြစ်သည်။ ဤသို့လျှင် သုံးဦးသုံးဖလှယ် တာဝန်ကျေပွန်ကြခြင်းဖြင့် ၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သော အပြီးသတ်မဲဆန္ဒရှင်စာရင်းရရှိအောင် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

**မိမိတို့ မဲရမည်ဖြစ်၍ မိမိတို့စည်းရုံးထားသူများ မဲဆန္ဒရှင်စာရင်းကို သွားကြည့်ရန်နှင့် လိုအပ်သော တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ၊ ကန့်ကွက်လွှာများ အချိန်မီတင်သွင်းစေရန်၊ စည်းရုံးကြရန်မှာ နိုင်ငံရေးပါတီတို့၏ တာဝန်ဖြစ်သည်။ ဤသို့လျှင် သုံးဦးသုံးဖလှယ် တာဝန်ကျေပွန်ကြခြင်းဖြင့် ၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သော အပြီးသတ် မဲဆန္ဒရှင်စာရင်းရရှိအောင် ကြိုးပမ်းကြပါစို့**



## သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများအကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီတွင် တောင်လုံးပြန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေး၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးဥက္ကဋ္ဌ ဒေါ်ဝေညိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ NGO နှင့် ရပ်မိရပ်ဖများတက်ရောက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေးဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌ ဒေါက်တာအောင်မိုး၊ မြို့နယ်အတွင်းရေးမှူး ဦးဝင်းလှိုင်၊ မြို့နယ်ကျန်းမာရေးဆရာမ ဒေါ်မေရီစိုးတို့က သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်မှတစ်ဆင့် တခြားဖြစ်ပွားတတ်သော ရောဂါများအကြောင်းကို ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

# နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်



**နေပြည်တော် ဇူလိုင် ၁၂**

ရခိုင်ပြည်နယ်တွင် ဖွန်နောက်ဆုံး အပတ်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ လှူဒါန်းသော ရေဘေးသင့်ပြည်သူများအတွက် လတ်တလော လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများကို ရန်ကုန်မြို့မှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ရာ ယနေ့ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် စစ်တွေလေဆိပ်သို့ ရောက်ရှိသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ ဆောင်၌ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစံရွှေအောင်နှင့်တာဝန်ရှိသူများက ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးထံ ထောက်ပံ့ရေးပစ္စည်းများဖြစ်သော စောင်အထည် ၄၀၀၀၊ ခြင်ထောင်အထည် ၄၀၀၀၊ စားဆီ ၁၆ ပီပါ၊ ဆန်အိတ် ၂၀၀၀၊ ပဲအိတ် ၁၂၀၊ Solar မီးအိမ် ၇၀၀၊ Family Kit အထုပ် ၇၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ရခိုင်ပြည်နယ်တွင် မိုးလျော့နည်းမည်

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရေးမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ မိုးမိတ်မြို့နှင့် သထုံမြို့တို့တွင် ၂ ဒသမ ၃၂ လက်မစီ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၁၂ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၁ ဒသမ ၆၈ လက်မနှင့် စစ်တွေမြို့တွင် ၁ ဒသမ ၆၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးလျော့နည်းနေမည်။

# ကြက်ပျံမကျ တိုးမပေါက်အောင် စည်ကားသိုက်မြိုက်ခဲ့သည့် မှော်ဝန်းတံတားဖွင့်ပွဲကြားက ဝမ်းသာပီတိစကားသံများ

ကြက်ပျံမကျ စည်ကားသိုက်မြိုက်သည့် မြင်ကွင်းမျိုးကို မြင်တွေ့နိုင်ရန်မှာ အလွန်ပင် ခက်ခဲလှသည်။ ထိုသို့ ကြက်ပျံမကျ စည်ကားသည့် မြင်ကွင်းကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင်ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ မှော်ဝန်းတံတားဖွင့်ပွဲအခမ်းအနားတွင် အံ့သြဘနန်း မြင်တွေ့လိုက်ရသည်။

မှော်ဝန်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီးသည်နှင့် ကျောက်တန်းမြို့၏ ဟိုဘက်ကမ်းတောင်ဘက်ခြမ်းကျေးရွာများနှင့် သည်ဘက်ကမ်းမြောက်ဘက်ခြမ်းကျေးရွာများရှိ သောင်းနှင့်ချီသော ဒေသခံပြည်သူများသည် တံတားကြီးပေါ်တွင် တိုး၍မပေါက်အောင် ဗိုတ်ဆို့သွားသည်။

**တွေ့ဆုံမေးမြန်း**
**ဝင်းဝင်းမော်၊ နေလင်း**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**



ဦးမြင့်စိုး



ဦးအောင်ကျော်ခင်



ဆရာမဒေါ်ဌေးရီ



ဦးကြည်ဝင်း



ကိုသန်းဌေး

၎င်းမှော်ဝန်းတံတား ဖွင့်လှစ်နိုင်ခြင်းသည် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်နှင့် ဆက်စပ်ကျေးရွာအုပ်စုများအတွက် ကြီးမားကျယ်ပြန့်သော ဖွံ့ဖြိုးတိုးတက်မှု၏ ကနဦးအစသာ ဖြစ်ပေလိမ့်မည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဒေသခံပြည်သူများအား နှုတ်ခွန်းဆက်အမှာစကားတွင် ၎င်းဒေသ၏ ကြီးမားသော အခွင့်အလမ်းနှင့် အနာဂတ်မျှော်မှန်းချက်များကို ထည့်သွင်း ပြောကြားခဲ့ပေသည်။ သို့ဖြင့် မှော်ဝန်းတံတားဖွင့်ပွဲအခမ်းအနားတွင် ဒေသခံပြည်သူများ၏ ဝမ်းသာပီတိစကားသံများကို ကောက်နုတ်စုစည်းတင်ပြလိုက်ပါသည်။

**ဦးမြင့်စိုး**
**(ချောင်းဝကျေးရွာ-အုပ်ချုပ်ရေးမှူး)**

ကျွန်တော်က လယ်ယာလုပ်ငန်းလုပ်ကိုင်ပါတယ်။ အခု ဒီတံတားကြီး ဆောက်လုပ်ပြီးချိန်က စပြီးတော့ ကျေးရွာလူတွေက ရန်ကုန်ကို ကားနဲ့သွား ဈေးဝယ်လို့ရပြီ။ အရင်တုန်းကတော့ စက်လှေတွေ အသုံးပြုပြီး သွားလာရတယ်။ ရေလမ်းဆိုတော့ အခက်အခဲတော့ ရှိပါတယ်။ ကိုယ်သွားချင်တိုင်းသွားလို့မရဘူး။ အခုဆိုရင် ကားလမ်းတွေ ဖောက်တဲ့အခါ ချောင်းဝကနေ ကျောက်တန်းကို ဆိုင်ကယ်နဲ့သွားသွား၊ ကားနဲ့သွားသွား သွားလို့ရတယ်။ ဒီတံတားကြီး ဆောက်လုပ်တဲ့အတွက် ရန်ကုန်အရောက် တိုက်ရိုက်သွားနိုင်ပြီး ကျေးရွာပြည်သူတွေအတွက် အလွန်ပဲ အကျိုးကျေးဇူးရှိပါတယ်။ မြန်မြန်ဆန်ဆန်နဲ့ အဆင်ပြေပြေ သွားလာနိုင်ပါပြီ။ အရင်ကဆို သီးနှံ၊ ဆန်စပါးတွေကို ပို့မယ်ဆိုရင် ကျောက်တန်းကို စက်လှေနဲ့ အရင်ပို့ရတယ်။ ကျောက်တန်းကနေ တစ်ဆင့် သန်လျင်နဲ့ ရန်ကုန်ကို တစ်ဆင့်ထပ်ပို့ရတယ်။ အခုကတော့ ကားနဲ့ သန်လျင်ပို့မလား၊ ရန်ကုန်ပို့မလား ကြိုက်တာပို့လို့ရနေပါပြီ။ ချောင်းဝက တံတားကြီးနဲ့ ၂၅ မိုင်လောက် ဝေးပါတယ်။ အရင်က ဒီဘက်ကို လာချင်ရင် သုံးခွဘက်ကပတ်ပြီး လာရတယ်။ ရန်ကုန်တို့၊ သန်လျင်တို့ကို ဘုရားကုန်းလမ်းဆိုကနေခဲ့ပြီး သွားရတယ်။ အခု ဒီတံတားဖွင့်တာကြောင့် လွယ်လင့်တကူသွားလာလို့ရပြီ။

**ဦးအောင်ကျော်ခင် (ကျောက်တန်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

အရင်တုန်းက ဒီကျောက်တန်းဒေသဟာ ချောင်းမြောင်းတွေလည်း ပေါတယ်။ နောက်ပြီး မိုးလည်းများတယ်။ သွားလာရခက်ခဲတဲ့ ဒေသဖြစ်ပါတယ်။ အခုတော့ တံတားကြီးထိုးလိုက်တော့ ဒေသခံတွေက အတိုင်းမသိ ဝမ်းသာရတာပေါ့။ အိပ်မက်တွေ အကောင်အထည်ဖော်နိုင်တဲ့ အိပ်မက်တံတားလို့တောင် ပြောလို့ရပါတယ်။ ယခင်ကတော့ ရေလမ်းပဲ အသုံးပြုသွားနေရတာ။ ရေလမ်းဆိုတာက မှော်ဝန်းချောင်းကို အဓိကထားတယ်။ ခရီးစဉ်တစ်ခုကို သွားရင် တစ်နာရီ၊ နှစ်နာရီလောက် အချိန်ယူရတယ်။ တံတားမြို့နယ်နဲ့ သူနဲ့အကျုံးဝင်တဲ့ ကျေးရွာတွေ ကျောက်တန်း၊ ရန်ကုန်၊ သန်လျင်သွားမယ်ဆိုရင် ရေလမ်းမှာ ရေတက် ရေကျစောင့်ပြီးမှ သွားရတယ်။

အခုဆိုရင်တော့ တံတားမြို့နယ်သွားမယ်ဆိုရင် နာရီဝက်၊ ၄၅ မိနစ်လောက်ဆိုရောက်ပြီ။ နောက်ဒေသကထွက်တဲ့ ကောက်ပဲသီးနှံဆန်စပါးတွေ ပို့ဆောင်တဲ့အခါ ဒီတံတားကြီးကို အသုံးပြုပြီး အချိန်တိုတိုနဲ့သွားလာနိုင်ပြီ။ ပညာရေးနဲ့ပတ်သက်လာရင်လည်း ကျောင်းသား ကျောင်းသူတွေ နည်းပညာတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်တွေကို အချိန်တိုအတွင်း သွားလာတက်ရောက်နိုင်ပြီဖြစ်တယ်။ ဒေသအတွက် အများကြီးအကျိုးရှိတယ်။ ဖွံ့ဖြိုးမှုအတွက်လည်း အလွန်ပဲ အထောက်အကူပြုပါတယ်။

အရင်ကဆို တံတားမြို့နယ်အပါအဝင် အကျုံးဝင်ကျေးရွာတွေက သုံးခွကနေ ရန်ကုန်-သန်လျင်ကို မိုင် ၃၀ ခရီးသွားရတယ်။ နှစ်နာရီ၊ သုံးနာရီသွားရတယ်။ အခုဆို သုံးခွဘက် ပတ်နေစရာ မလိုတော့ဘူး။ ဒီတံတားပေါ်ကနေ ကျောက်တန်း၊ သန်လျင်ကိုသွားလို့ရပြီ ဖြစ်တယ်။ ဒါကြောင့် ပြောချင်တာက နိုင်ငံတော်ကို အများကြီး ကျေးဇူးတင်ပါတယ်။ အစိုးရသစ်လက်ထက်မှာ ဒေသဖွံ့ဖြိုးအောင် ဖော်ဆောင်ပေးတဲ့အတွက် တကယ်ကို ကျေးဇူးတင်ပါတယ်။ ယခင်ကလည်း ဒီမှာ ဒီတံတားနေရာမှာ လမ်းအူကြောင်းရှိထားတယ်။ အခု အစိုးရသစ်လက်ထက်မှာ နိုင်ငံတော်ရဲ့ ငွေကြေးတွေ အကုန်အကျခံပြီး ဆောက်လုပ်ပေးခဲ့တဲ့အတွက် ဒေသခံပြည်သူတွေကိုယ်စား နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။

**ဆရာမဒေါ်ဌေးရီ အလယ်တန်းကျောင်းအုပ်(ကျောက်တန်း)**

တံတားလည်းထိုး၊ လမ်းလည်းကောင်းသွားတော့ ကျောင်းသားကျောင်းသူတွေနဲ့ ဝန်ထမ်းတွေအတွက် သွားရေးလာရေး အဆင်ပြေသွားတယ်။ အချိန်မီ အစည်းအဝေးတွေ တက်နိုင်တယ်။ သတင်းပို့လိုက်တာနဲ့ ချက်ချင်းသွားနိုင်လာနိုင်တယ်။ အရင်တုန်းက ဒီဘက်က သွားရေးလာရေးအဆင်မပြေဘူး။ ဒီဘက်ကနေ ကျောက်တန်းသွားမယ်ဆိုစက်လှေနဲ့သွားရတယ်။ ပညာသင်ကြားနေတဲ့ ကလေးတွေအတွက်လည်း သွားရေးလာရေး အလွန်ခက်ခဲတယ်။ အခုလိုအချိန်တိုအတွင်းမှာ လမ်းတွေကောင်းပြီး တံတားကြီးဆောက်ပေးလိုက်တော့ အားလုံးအတွက် သွားရေးလာရေးအဆင်ပြေသွားတာပေါ့။

**ဦးကြည်ဝင်း (လယ်သမား-ပုတ္တလုပ်ကျေးရွာ)**

အရင်ကဒီကနေ ကျောက်တန်းကို သွားမယ်ဆို ရေလမ်းခရီးက ခြောက်နာရီလောက်ကြာအောင် မော်တော်စီးသွားရတယ်။ မိုးရာသီဆိုရင် မော်တော်နဲ့ သွားရတော့ မိုးကရွာ လေကထန်တော့ အသက်အန္တရာယ်တောင် စိုးရိမ်ရတယ်။ စပါးတွေကိုလည်း မော်တော်နဲ့ ကျောက်တန်းကိုပို့၊ ကျောက်တန်းကနေ ရန်ကုန်ကိုပို့ အဆင့်ဆင့်ဖြစ်ပြီးတော့ အချိန်လည်းကုန်၊ လူလည်း ပန်းပါတယ်။ အခုလမ်းကလည်း ကောင်းသွားပြီ၊ တံတားကလည်း ထိုးပြီးသွားပြီဆိုတော့ ကျောက်တန်းတို့၊ ရန်ကုန်တို့ကို ကားနဲ့အချိန်တိုအတွင်း တိုက်ရိုက်သွားလို့ရသွားပြီ။ လယ်သမားတွေ စပါးဈေးကွက်ကအစ ဈေးကွက်အခြေအနေကို ချက်ချင်းသိနိုင်ပြီ။

**ကိုသန်းဌေး (မင်္ဂလွန်းရွာ)**

ရန်ကုန်ကို သွားရင် သုံးခွဘက်ကနေ သွားရင်သွား၊ မသွားရင် ဒီကနေ စက်လှေစီးပြီး ကျောက်တန်းကိုသွား၊ ကျောက်တန်းကနေ တစ်ဆင့် ရန်ကုန်သွားရတယ်။ အခုတံတားဆောက်လုပ် ဖွင့်လှစ်ပေးတော့ ဖြတ်လမ်းသဘောမျိုး ဖြစ်သွားပြီး ခရီးက တအားနီးသွားတယ်။ နေ့ည အချိန်မရွေးသွားလို့ရသွားတယ်။ ဒီဘက်မှာက မိုးစပါးစိုက်တယ်၊ နွေကျမှ ပဲစိုက်တယ်။ ကုန်စည် ပို့ဆောင်ရေးက ရေလမ်းကိုပဲ အားကိုးရတာ။ ရေလမ်းက တစ်ဆင့် မော်တော်နဲ့သယ်ရတာ။ ရန်ကုန်ကို တိုက်ရိုက်ပို့ဖို့ခက်ခဲတယ်။ အခုကျကားနဲ့ တစ်ခါတည်း ပို့လို့ရသွားပြီ။

# ကျောက်တန်းဒေသကို စိုက်ပျိုးရေးသာမက စက်မှုလုပ်ငန်းများဖွံ့ဖြိုးသည့်ဒေသဖြစ်အောင် ဆောင်ရွက်သွားမည်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ဝန်းတံတားဖွင့်ပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ရန်ကုန် ဇူလိုင် ၁၂

**ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာနှင့် ပန်းချောင်းကျေးရွာသို့ မော်ဝန်းချောင်းကို ဖြတ်သန်းတည်ဆောက်ထားသည့် မော်ဝန်းတံတားဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတံတားအနီးရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

တံတားဖွင့်ပွဲ အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊



**မော်ဝန်းတံတားဖွင့်ပွဲတွင် ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်မှ မြို့နယ်စာရေးဆရာ အသင်းနာယက ဦးစိုးဝင်း ကျေးဇူးတင်စကား ပြောကြားစဉ်။**

ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂမှ ဌာနေကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဘက်စုံထူးချွန်လူငယ်များ၊ ကင်းထောက်လူငယ်မောင်မယ်များ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်မှ အငြိမ်းစားကျောင်းဆရာ၊ မြို့နယ်စာရေးဆရာ အသင်းနာယက ဦးစိုးဝင်း၊ ခနောင်ကျေးရွာမှ ရပ်မိရပ်ဖ ဦးမြင့်ဆွေနှင့် ဝဲကြီးကျေးရွာမှ ဒေါ်ဝင်းဝင်းမော်တို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း အဓိက ဆန်စပါးထုတ်လုပ်ရာဒေသဖြစ်သည့် ကျောက်တန်းမြို့နယ်ရှိ မော်ဝန်းချောင်းကြောင့် တောင်ပိုင်းနှင့်မြောက်ပိုင်းဟုကွဲပြားပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် အခြေအနေ၊ တောင်ဘက်ခြမ်းဒေသရှိ ကျေးရွာများအနေဖြင့် ကျောက်တန်းမြို့သို့ သွားရောက်ရန်အတွက် ရေလမ်းခရီးဖြင့်လည်းကောင်း၊ သုံးခွမြို့မှတစ်ဆင့် ကုန်းလမ်းခရီးဖြင့် ၃၇ မိုင်ကိုလည်းကောင်း အဆင့်ဆင့် သွားရောက်နေရသဖြင့် ဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုစီးပွားအခြေအနေများ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ယခု မော်ဝန်းတံတား တည်ဆောက်ပြီးစီးမှုကြောင့် ကျောက်တန်း၊ သန်လျင်မှတစ်ဆင့် ရန်ကုန်မြို့သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျောက်တန်းဒေသတွင် လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးမြေများသို့ ပင်လယ်ရေငန် ဝင်ရောက်မှုကို ကာကွယ်ပေးနိုင်ရေးတို့အား ဆက်လက် ဆောင်ရွက်ပေးပါရန်၊ နိုင်ငံတော်သမ္မတအနေဖြင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လာမည့်နှစ်များတွင်လည်း ဆက်လက်အကောင်အထည်ဖော်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ကျောက်တန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ အနာဂတ်စီမံချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကျောက်တန်းမြို့နယ်သည် ရန်ကုန်မြို့နေလူဦးရေ ခုနစ်သန်းခန့်အတွက် စားနပ်ရိက္ခာ အဓိကထုတ်လုပ်ပေးနေသည့် ဒေသဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေခဲ့ကြောင်း၊ ထို့ကြောင့် ကျောက်တန်းမြို့နယ် တောင်ဘက်

စာမျက်နှာ ၉ သို့






## ဖဲကြိုးဖြတ်ဖွင့်

မော်ဝန်းတံတားကို ဘက်စုံပညာထူးချွန်လူငယ် မောင်သီဟဇော်၊ ကင်းထောက်လူငယ် မသင်းသင်းလှိုင်နှင့် ၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင် မမေရတနာဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

မော်ဝန်းတံတားဖွင့်ပွဲတွင် နိုင်ငံတော်သမ္မတအား ကြိုဆိုကြသည့် ဒေသခံပြည်သူများကို တွေ့ရစဉ်။

*စာမျက်နှာ ၈ မှ*

ခြမ်းရှိ ကျေးရွာအုပ်စု ၃၂ စု၊ ကျေးရွာပေါင်း ၄၅ ရွာ၊ လူဦးရေ ရှစ်သောင်း၏ လူမှုစီးပွားဘဝနှင့် ပညာရေး၊ ကျန်းမာရေးအခြေအနေများ တိုးတက်မြင့်မားစေရန်အတွက် ယခုမော်ဝန်းတံတားကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ကျောက်တန်းမြို့နယ်တွင် လမ်းပန်းဆက်သွယ်မှု အခက်အခဲအပြင် မိုးရာသီ ရေကြီးရေလျှံမှု၊ ပင်လယ်ဆားငန်ရေ ဝင်ရောက်မှုများနှင့်လည်း ရင်ဆိုင်နေရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေတားတမံနှင့် လမ်းအဖြစ် ပူးတွဲအသုံးပြုနိုင်သည့် ပင်လယ်ရေတားတမံကို ကျောက်တန်းဒေသတောင်ပိုင်း ပင်လယ်ကမ်းခြေတစ်လျှောက်တွင် တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း။

ထို့ပြင် ပဲခူးမြစ်မှ ရေချိုကို အသုံးပြုပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လည်း စီမံချက်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသည် ဒေသတွင်း စိုက်ပျိုးရေးနှင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အဆင့်မြင့်နည်းပညာသုံး ကျောက်မီးသွေးစက်ရုံကို တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နောင်ရှာဖွေတွေ့ရှိသည့် သဘာဝဓာတ်ငွေ့များကိုလည်း ပြည်တွင်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အဓိကထားအသုံးပြုသွားမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးအသုံးပြုရာ၌ မိမိဂျပန်ပြည်ခရီးစဉ်တွင် လေ့လာတွေ့ရှိခဲ့သည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် နည်းစနစ်များကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံတွင် ကျောက်မီးသွေးစက်ရုံများ ပတ်ဝန်းကျင်၌ မြို့ရွာများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတည်ရှိပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေကြောင်း။

မွန်ဂိုလီးယားနိုင်ငံတွင်လည်း မြို့တော် အူလန်ဘာတာ လူနေရပ်ကွက်များအတွင်းတွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသုံးခုရှိပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိ၊ မီးခိုးမထွက်ဘဲ လည်ပတ်နေသည်ကို လေ့လာသိရှိရကြောင်း၊ ကျောက်တန်းဒေသကို သီလဝါအထူးစီးပွားရေးဇုန်နှင့် လည်းကောင်း၊ စစ်တောင်းမြစ်ကိုဖြတ်ပြီး မွန်ပြည်နယ်နှင့်လည်းကောင်း ဆက်စပ်ပြီး စိုက်ပျိုးရေးသာမက အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည့် ဒေသဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မော်ဝန်းတံတားကို ဘက်စုံပညာ ထူးချွန်လူငယ် မောင်သီဟဇော်၊ ကင်းထောက်လူငယ် မသင်းသင်းလှိုင်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ငါးဘာသာဂုဏ်ထူးရှင်မမေရတနာဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မော်ဝန်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများသည် တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ဝန်းတံတားဖွင့်ပွဲတွင် ရဟန်းသံဃာတော်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

မော်ဝန်းတံတားသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျောက်တန်း-ဝဲကြီး-သုံးခွ ကားလမ်းပေါ်တွင်တည်ရှိပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဆောက်လုပ်ရေး အထူးအဖွဲ့(၁၆)က စတင်တည်ဆောက်ခဲ့သည်။

တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် တံတားကိုယ်ထည်နှင့် တံတားအပေါ်ထည်မှာ အာရ်စီကွန်ကရစ် တံတားဖြစ်ပြီး တံတားပေအရှည် ၉၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ ပေ ၆ လက်မ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၉၀ နှင့် အမြင့် ၁၅ ပေ၊ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

**အစိုးရအနေဖြင့် ရေတားတမံနှင့် လမ်းအဖြစ် ပူးတွဲအသုံးပြုနိုင်သည့် ပင်လယ်ရေတားတမံကို ကျောက်တန်းဒေသတောင်ပိုင်း ပင်လယ်ကမ်းခြေတစ်လျှောက်တွင် တည်ဆောက်ပေးသွားမည်။**

အဆိုပါ တံတားမဖွင့်လှစ်မီက တံတားမြို့နှင့် ကျောက်တန်းမြို့နယ် တောင်ဘက်ခြမ်းရှိ မုတ္တမပင်လယ်ကွေ့မှ ကျေးရွာပေါင်း ၄၅ ရွာ၊ အိမ်ထောင်စုပေါင်း ၂၀၄၂၄ စု၊ လူဦးရေ ၈၁၄၇၈ ဦးတို့သည် ကျောက်တန်းမြို့နှင့် သန်လျင်မြို့တို့ကို သွားရောက်နိုင်ရန် မော်ဝန်းချောင်းကြီး ခြားနေသဖြင့် သုံးခွမြို့မှတစ်ဆင့်မိုင်ပေါင်း ၃၇ မိုင်ကျော်ကိုကွေ့ပတ်၍ သွားလာခဲ့ရပြီး ယခုတံတားဖွင့်လှစ်နိုင်သောကြောင့် ၁၅ မိုင်ခန့်ဖြင့် အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်သည်။

ထို့အတူ အဆိုပါကျေးရွာများမှ ဒေသခံပြည်သူများသည် ယခင်က ရန်ကုန်မြို့သို့သွားလျှင် သုံးခွမြို့သို့ ဖြတ်၍ အချိန် လေး နာရီခန့် သွားလာခဲ့ရပြီး ယခုအခါ မော်ဝန်းတံတားပေါ်မှတစ်ဆင့် ရန်ကုန်မြို့သို့ နှစ် နာရီခန့်အတွင်း သွားလာနိုင်တော့မည်ဖြစ်သည်။

ထို့ပြင် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အဆိုပါဒေသရှိ စိုက်ပျိုးမြေ ၁၂၇၇၁၂ ဧကတို့မှ လယ်ယာထွက်ကုန်များနှင့် ငါး၊ ပုစွန် မွေးမြူရေး ၁၁၄၅၂ ကန်တို့မှ သားငါးပုစွန်စသည့် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့နှင့် ဆက်စပ်မြို့များသို့ သယ်ယူပို့ဆောင် စရိတ်သက်သာစွာဖြင့် အချိန်တိုတွင်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**






# မြန်မာ့အမွေအနှစ်၊ ရိုးရာယဉ်ကျေးမှုနဲ့လက်မှုအနုပညာတွေကို ကမ္ဘာကသိအောင်စွမ်းဆောင်သွားမယ်

ရန်ကုန် ဇူလိုင် ၁၂

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ဒီဇင်ဘာလတွင် ကျင်းပမည့် (၆၅)ကြိမ်မြောက် ကမ္ဘာ့အလှမယ်ပြိုင်ပွဲတွင် မြန်မာ့အမွေအနှစ်၊ ရိုးရာယဉ်ကျေးမှုနှင့် လက်မှုအနုပညာတွေကို ကမ္ဘာကသိအောင် ဖော်ထုတ်စွမ်းဆောင်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် Miss Myanmar World 2015 ပြိုင်ပွဲ၏ သရဖူဆုရှင် အလှမယ်ခင်ရတနာသိန်းမြင့်က ပြောသည်။**

ဇူလိုင် ၁၁ ရက် ညပိုင်းက Myanmar Even Park ၌ ကျင်းပသည့် Miss Myanmar World 2015 ပြိုင်ပွဲမှ winner ဆုရှင်၊ $1^{st}$ Runner Up နှင့် $2^{nd}$ Runner Up တို့၏ စာနယ်ဇင်းရှင်းလင်းပွဲကို ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ ကျွန်တော် ကျွန်တော်လို့ ပြောတဲ့ အညာသူလေး winner ဆုရှင် ခင်ရတနာသိန်းမြင့်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

Channel -7 နှင့် Forever Bec-terco တို့ ပူးပေါင်းစီစဉ်သည့် မြန်မာနိုင်ငံမှ ဒုတိယအကြိမ်မြောက် Miss Myanmar World 2015 ပြိုင်ပွဲကြီးကို ဧပြီလမှ စတင်ရွေးချယ်ခဲ့ပြီး နိုင်ငံတစ်ဝန်းမှ လှပျိုဖြူများ လာရောက်ယှဉ်ပြိုင်ခဲ့ရာ နောက်ဆုံး Grand Final ရွေးချယ်ပွဲတွင် အလှမယ်သရဖူ winner ဆုကို မန္တလေးမှ လာရောက်ယှဉ်ပြိုင်သည့် ခါးနံပါတ်-၁ ခင်ရတနာသိန်းမြင့်ကလည်းကောင်း၊ $1^{st}$ Runner Up ဆုကို ကချင်ပြည်နယ်မှ လာရောက်ယှဉ်ပြိုင်သည့် ခါးနံပါတ်-၁၉ မောရိန်းလုဆန်က လည်းကောင်း၊ $2^{nd}$ Runner Up ဆုကို ရန်ကုန်မှ နန်းစန္ဒာလှထွန်းက လည်းကောင်း အသီးသီးရရှိခဲ့သည်။

"ကျွန်တော့်အနေနဲ့ ဒီဆုကို ကံ၊ ဉာဏ်၊ ဝီရိယတို့နဲ့ တိုက်ဆိုင်ခဲ့လို့ ရခဲ့တယ်ထင်ပါတယ်။ ပြိုင်ပွဲဝင်တစ်လျှောက်လုံး အခုလို winner ဆုရမယ်လို့လည်း မမျှော်လင့်ထားပါဘူး။ ဒါပေမယ့် အကောင်းဆုံးဖြစ်အောင်တော့ အချိန်နဲ့အမျှ ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ရခဲ့တာလို့ ထင်ပါတယ်။ အားလုံး လှကြ၊ တော်ကြတဲ့ထဲမှာ အခုလိုရခဲ့တော့ ကျွန်တော်အလွန်ပဲ ပျော်ပါတယ်။ Organization ကြီးကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံ ကိုယ်စားပြုအနေနဲ့ ပြည်ပကိုသွားရောက်ယှဉ်ပြိုင်ရမှာဖြစ်တော့ လိုအပ်တာတွေအားလုံး ကျွန်တော် ပြင်ဆင်ရဦးမှာပါ။ အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားယှဉ်ပြိုင်သွားဖို့ ဆုံးဖြတ်ထားပါတယ်"ဟု မန္တလေးသူလေး winner ဆုရှင် ခင်ရတနာသိန်းမြင့်က ပြောသည်။

အဆိုပါပြိုင်ပွဲတွင် အလှမယ်သရဖူ winner ဆုရှင်သည် အမေရိကန်ဒေါ်လာ ၄၀၀၀၀ တန်သရဖူ၊ Air Asia မှ အမေရိကန်ဒေါ်လာ ၁၇၅၀၀ တန်ဖိုးရှိ Ticket နှင့် Organization မှငွေကျပ် သိန်း ၁၀၀၊ $1^{st}$ Runner Up ဆုရှင်သည် အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိသရဖူ၊ Air Asia မှ အမေရိကန်ဒေါ်လာ ၁၅၀၀ တန်ဖိုးရှိ Ticket နှင့် Organization မှ ငွေကျပ်သိန်း ၃၀၊ $2^{nd}$ Runner Up ဆုရှင်သည် အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိသရဖူ၊ Air Asia မှ အမေရိကန်ဒေါ်လာ ၁၅၀၀ တန်ဖိုးရှိ Ticket နှင့် Organization မှ ငွေကျပ်သိန်း ၂၀ တို့ကို အသီးသီးချီးမြှင့်ခဲ့သည်။

တရုတ် ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ဒီဇင်ဘာလတွင် ကျင်းပမည့် ကမ္ဘာ့အလှမယ်ပြိုင်ပွဲကို နိုင်ငံပေါင်း ၁၂၁ နိုင်ငံမှ နိုင်ငံကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာကိုယ်စားပြု အလှမယ် ခင်ရတနာသိန်းမြင့်သည် မန္တလေးမြို့ ၇၄ လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြားတွင် နေထိုင်ပြီး B.A (ဂျာမန်ဘာသာ) ရပ်ဖြင့် ကျောင်းပြီးထားသူဖြစ်သည်။ ကျွန်တော် ကျွန်တော်လို့ ပြောတတ်သည့် သူသည် သရဖူရပြီး ယနေ့မှစတင်ကာ Organizationနှင့်အတူ ဘက်ပေါင်းစုံမှလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲမှရရှိထားသည့် ဆုငွေများကိုလည်း မိခင်အား ကျေးဇူးဆပ်ကန်တော့သွားမည့်အပြင် တောရွာ များတွင်ရှိသည့် ကလေးငယ်များ၏ ပညာရေးပိုင်းဆိုင်ရာ အခက်အခဲများကိုလည်း ပရဟိတလုပ်ငန်းအသွင် ပံ့ပိုးကူညီပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**



**Miss Myanmar World 2015 ပြိုင်ပွဲမှ သရဖူဆုရှင် ခင်ရတနာသိန်းမြင့်၊ $1^{st}$Runner Up ဆုရှင် မောရိန်းလုဆန်နှင့် $2^{nd}$ Runner Up ဆုရှင် နန်းစန္ဒာလှထွန်း။** ဓာတ်ပုံ-မင်းထက်

# ကျောက်ဖြူမြို့နယ် ကျေးရွာရန်ပုံငွေ စီမံကိန်းကျေးရွာများမှဒေသခံများ ထိုင်းနိုင်ငံသို့သွားရောက်လေ့လာ

**ကျောက်ဖြူ ဇူလိုင် ၁၂**

မြန်မာနိုင်ငံတွင်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက်ကျေးလက်ဒေသရန်ပုံငွေ စီမံကိန်းများအကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံ ကျောက်ဖြူမြို့နယ်ရှိ ကျေးလက်ဒေသရန်ပုံငွေ ထူထောင်ရေးစီမံကိန်း ကျေးရွာများမှဒေသခံပြည်သူများသည် CITIC(The Chaia International Trust and Investment Corporation)၏ စီစဉ်မှုဖြင့် ထိုင်းနိုင်ငံရှိ အောင်မြင်ပြီး ကျေးလက်ရန်ပုံငွေ စီမံကိန်းများသို့ ဇူလိုင် ၆ ရက်မှ ၁၀ ရက်အထိလေ့လာရေးခရီး သွားရောက်ခဲ့ကြောင်း သိရသည်။



ကျောက်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်း ဦးဆောင်သည့် ကျေးရွာ ၂၅ ရွာမှဒေသခံပြည်သူ ၅၀ ပါဝင်သောလေ့လာရေးအဖွဲ့ကို ကြိုဆိုခဲ့ကြောင်း၊ CP အစာထုပ် စက်ရုံ၊ CP ကြက်သားထုပ်စက်ရုံ၊ ဆန်စက်များ၊ စပါး၊ ငါး၊ ဆီအုန်း စိုက်ပျိုးမွေးမြူရေး စင်တာများ၊ CP မျိုးမြင့် စပါးသုတေသနသင်တန်းကျောင်း၊ ကျေးရွာရန်ပုံငွေ စီမံကိန်းအောင်မြင်ပြီး စိုက်ပျိုးရေး စံပြကျေးရွာများသို့ သွားရောက် လေ့လာခဲ့ကြကြောင်း သိရသည်။

"အခုလို ထိုင်းနိုင်ငံကို ကျောက်ဖြူမြို့နယ်ကလေ့လာရေးခရီး သွားတာ ဒုတိယအကြိမ်ပါ၊ ပထမအကြိမ်တုန်းကလည်း စီမံကိန်း ကျေးရွာတွေထဲက အယောက် ၅၀ ကိုလေ့လာရေးခရီးလွှတ်ခဲ့ပြီးပါပြီ"ဟု ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီလင်းက ပြောသည်။

CITIC အနေဖြင့် "သင်နှင့် CITIC တို့နှင့်အတူတကွပျော်ရွှင်ချမ်းမြေ့သော ဘဝကိုတည်ဆောက်ကြပါစို့"ဟူသော ဆောင်ပုဒ်နှင့် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများတွင် ပါဝင်ကူညီနိုင်ရေးအတွက် ကျောက်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာ ၅၀ ကို ရွေးချယ်လျက် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ရန်ပုံငွေ ထူထောင်ပေးထားပြီး အဆိုပါ ကျေးလက်ရန်ပုံငွေ စီမံကိန်းအတွက် လိုအပ်သည့် နည်းပညာများကို CP Group က ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အောင်မြင်ပါက မြန်မာနိုင်ငံရှိအခြားကျေးရွာများကို ဆက်လက် ပံ့ပိုးကူညီ လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း CITIC Group မှ Mr. Frank Ma Chuanfu က ပြောသည်။

**သူဇာနွယ်(ဖျာပုံ)**

# ချောက်ရေနံဆေးရုံ ကလေးကုသဆောင် အဆောက်အအုံသစ် တည်ဆောက်ရန် ပန္နက်တင်

**ချောက် ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ရေနံဆေးရုံ ကုသဆောင် အဆောက်အအုံသစ် တည်ဆောက်ခြင်းလုပ်ငန်း ပန္နက်တော်တင် အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၇ နာရီခွဲက ချောက်ရေနံဆေးရုံ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ချောက်၊ လမ်းရွာ ရေနံမြေမှ အထွေထွေမန်နေဂျာ ဦးကရင်နော်အောင်က ကလေးကုသဆောင် ဆောက်လုပ်ရခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးနေရှင်းက ချောက်ရေနံဆေးရုံ ကလေးကုသဆောင် တည်ဆောက်ခြင်းအတွက် လှူဒါန်းသော Gold Petrol ရေနံကုမ္ပဏီကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ချောက်ရေနံဆေးရုံ ကလေးကုသဆောင်တည်ဆောက်ခြင်းလုပ်ငန်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဆောင်ရွက်ကြသည်။

ချောက်ရေနံဆေးရုံ ကလေးကုသဆောင်ကို ချောက်ရေနံမြေနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သော Gold Petrol ကုမ္ပဏီမှ လူမှုစီးပွားရေး (CSR ) အစီအစဉ်ဖြင့် ၂၀၁၅ ခုနှစ်အတွက် ငွေကျပ် ၂၁၀ ဒသမ ၅ သိန်းလှူဒါန်းပြီး KST ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်သည်။ ရေနံဆေးရုံ ကလေးကုသဆောင်မှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ တစ်ထပ်ဆောင်ဖြစ်ပြီး ဇူလိုင် ၂၅ ရက်မှ စတင်၍ အောက်တိုဘာ ၃၀ ရက်အပြီး ဆောက်လုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေနှင့် ပြေစာများပေါ်တွင် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်ဆိုင်ရာ ရှင်းလင်း

**စဉ့်ကူး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် အခွန်ဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေနှင့် ပြေစာများပေါ်တွင် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်ဆိုင်ရာ ရှင်းလင်းပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါ ဦးစီးဌာန၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မြို့နယ်ဦးစီးမှူး ဦးခင်ကိုကိုက ၂၀၁၅ ခုနှစ် အခွန်ကောက် ဥပဒေအရ ပြဋ္ဌာန်းခဲ့သည့် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၅ ပါ အခွန်ကောက်ဥပဒေနှင့် ပြေစာများအပေါ်တွင် အခွန်ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်ဆိုင်ရာများနှင့် ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်ခြင်းအတွက် ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် မြို့နယ်ဦးစီးမှူး ဦးခင်ကိုကိုက ပြန်လည်ရှင်းလင်းပြောကြားသည်။

အခွန်ထမ်းပြည်သူများအနေဖြင့် ဥပဒေကို လေးစားလိုက်နာခြင်းအားဖြင့် မိမိတို့၏ အခွန်တာဝန်များကို သတ်မှတ်ချိန်အတွင်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကြည်သာပျော်ရွှင်စွာ ပေးသွင်းကြရန် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**ဝင်းမောင်**



**နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက်အတွင်း နှစ်စဉ်ရေတိုက်စား၍ ဟောင်းနွမ်းပျက်စီးလျက်ရှိသည့် တပ်ကုန်း-ပိန်းတောတံတားကို နေပြည်တော်ကောင်စီမှတံတားအသစ်တည်ဆောက်ရန် ငွေကျပ်သိန်းပေါင်း ၁၀၀၀ အကုန်အကျခံ၍ လမ်း/တံတားအထူးအဖွဲ့(၆) မှ တည်ဆောက်လျက်ရှိစဉ်။** (ယင်းတံတားသည် အရှည် ၁၂၉ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၈ ပေရှိပြီး သံကူကွန်ကရစ်တံတားဖြစ်သည်။) (ဝ၂၁)

# အနည်းဆုံးအခကြေးငွေ ငွေကျပ် ၄၀၀၀ သတ်မှတ်ပေးရန်စီတန်းလှည့်လည်ခြင်းသည် လက်ရှိဖြစ်ပေါ်နေသောအခြေအနေကို ထဲထဲဝင်ဝင် မသိ၍ဟုဆို



**ရန်ကုန် ဇူလိုင် ၁၂**

မြန်မာနိုင်ငံတွင် အကြီးဆုံးစက်မှုဇုန်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာစက်မှုဇုန်သည် အထည်ချုပ်စက်ရုံအများဆုံးတည်ရှိပြီး စက်ရုံလုပ်သား အများဆုံးရှိသောကြောင့် အလုပ်ရှင်၊ အလုပ်သမားပြဿနာ၊ လုပ်ခလစာပြဿနာအများဆုံးဖြစ်ပွားသော နေရာဖြစ်သည်။ အခြေခံလုပ်ခတစ်နေ့ ငွေကျပ် ၃၆၀၀ သတ်မှတ်ရန် တာဝန်ရှိသူများနှင့် အလုပ်ရှင်၊ အလုပ်သမားတို့ ညှိနှိုင်းခဲ့ကြပြီး အတည်ပြုချက် သတ်မှတ်ရက်ကာလကို စောင့်ဆိုင်းလျက်ရှိစဉ် ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် စက်မှုဇုန်ရှိ အလုပ်သမား ၃၀၀ ခန့်က အနည်းဆုံး အခကြေးငွေ ငွေကျပ် ၄၀၀၀ သတ်မှတ်ရေးအတွက် ခွင့်ပြုချက်ရယူ၍ လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

စက်ရုံအလုပ်သမားတို့၏ အခြေခံလစာနည်းပါးမှုကြောင့် ဘဝရပ်တည်မှုအတွက် အခက်အခဲရင်ဆိုင်ရမှုကို သိရှိသည့်အတွက် နိုင်ငံတော်က အလုပ်ရှင်၊ အလုပ်သမားအဆင်ပြေစေရန် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး ဇွန် ၁၅ ရက်က အခြေခံလစာ ငွေကျပ် ၃၆၀၀ ရရှိရန် အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ လုပ်ငန်းရှင်များအသင်းနှင့် တာဝန်ရှိသူတို့ သုံးပွင့်ဆိုင် တွေ့ဆုံညှိနှိုင်းရာ ကျပ် ၁၅၀၀ ကိုသာအတည်ပြုခဲ့၍ ဇွန်လ ၂၉ ရက်တွင် ထပ်မံတွေ့ဆုံရာ၌ ငွေကျပ် ၃၆၀၀ ကို သတ်မှတ်ကာ သတ်မှတ်ရက်ကာလကို စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း၊ အဆိုပါ ငွေကျပ် ၃၆၀၀ ကို လုပ်ငန်းရှင်အချို့က ထုတ်လုပ်မှုပိုင်းဆိုင်ရာနှင့် အထွေထွေအခက်အခဲတို့ကြောင့် စက်ရုံပိတ်ရမည့် အနေအထားရှိနေကြောင်း၊ မြန်မာတစ်ပြည်လုံးရှိ စက်ရုံ ၇၀ ကျော်ပိတ်ခဲ့လျှင် ထိုအလုပ်သမားနှစ်သိန်းကျော် အလုပ်အကိုင်ရရှိရန် ထည့်သွင်းစဉ်းစားပြီး ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက(ဦးမျိုးအောင်) ပြောကြားခဲ့သည်ဟု အနည်းဆုံးလုပ်ခလစာ ညှိနှိုင်းမှုတွင်ပါဝင်သော မြန်မာနိုင်ငံအလုပ်သမားအဖွဲ့ချုပ်မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

အနည်းဆုံး လုပ်ခတစ်နေ့ ငွေကျပ် ၄၀၀၀ သတ်မှတ်ရေးကြွေးကြော်သံဖြင့် ဗီနိုင်းစများ ကိုင်ဆောင်ထားသော Yes သကြားလုံးစက်ရုံမှ အလုပ်သမား ဦးဝေဖြိုးမောင် ဦးဆောင်သော အလုပ်သမား ၃၀၀ ခန့်မှာ ရန်ကုန်-ပုသိမ်လမ်း၊ တပင်ရွှေထီးလမ်း၊ ရန်ကုန်-ညောင်တုန်း လမ်းအတိုင်း စီတန်းလှည့်လည်၍ အောင်မြေသာယာ စေတီအနီးရှိ မြို့နယ်ဘောလုံးကွင်းရှေ့သို့ နံနက် ၁၁ နာရီခွဲတွင်ရောက်ရှိကာ စီတန်းလှည့်လည်မှုပြီးဆုံးသွားကြောင်း သိရသည်။

စက်မှုဇုန်(၂)ရှိ အထည်ချုပ်စက်ရုံမှ အလုပ်သမားခေါင်းဆောင်တစ်ဦးက "အခုလို လုပ်တာဟာ အလုပ်သမားထု အားလုံးအတွက် အကျိုးရှိနိုင်မလားဆိုတာ စဉ်းစားသင့်တယ်။ မြန်မာနိုင်ငံ အလုပ်သမားအဖွဲ့ချုပ်က နိုင်ငံတော်အစိုးရ၊ လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းညှိနှိုင်းပြီး အလုပ်သမားတစ်ယောက်ရဲ့ အခြေခံလုပ်ခလစာ သတ်မှတ်နိုင်အောင် ဆောင်ရွက်ထားတဲ့ အချိန်ကာလဖြစ်တဲ့ ရက်ပေါင်း ၆၀ အတွင်းမှာ အခုလိုမလုပ်သင့်ဘူးလို့ မြင်တယ်။ အချိန်အခါအခြေအနေကို ကြည့်တတ်ပြီးတော့ ကိုယ်ကျိုးကိုပဲ မကြည့်ဘဲ အားလုံးအဆင်ပြေမယ့် အနီးစပ်ဆုံးနည်းလမ်းကို သိရှိလက်ခံတတ်ဖို့လည်း လိုပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားဟာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် အမှီပြုနေရတဲ့အတွက် ရေရှည်ကို ကြည့်တတ်ဖို့လိုပါတယ်။ ကျွန်တော်တို့တောင်းထားတဲ့ အနည်းဆုံးအခကြေးငွေကျပ် ၃၆၀၀ အတွက် အားလုံးရင်ခုန်ပြီး စောင့်နေရတာ။ တစ်ခုက မပြတ်သေးဘူး။ တစ်ခု ထပ်လုပ်တာတော့ စဉ်းစားစရာဖြစ်နေတယ်" ဟု ပြောသည်။

လက်ရှိတွင် အလုပ်သမားတစ်ယောက်၏ အခြေခံလစာမှာ ကျပ်သုံးသောင်းခုနစ်ထောင်ကျော်သာရှိပြီး အစိုးရမှသတ်မှတ်ထားသော တစ်ပတ်လျှင် ၁၆ နာရီအတွက် လေးပတ်လျှင် ၆၄ နာရီ သတ်မှတ်ထားရာ အလုပ်သမားများ သဘောတူပါက တစ်ပတ်လျှင် နာရီ ၂၀ ထိခေါ်ခွင့်ရှိသော်လည်း အိုတီတစ်နာရီလျှင် ၃၉၆ ကျပ်သာ ရရှိသောကြောင့် အနည်းဆုံး အခကြေးငွေကို ငွေကျပ် ၃၆၀၀ အဖြစ် တောင်းဆိုညှိနှိုင်းထားခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီ၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)တွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီသည် အဆိုပြုချက် အခကြေးငွေနှုန်းထားကို အများပြည်သူသိစေရန်ကြေညာပြီး နောက်ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်ချက်(သို့) ပြင်ဆင်ရန် အဆိုပြုချက်များကို အစိုးရ၊ လုပ်ငန်းရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင် ကိုယ်စားလှယ်များဖြင့် လေ့လာစိစစ်ပြီး အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ကြောင်း ပါရှိသည်။

အလုပ်သမားများ တောင်းဆိုထားသော အနည်းဆုံးအခကြေးငွေ ငွေကျပ် ၃၆၀၀ အား ညှိနှိုင်းအတည်ပြုထားသောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ခြင်း(သို့) ကန့်ကွက်ခြင်း လုပ်ဆောင်နိုင်သည့်အတွက် အလုပ်သမားများက စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

လှိုင်သာယာ စက်မှုဇုန်တွင် အလုပ်သမားအများဆုံးရှိသော စက်ရုံမှာ အထည်ချုပ်စက်ရုံများဖြစ်ပြီး အလုပ်သမားလေးထောင်ခန့်ထိ ရှိသည်။ ပို့ကုန်များကို အာရှသာမက ဥရောပ၊ အာဖရိကထိ တင်ပို့လျက်ရှိရာ အနည်းဆုံးလုပ်ခငွေကျပ် ၃၆၀၀ သည် အလုပ်သမားထုအတွက် အဆင်ပြေနိုင်စေရန်နှင့် အလုပ်ရှင်များအတွက်လည်း နစ်နာမှုမရှိသောငွေကြေးဖြစ်သောကြောင့် လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်အလုပ်သမားများအတွက် မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ယခုလို လုပ်ခလစာတိုးတောင်းသော လုပ်ဆောင်မှုသည် လက်ရှိဖြစ်ပေါ်နေသော အခြေအနေကို ထဲထဲဝင်ဝင်မသိရှိခြင်းကြောင့် ဖြစ်ကြောင်း အလုပ်သမားအရေး ကူညီဆောင်ရွက်ပေးနေသော အကျိုးဆောင်တစ်ဦးက သုံးသပ်ပြောကြားသည်။ **မြင့်မြတ်သစ္စာ**

# မကွေးမြို့နယ် ဒဟတ်ကန်ကျေးရွာတွင် ကျေးရွာအတွင်းမြေများအား သုံးလအတွင်း မြေဂရန် ထုတ်ပေးမည်



**မကွေး ဇူလိုင် ၁၂**

မကွေးမြို့နယ် ဒဟတ်ကန်ကျေးရွာအုပ်စု ဒဟတ်ကန်ကျေးရွာရှိ ကျေးရွာနေအိမ်များအား မြေငှားဂရန် ထုတ်ပေးရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒဟတ်ကန်ကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျေးရွာမြေငှားဂရန် ထုတ်ပေးရေးကော်မတီဥက္ကဋ္ဌ မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက ကျေးရွာအတွင်း ဝိုင်းမြေများအား မြေငှားဂရန်များ သုံးလအတွင်း အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ မြေစာရင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ဦးဆောင်၍ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာအတွင်း မြေကွက်စိပ်တိုင်းတာရာတွင် ပေ ၂၀ အထက် ဝိုင်းကွက်များကို ဂရန်ချထားပေးသွားမည်ဖြစ်ပြီး ပေ ၂၀ အောက်မြေကွက်များကို ဂရန်ထုတ်ပေးမည်မဟုတ်ပါကြောင်း၊ ဂရန်လျှောက်ထားရာတွင် ကန့်ကွက်လွှာကို ၁၅ ရက်အတွင်း ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ မြေကွက်များကို တိုင်းတာရာတွင် လိုအပ်သောငွေကြေးကုန်ကျစရိတ်အား ရွာသူ ရွာသားများက တစ်ပြားမှပေးစရာမလိုဘဲ တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးပိုင်ပေါ်ထွန်းက ရွာမြေသည် အဝန်းအဝိုင်းပဲရှိသည့်အတွက် ကွက်စိပ်ဟူ၍မရှိသဖြင့် တိုင်းတာရာတွင် ကွက်စိပ်တိုင်းတာပြီးမှ ဂရန်ထုတ်ပေးမည်ဖြစ်ပြီး ကွက်စိပ်တိုင်းတာပြီးပါက မြေပြင်မှရှိသည့် အတိုင်းအတာသာဖြစ်ကြောင်း၊ ကျေးရွာမြေအား ကွက်စိပ်တိုင်းတာပါက ၁၈ ရက်ခန့်ကြာမြင့်မည်ဖြစ်ပြီး မြေပုံရေးဆွဲပြီးပါက ကျေးရွာမြေ ပေ ၂၀ ကျော်ပါက တစ်ခါတည်း တိုင်းတာ၍ ဂရန်အား လျှောက်ထားနိုင်မည်ဖြစ်ကြောင်း၊ ဂရန်လျှောက်ထားသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်ဖြစ်ပြီး မှတ်ပုံတင်ပါရှိရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ရွာသူ ရွာသားများ၏မေးမြန်းချက်များအား တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

မကွေးမြို့နယ်အတွင်း ကျေးရွာပေါင်း ၂၁၆ ရွာရှိသည့်အနက် ဒဟတ်ကန်ကျေးရွာကို ပထမဦးဆုံးအကြိမ် စတင်စမ်းသပ်ချထားပေးမည်ဖြစ်ပြီး ယခုစီမံချက်အောင်မြင်ပါက ကျန်ရှိနေသောမကွေးမြို့နယ်ရှိ ကျေးရွာ ၂၁၅ ရွာကို ဆက်လက်ချထားပေးရန် အစီစဉ်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဒဟတ်ကန် ကျေးရွာတွင် အိမ်ခြေ ၁၄၄ အိမ်၊ အိမ်ထောင်စု ၁၅၀၊ လူဦးရေ ၅၁၄ ဦးနေထိုင်ကြောင်း ကျေးရွာနေပြည်သူတစ်ဦးထံမှ သိရသည်။

**ကျော်ဇေယျ(မကွေး)**

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျောက်တလုံးကြီး ဇူလိုင် ၁၂**

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့နှင့် ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၁ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ နောင်ခဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က အမှာစကားပြောကြားပြီး လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများက အပင်စိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူး၊ ပလတ်စတစ်ထိန်းသိမ်းရေး၊ အစားအသောက်နှင့်ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်များ၊ အမှိုက်နှင့် ဂေဟစနစ်အကြောင်းတို့ကို ပြောကြားသည်။

ယင်းနောက် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့နှင့် ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို သစ်ပင်စိုက်ပျိုး၍ ကျောက်တလုံးကြီးမြို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နောင်ခဲအထက(ခွဲ)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပအိုဝ်းတိုင်းရင်းသားများနှင့် NGO အဖွဲ့အစည်းများက သစ်ပင်အမျိုးပေါင်း ၁၀ ကျော်နှင့် အပင်ပေါင်း ၁၀၀၀ ကျော်တို့ကို နောင်ခဲအထက(ခွဲ) အားကစားကွင်းဘေးပတ်လည်၊ နောင်ခဲအထက(ခွဲ) ကျောင်းရှေ့ဝန်းကျင်နှင့် နောင်ခဲကျေးရွာ ဘုရားကုန်းပတ်လည်တို့၌ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ရေမြောင်းများတူးဖော်




**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ရေတင်နစ်မြုပ်မှု လျော့ပါးစေရေးအတွက် ဇူလိုင် ၁၀ရက်က အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်း ဝဲ/ယာ ရေဆိုးထုတ် အကျယ် ၅ ပေ၊ အနက် ၅ ပေ၊ အရှည်ပေ ၃၇၀၀ ကို ဘက်ဟိုးစက်ကြီးများဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကြည်စိုးနှင့် ကော်မတီဝင်များနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်သော်လည်း ရေဆိုးထုတ် သာယာကုန်းချောင်းဘေး ဝဲ/ယာချောင်းပေါ်လူနေအိမ်များ၊ စျေးဆိုင်များ ဆောက်လုပ်နေထိုင်မှုကြောင့် ရေနုတ်အား ထိရောက်မှုအားနည်းကြောင်း၊ မြောင်းပေါ်ချောင်းပေါ်အဆောက်အအုံများ ဆောက်လုပ်ထားမှုများကြောင့် ရေနုတ်မြောင်းများ တူးဖော်ရာတွင်လည်း အခက်အခဲများရှိနေကြောင်း၊ လှိုင်သာယာရပ်ကွက်အတော်များများ၌ ထိုကဲ့သို့ အခက်အခဲများနှင့်တွေ့ကြုံခံစားနေရကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူနှင့်ရပ်ကွက်နေ ပြည်သူများ၏ ပြောဆိုချက်များလည်း ကြားသိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ငြိမ်းချမ်းရေး ရသမဂ္ဂဇင်း (Peace) စာအုပ်မိတ်ဆက်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၂**

ချစ်ခင်ညီညွတ်ခြင်း၊ မျှတခြင်းဆိုသည့် ဆောင်ပုဒ်ဖြင့် (Peace) ငြိမ်းချမ်းရေး ရသမဂ္ဂဇင်းစာအုပ်မိတ်ဆက် အခမ်းအနားကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၈×၆၉ လမ်းကြား၊ ၃၂×၃၃ လမ်းကြားရှိ ကွန်မြူနတီစင်တာ၌ ကျင်းပသည်။

အဆိုပါ မဂ္ဂဇင်းသည် မန္တလေးအခြေစိုက် မန္တလေး မဂ္ဂဇင်း ဖြစ်သည်။ အဆိုပါ ငြိမ်းချမ်းရေးရသမဂ္ဂဇင်း မိတ်ဆက်ပွဲအခမ်းအနားသို့ မန္တလေးမြို့မှ စာရေးဆရာများ၊ ကဗျာဆရာများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဆရာတက္ကသိုလ် တေဇာလင်း၊ ဆရာဦးဖုန်းမြင့်အောင်၊ ဆရာညီစေမင်း၊ ဆရာမန္တလေး မောင်အောင်ခင်တို့က မဂ္ဂဇင်းနှင့်ပတ်သက်၍ မုဒိတာစကားပြောကြားသည်။ ငြိမ်းချမ်းရေးရသမဂ္ဂဇင်း (Peace) သို့ စာမူများပေးပို့လိုပါက ဒေါ်ယဉ်ယဉ်နု(အယ်ဒီတာချုပ်) ရှမ်းစုစာတိုက်မန္တလေးနှင့် အယ်ဒီတာ အကွက် ၅၁၃ ရွှေတုန်းလှေတန်း၊ ၈၄ လမ်း၊ ၄၁×၄၂ လမ်းကြား မဟာအောင်မြေမြို့နယ် မန္တလေးသို့ ပေးပို့နိုင်သည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ငွေကျပ် ၇၂၅ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

**မြစ်ကြီးနား ဇူလိုင် ၁၂**

မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် စံပြနယ်မြေ အမှတ် (၂၆) နေအိမ်၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ မြစ်ကြီးနားမြို့ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝဏ္ဏဝင်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၄ ရက် နံနက် ၆ နာရီခန့်က အဆိုပါနေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ အိမ်ရှင် ဒေါ်လဖိုင်ကိုင်ဆိုင်းကို အသင့်တွေ့ရှိရပြီး နေအိမ်အိပ်ခန်းဝင်ပေါက်တန်းပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀ နှင့် ခုတင်အောက်မှ ၂၄၁၁၁ ပြား၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၄၁၈၁ ပြား တန်ဖိုးငွေကျပ် ၇၂၅၄၃၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဒေါ်လဖိုင်ကိုင်ဆိုင်း (၄၅နှစ်) ကို မြစ်ကြီးနားမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ဆက်စပ်ပတ်သက်နေသူများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၆၂)**



# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငွေကျပ် သိန်း ၄၀ နီးပါးရှိ ဖုန်းကြွေးကျန်များ ရမည်းသင်း၌ ကွင်းဆင်းကောက်ခံလျက်ရှိ

**ရမည်းသင်း ဇူလိုင် ၁၂**

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တယ်လီဖုန်း(ကြိုး)ဖုန်းကြွေးကျန်များအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးညိုမောင်နှင့်ဝန်ထမ်းများက ဇူလိုင်လဆန်းမှစကာအိမ်တိုင်ရာရောက်ကွင်းဆင်း ကောက်ခံလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်မှ တန်ဖိုးနည်းဖုန်းများဖြစ်သည့် GSM၊ CDMA၊ WCDMA၊ Ooredoo နှင့် Telenor ဖုန်းများအား သုံးစွဲနိုင်ရန်လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုထားသဖြင့် မြန်မာပြည်အနှံ့ ဆက်သွယ်ရေးများ လျင်မြန်ချောမွေ့လျက် ရှိနေပြီဖြစ်သည်။ အဆိုပါဖုန်းများတစ်နေ့တခြား သုံးစွဲမှုများပြားလာသဖြင့် ကြိုးဖုန်းသုံးစွဲမှု လျော့နည်းလာခဲ့သလို ကြွေးကျန်များအားလည်း ပေးဆောင်ရန် ပျက်ကွက်ခဲ့ကြကြောင်း၊ တစ်မြို့နယ်လုံး ပေးဆောင်ရမည့်ဖုန်းကြွေးကျန်ငွေပေါင်းမှာ ငွေကျပ် သိန်း ၄၀ နီးပါး ဖြစ်ကြောင်းနှင့် တစ်ပတ်အတွင်း ကောက်ခံရရှိသည့်ငွေပေါင်းမှာ ကျပ် ၁၀ သိန်းနီးပါးဖြစ်သဖြင့် ကျန်ကြွေးငွေများအား အပြည့်အဝရရှိရေးအတွက် မြို့နယ်မန်နေဂျာ ဦးဆောင်ကာ ဝန်ထမ်းများဖြင့် နေ့စဉ်ကြွေးကျေသည်အထိ ဆက်လက်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၁၁)**

# မန္တလေး-မြစ်ကြီးနား အဆန်ကုန်ရထား ပင်ဝယ်နှင့် မော်လူးဘူတာအကြား ဘီးချော်မှုဖြစ်ပွား

**အင်းတော် ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပင်ဝယ်ဘူတာနှင့် မော်လူး ဘူတာအကြား ဇူလိုင် ၁၁ ရက် ည ၁၀ နာရီ ၂၅ မိနစ်က မန္တလေး-မြစ်ကြီးနား အမှတ်(၄၁) အဆန် စာပို့ လူစီးရထား ဘီးချော်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရထားစက်ခေါင်း မောင်းဦးဆန်းထူးအောင်နှင့်ဂါတ်ဗိုလ် ဦးခင်မောင်ပြုံးတို့ မောင်းနှင်လာသော မန္တလေး-မြစ်ကြီးနား အမှတ်(၄၁) အဆန် စာပို့ ကုန်ရထားသည် ပင်ဝယ်ဘူတာနှင့် မော်လူး ဘူတာကြားတွင် ဇူလိုင် ၁၁ ရက် ည ၁၀ နာရီ ၂၅ မိနစ်က ဘီး အမှတ် ၂ နှင့် ၇ သည် သံလမ်း၏ အတွင်းသို့ သုံးပေခန့် ဘိုကီလည်ကျပြီး ဘီး အမှတ် ၁ နှင့် ၈ သည် သံလမ်း၏ အတွင်းသို့ ကပ်ကျမှုဖြစ်ပွားခဲ့ကြောင်းနှင့် ယင်းသို့ ဖြစ်ပွားခဲ့သော်လည်း ခရီးသည်နှင့်ဝန်ထမ်းများ ထိခိုက်မှု မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အခင်းဖြစ်နေရာသို့ နဘား၊ အင်းတော်နှင့် ကောလင်း တာဝန်ရှိသူများက မိုးညှင်း ကရိန်းဖြင့် သွားရောက်ပြုပြင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းက ပြင်ဆင်ပြီးစီးသွားသဖြင့် အစုန်အဆန်ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

# မော်တော်ယာဉ်များဖြင့် သယ်ဆောင်လာသော တမလန်းသစ်များဖမ်းဆီးရမိ

**ကလော ဇူလိုင် ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ အောင်ပန်း-ပင်းတယ သွားကားလမ်း မိုင်တိုင်အမှတ်(၆/၀) အနီး နောင်ရဲကျေးရွာအုပ်စု လေးအိမ်ကုန်းကျေးရွာ အဝင်လမ်းဆုံရှိ ဦးဆန်းငြိမ်း (၄၃ နှစ်) အိမ်ရှေ့ လမ်းဘေး၌ ယာဉ်လေးစီးရပ်ထားကြောင်း သတင်းအရ ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက အောင်ပန်းရဲစခန်းခေတ္တစခန်းမှူး ရဲအုပ်အေးမင်းသန့်နှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ယာဉ်မောင်းဇေယျာ(ခ)ဇေယျာလင်း (၂၇ နှစ်) မူဆယ်မြို့နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်၌ အိုက်စိုင်း(ခ)နေလင်းထွန်း(၂၄ နှစ်) မူဆယ်မြို့နေသူလိုက်ပါလာသော YGN 9D/------နံပါတ်ပါ PAJERO ယာဉ်ပေါ်မှတမလန်းသစ်ဆိုက်စုံ ခုနစ်တုံး (၀ ဒသမ ၁၇)တန်ကိုလည်းကောင်း၊ ယာဉ်မောင်း ပိုင်စိုးဝေ(၂၁ နှစ်) မူဆယ်မြို့နေသူမောင်းနှင်သော ယာဉ်အမှတ် 3G/-------- နံပါတ်ပါ PAJEROယာဉ်ပေါ်မှ တမလန်းသစ်ဆိုက်စုံ ၁၃ တုံး(၀ ဒသမ ၆၀) တန်ကိုလည်းကောင်း၊ ယာဉ်မောင်း ကျော်သူမင်း(၃၈ နှစ်) မန္တလေးမြို့နေသူမောင်းနှင်သော ယာဉ်အမှတ် YGN 2G/------- နံပါတ်ပါ ELGRAND ယာဉ်ပေါ်မှ တမလန်းသစ်ဆိုက်စုံ ၂၇ တုံး ( ၁ ဒသမ ၂၇) တန်ကို လည်းကောင်း၊ ယာဉ်မောင်း ဇော်မျိုးသန့် (၃၆ နှစ်) မူဆယ်မြို့နေသူ မောင်းနှင်သောယာဉ်အမှတ် 2H/-------- နံပါတ်ပါ ELGRAND ယာဉ်ပေါ်မှ တမလန်းသစ်ဆိုက်စုံ ၁၆ တုံး (၀ ဒသမ ၇၁) တန်ကိုလည်းကောင်း စုစုပေါင်း တမလန်းသစ်ဆိုက်စုံ (၂ ဒသမ ၇၅)တန် ကာလတန်ဖိုးငွေကျပ် ၁၉ သိန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်နှင့် ပတ်သက်၍ တရားမဝင်သစ်များ သယ်ဆောင်လာသူ ငါးဦးကို အောင်ပန်းရဲစခန်းက သစ်တောဥပဒေအရ အရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လုပ်အားခငွေ ရှင်းလင်းရာမှ တစ်ယောက်တစ်ခွန်း စကားများရန်ဖြစ်ပြီး ဓားနှင့်ထိုး၍ တစ်ဦးသေဆုံး

**ဂန့်ဂေါ ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် ယမ်းကျေးရွာအနီး လောင်း ရှည်-စေတုတ္တရာ-ငဖဲ ကားလမ်းရှိ လမ်းကျောက်ခွဲအလုပ်သမားများ နေထိုင်သည့် ယာယီတဲများအနီးတွင် ဇူလိုင် ၉ ရက် ညနေ ၆ နာရီခန့်က လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့သစ်မြို့နယ် ဘော့ကျေးရွာနေ မြင့်ဇော်(၃၄နှစ်) နှင့် တစ်ရွာတည်းနေ သိန်းစိုး (၃၃နှစ်) တို့သည် လမ်းခင်းကျောက်ခွဲသည့် လုပ်အားခငွေရှင်းလင်းကြရာမှ တစ်ယောက်တစ်ခွန်းစကားများရန်ဖြစ်ကြပြီး သိန်းစိုးက ဓားဖြင့်ခုတ်ရာ မြင့်ဇော်တွင်ဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့ပြီး မြင့်ဇော်က ဓားဦးချွန်ဖြင့် ထိုးရာ သိန်းစိုးတွင် ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် မြင့်ဇော်ကို ဆောမြို့နယ် လောင်းရှည်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# လိုင်စင်မဲ့ကားကို သိမ်းဆည်းအရေးယူ

**ရေး ဇူလိုင် ၁၂**

မွန်ပြည်နယ် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက်နေ ပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ဇူလိုင် ၈ ရက် ည ၈ နာရီခွဲက ရေးမြို့ ရန်မျိုးအောင်ရပ်ကွက် အမက (၂) အနောက်တောင်ဘက် နှစ်ဖာလုံ၌ လိုင်စင်မဲ့ကားရပ်ထားကြောင်း သိရ၍ ရေးရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ယာဉ်မောင်း ပြည့်ဖြိုးမောင် (၂၄နှစ်) ကျုံလောင်ရွာသစ်ကျေးရွာ ရေးမြို့နယ်နေသူ မောင်းနှင်သော HONDA PARTNER အမျိုးအစား အဖြူအနက်ရောင်ယာဉ်သည် လိုင်စင်မဲ့ဖြစ်သည့်အပြင် ယာဉ်မောင်း ပြည့်ဖြိုးမောင်၌ ယာဉ်မောင်းလိုင်စင်မရှိကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ရေးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# ရန်ကုန်-မြိတ် ကားလမ်း ထားဝယ်လမ်းအထူးအဖွဲ့(၁၆) ပါဝင်ဆောင်ရွက်နေ


သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

ရန်ကုန်-မြိတ်ကားလမ်းသည် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်နှင့် မြန်မာနိုင်ငံ တောင်ဘက်အစွန်ဆုံးမြို့ဖြစ်သည့် ကော့သောင်းအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်သုံးခုကို ဆက်စပ်ဖောက်လုပ်ထားသော ၁၁၄၅ ကီလိုမီတာရှိ အာဆီယံအဝေးပြေးလမ်းမကြီး အမှတ် (AH.112)၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

အဆိုပါကားလမ်းသည် ရန်ကုန်-မော်လမြိုင်-မုဒုံ-ရေး အထိသာကောင်းပြီး မွန်ပြည်နယ်အတွင်း မလွဲတောင်နှင့်တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဘုတ်တောင်များက ကန့်လန့်ခံနေ၍ သွားလာမှုခက်ခဲနေခဲ့သည်မှာ နှစ်ပေါင်းကြာခဲ့ပြီဖြစ်သည်။ ထိုအခက်အခဲကို ပြေပျောက်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တာဝန်ပေးမှုအရ (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) ယခု လမ်းဦးစီးဌာန လမ်းဆောက်လုပ်ရေး အထူးအဖွဲ့(၁၆)က ၂၀၁၁ ခုနှစ်မှစ၍ ထားဝယ်-မလွဲတောင် အပိုင်း ၈၁ မိုင် ၆ ဖာလုံကို တာဝန်ယူဆောင်ရွက်ပေးမှုကြောင့် ကားလမ်းများကောင်းနေပြီဟု သိရသည်။

ထို့ကြောင့် ကျွန်တော်သည် သတင်းဆောင်းပါးရေးသားရန် အဆိုပါကားလမ်းအား လေ့လာသည့်အနေဖြင့် ဇူလိုင် ၇ ရက်က ကားတစ်စီးနှင့် မလွဲတောင်ကိုကျော်ဖြတ်ပြီး ထားဝယ်သို့ထွက်ခဲ့ရာ ထိုခရီးတွင် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးနှစ်ခု နယ်စပ်ရှိ လမ်းအထူးအဖွဲ့(၁၆) ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်သန်းနှင့်အဖွဲ့ကို တွေ့ပြီး လမ်းအကြောင်း စေ့ငုမေးမြန်းခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ ၁၀-၁၀-၂၀၁၁ ရက်နှင့် ၂၃-၁၀-၂၀၁၁ ရက်တို့တွင် ထားဝယ်ခရိုင်ရှိ လမ်းများကို ကြည့်ရှုစစ်ဆေးသည့်ခရီးစဉ်၌ ရန်ကုန်-မြိတ်ကားလမ်း၊ ထားဝယ်-မလွဲတောင်အပိုင်း ၈၁ မိုင် ၆ ဖာလုံကို လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးသဖြင့် ၃၀- ၁၀-၂၀၁၁ ရက်မှစ၍ လူအင်အား၊ စက်ယန္တရားအင်အားတို့ကိုအသုံးပြုပြီး ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေမှ ကျပ်သန်း ၄၄၀၀၊ တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်း ၂၈၇၈ ဒသမ ၆၀၀၊ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေမှ ကျပ်သန်း ၁၇၉၈၂ ဒသမ ၂၇၅ စုစုပေါင်း ကျပ်သန်း ၂၅၂၆၀ ဒသမ ၈၇၅ အကုန်အကျခံ၍ တောင်ဖြို၊ ချောင်းဖြတ်တံတားဆောက်၊ လမ်းခင်းလုပ်ငန်းများကို သုံးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခင်က ငါးနာရီကြာသွားမှရောက်သည့် ထားဝယ်-မလွဲတောင် ခရီးအား ယခုအခါ သုံးနာရီနှင့် အရောက်သွားနိုင်နေပြီဖြစ်ကြောင်းကို လမ်းဆောက်လုပ်ရေးအထူးအဖွဲ့ (၁၆)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်သန်းက ပြောသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ (ASEAN)တွင် ပါဝင်ပြီး တောင်အာရှနိုင်ငံများဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများ (SAARC) လည်းဖြစ်၍ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း စီးပွားရေးဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများ (BIMSTEC)နှင့် မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် (BCIM) စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ထိုင်း၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် ဆက်သွယ်မည့်အာရှလမ်းမကြီး၊ အာဆီယံလမ်းမကြီး၊ မဲခေါင်မြစ်ဝှမ်းဒေသစီးပွားရေးဇုန်လမ်းမကြီးများ၊ ဘင်းစတက်လမ်းမကြီး၊ အိန္ဒိယ၊ ထိုင်း၊ မြန်မာ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့်လမ်းမကြီး၊ မဲခေါင်မြစ်ဝှမ်းဒေသအရှေ့အနောက်နှင့် တောင်မြောက်စီးပွားရေးဇုန်လမ်းမကြီး၊ အိန္ဒိယ၊ မြန်မာ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီး၊ ပလက်ဝနယ်စပ် ကားလမ်းဖောက်လုပ်ရေးနှင့် ကုလားတန်မြစ်ကြောင်းပြုပြင်ရေး စသည့်စီမံကိန်းများလည်းရှိကြောင်း သိရသည်။

၁၁၄၅ ကီလိုမီတာရှိ အာဆီယံလမ်းမကြီးအမှတ် (AH.112)၏အစိတ်အပိုင်းတစ်ခုဖြစ်သော ရန်ကုန်-မြိတ်-ကော့သောင်း ကားလမ်း၊ ထားဝယ်မှ မလွဲတောင်အပိုင်း ၈၁ မိုင် ၆ ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဖောက်လုပ်ရေးအထူးအဖွဲ့ (၁၆)သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆိုးရွားစွာ ပျက်စီးနေသောလမ်းများကို ချောမွေ့အောင်ဆောင်ရွက်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရရှိရန်ပုံငွေဖြင့် ကတ္တရာလမ်း ၁၄ မိုင် ၅ ဖာလုံခင်းခြင်း၊ တာလမ်း ၃၁ မိုင် ၆ဖာလုံချဲ့ခြင်း၊ Box Culvert ၃၁ စင်းတည်ဆောက်ခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း လေးမိုင်ခင်းခြင်း၊ တာလမ်း ၁၅ မိုင် ၅ ဖာလုံခင်းခြင်း၊ Box Culvert ၂၁ စင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထားဝယ်မှ မလွဲတောင်အပိုင်း ၈၁ မိုင် ၆ ဖာလုံအား အကျယ် ၁၈ ပေ ကတ္တရာလမ်းခင်းခြင်းနှင့် Box Culvert အစင်း ၂၀ နှင့် ပေ ၅၀ အောက်တံတား ၁၂ စင်းတို့ကို ပြီးစီးအောင်တည်ဆောက်နိုင်ခဲ့သဖြင့် ထားဝယ်-မလွဲတောင်အပိုင်းသည် သွားလမ်းသာ၍ လာလမ်းဖြောင့်လျက်ရှိသည်။

## ငါန်းဇွန်မြို့နယ်၌ တိုက်နယ်ဆေးရုံသစ် ဆောက်လုပ်လျက်ရှိ

**ငါန်းဇွန် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ၁၆ ခုတင်ဆံ့မြို့သာတိုက်နယ်ဆေးရုံသစ် ဆောက်လုပ်လျက်ရှိပြီး မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် ခရိုင်တည်ဆောက်ရေးလုပ်ငန်းများ၊ စိစစ်ရေးကော်မတီမှ တာဝန်ရှိသူများ ဇွန် ၁၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



အဆိုပါ မြို့သာတိုက်နယ်ဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀၀ ဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## စစ်ကိုင်း၌ မိုးရွာ၍ ဖုန်းကို ဆိုင်ကယ်ဘောက်အတွင်းထည့်စဉ် ကားတိုက်ခံရ

**နေပြည်တော် ဇူလိုင် ၁၂**

ဇူလိုင် ၁၁ ရက် မွန်းလွဲ ၂ နာရီက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပါယ်ငါးဆယ်ကျေးရွာနေ ကိုနေအောင်ထွန်း(၃၁ နှစ်)သည် စစ်ကိုင်းမြို့ လေးကျွန်းမြေရပ်နေ ကိုမြင့်ဇော် (၃၄ နှစ်)အား တင်ဆောင်ကာ ၂၁ယ/----- ဆိုင်ကယ်ဖြင့် မန္တလေးဘက်မှ စစ်ကိုင်းဘက်သို့ မောင်းနှင်လာစဉ် ရတနာပုံတံတားပေါ် စစ်ကိုင်းဘက်ခြမ်းအရောက် မိုးရွာလာသဖြင့် ဆိုင်ကယ်ကို လမ်းယာဘက်ဘေးတွင်ရပ်၍ ဖုန်းများကို ဆိုင်ကယ်တူးဘောက်အတွင်းထည့်နေစဉ် မန္တလေးဘက်မှ စစ်ကိုင်းဘက်သို့ မြစ်ငယ်မြို့ မြစ်လောင်းကျေးရွာနေ ဦးထွန်းငွေ (၇၆နှစ်) မောင်းနှင်လာသော 9D/----TOYOTA MARK II အဖြူရောင်ယာဉ်မှာ ယာဘက်ရှေ့ဘီးပေါက်၍ နောက်မှဝင်ရောက်တိုက်မိခဲ့ရာ ကိုနေအောင်ထွန်းနှင့် ကိုမြင့်ဇော်တို့တွင် ဒဏ်ရာများအသီးသီး ရရှိခဲ့သောကြောင့် ဦးထွန်းငွေအား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
503472, 0973001453, 0930775232 တွင် ဖွင့်လှစ်မည့်သင်တန်းများ

BASIC ENGLISH SPEAKING
6 - 7:30 (Mon ~ Thurs) 13 Jul
10-11:30 (Mon ~ Thurs) 20 Jul
7:30 - 9 (Mon ~ Thurs) 22 Jul
3:30 - 5 (Mon ~ Thurs) 27 Jul
10-11:30 (Mon ~ Thurs) 12 Aug
BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 13,20 Jul
3:30 - 5 (Mon ~ Thurs) 13,20 Jul
1 - 2:30 (Mon ~ Thurs) 20 Jul
7:30-10:30 (Sat + Sun) 25 Jul
6 - 7:30 (Mon ~ Thurs) 27 Jul
7:30 - 9 (Mon ~ Thurs) 29 Jul
VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 12 Jul
1 - 2:30 (Mon ~ Thurs) 20 Jul
PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 22 Jul
7:30 - 9 (Mon ~ Thurs) 29 Jul
1 - 4:00 (Sat + Sun) 2 Aug
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 22 Jul
1 - 2:30 (Mon ~ Thurs) 3 Aug
BASIC GRAMMAR
7:30 - 9 (Mon ~ Thurs) 20 Jul
10-11:30 (Mon ~ Thurs) 31 Aug
INTERMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 24 Aug
BASIC WRITING
12 - 3:00 (Sat + Sun) 12 Jul
10-11:30 (Mon ~ Thurs) 24 Aug
BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 20 Jul
7:30-10:30 (Sat + Sun) 1 Aug
7:30 - 9 (Mon ~ Thurs) 10 Aug
BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 22 Jul
7:30-10:30 (Sat + Sun) 25 Jul
4:30-7:30 (Sat + Sun) 25 Jul
6 - 7:30 (Mon ~ Thurs) 27 Jul
1 - 2:30 (Mon ~ Thurs) 29 Jul
BASIC GRAMMAR
7:30-10:30 (Sat + Sun) 18 Jul
PRE-INTERMEDIATE (4-SKILL ENGLISH)
6 - 7:30 (Mon ~ Thurs) 20 Jul
7:30 - 9 (Mon ~ Thurs) 5 Aug
4:30-7:30 (Sat + Sun) 15 Aug
INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 12 Jul
IELTS (Preparation)
7:30-9:30 (Mon ~ Thurs) 13 Jul
1 - 4:30 (Sat + Sun) 25 Jul
IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 20 Jul
IELTS (Reading)
7:30-9:30 (Mon ~ Thurs) 10 Aug
IELTS (Writing)
7:30-9:00 (Mon ~ Thurs) 13 Jul
IELTS (Grammar)
10-11:30 (Mon ~ Thurs) 20 Jul



**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)**
**တံတားအထူးအဖွဲ့(၉)၊ ပဲခူး**

**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**
**(တင်ဒါအမှတ် ၁/၂၀၁၅)**

၁။ ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါလျှောက်လွှာများတင်သွင်းနိုင်ပါသည်။
၂။ **တင်ဒါရွေးချယ်မည့်ရက်** - ၂၈-၇-၂၀၁၅ရက်(အင်္ဂါနေ့)
၃။ **တင်ဒါရွေးချယ်မည့်အချိန်** - နံနက် ၁၁ နာရီ
၄။ **တင်ဒါရွေးချယ်မည့်နေရာ** - ဒု-ညွှန်ကြားရေးမှူးရုံး(မြို့ပြ) တံတားအထူးအဖွဲ့(၉)၊ဘုရားကလေး
၅။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ၁၄-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူ တင်သွင်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၉-၄၉၄၄၄၈၉၄**



သံတောင်ကြီးမြို့နယ် သံတောင်မြို့ ဥသျှစ်ကုန်းကျေးရွာ အလကကျောင်း၌ ဇူလိုင် ၁၂ ရက်က ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော်ကျင်းပရာ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပျိုးပင်မျိုးစုံ အပင် ၁၆၀ တို့ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (၁၁၅)

# သီလဝါအထူးစီးပွားရေးဇုန်ကြောင့် ရွှေ့ပြောင်းသွားရသူများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က နစ်နာကြေးပေးဆောင်

**ရန်ကုန် ဇူလိုင် ၁၂**

သီလဝါ အထူးစီးပွားရေးဇုန်ကြောင့် ရွှေ့ပြောင်းသွားရသူ ရှစ်ဦးကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဇူလိုင် ၁၀ ရက်က လျော်ကြေးများ ပေးအပ်ခဲ့ရာ မြေကွက်အမှတ် ၂၅ နှင့် ၂၆ အတွက် တစ်ဧကလျှင် ငွေကျပ် ၆၇ သိန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၂ ဒသမ ၂၁ သန်း ရရှိခဲ့ကြကြောင်း အဆိုပါ ဒေသခံများက ပြောကြားသည်။

ဒေသခံတောင်သူ ဦးဇော်ဝင်းက ၎င်း၏ လယ်မြေနှစ်ဧကအတွက် ငွေကျပ် ၁၃၄ သိန်း ရရှိသည့်အတွက် ကျေနပ်ပါကြောင်း ပြောကြားသည်။ ဒေသခံများ နစ်နာကြေးရရှိရေး အကျိုးဆောင်ပေးသူ ဦးစိုးမောင်က ကနဦးလျော်ကြေး ပေးအပ်စဉ်က ကုမ္ပဏီများအနေဖြင့် မြေအတွက်ကို ငွေကျပ်သိန်း၇၀ သာပေးပြီး ဌားရမ်းခ အဖြစ် ငွေကျပ်တစ်သိန်းပေးကြောင်း၊ ယင်းပမာဏမှာ နည်းပါးသဖြင့် ယခုလိုထပ်မံရရှိအောင် တောင်းဆိုရခြင်းဖြစ်ကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် ငွေပိုရလေ ၎င်းတို့အနာဂတ်အတွက် ပို၍ကောင်းလေဖြစ်ကြောင်း ပြောကြားသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် မြေကွက်အမှတ် ၂၂၊ ၂၃ နှင့် ၂၄ တို့ကို လျော်ကြေးမပေးသေးကြောင်း သိရသည်။ သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်း ပထမအဆင့်တွင် မြေဟက်တာ ၄၀၀ ပါဝင်ပြီး ယင်းအနက် မြေ ၁၈၉ ဟက်တာပါ စီမံကိန်းကို လာမည့်စက်တင်ဘာလတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။ အဆိုပါ စီမံကိန်းကြီးကို မြန်မာက ၅၁ ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး ဂျပန်က ၄၉ ရာခိုင်နှုန်း ပိုင်ဆိုင်ကြောင်း သိရသည်။

**ကျော်သဲအိမ်**

# မြန်မာ့ပထမဆုံး စမတ်ဖုန်းရုပ်ရှင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၂**

စမတ်ဖုန်းများဖြင့် ရိုက်ကူးထားသည့် ဗီဒီယိုများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် မြန်မာ့ပထမဆုံး စမတ်ဖုန်းရုပ်ရှင်ပြိုင်ပွဲ Smartphone Film Festival ကို Yangon Heartz Business Solution Co.,Ltd က ဩဂုတ်လအတွင်း ကျင်းပသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ စမတ်ဖုန်းသုံးစွဲမှု မြင့်တက်လာချိန်တွင် စမတ်ဖုန်းကိုင်ဆောင်သူများ၏ အနုပညာပိုင်းဆိုင်ရာ တီထွင်ဖန်တီးမှုများအား ဖော်ထုတ်ပြသနိုင်ရန်နှင့် လူမျိုးတိုင်း၏ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ နေ့စဉ်နေထိုင်မှုဘဝ၊ လွတ်လပ်သည့်လှုပ်ရှားပျော်ရွှင်မှု၊ ဓလေ့ထုံးစံနှင့် အနုပညာဖန်တီးမှုများကို နည်းပညာဖြင့် ဖော်ထုတ်ပြသသွားရန်အတွက် ယနေ့ခေတ်၏နေထိုင်မှုတွင် တစ်စိတ်တစ်ပိုင်းဖြစ်လာသည့် မိုဘိုင်းဖုန်းများဖြင့် မှတ်သားရိုက်ကူးထားသည့် အမှတ်တရများ၊ စိတ်ကူးနှင့် ပုံဖော်မှုများကို တင်ဆက်ပြသသွားနိုင်ရန်အတွက် ပြိုင်ပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် Short Film အမျိုးအစားအဖြစ် ကြာမြင့်ချိန် ၅ မိနစ်မှ ၁၀ မိနစ်အထိ အတွင်းရှိသော Movie Clip များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဒိုင်များအဖြစ် ဒါရိုက်တာမောင်သူရ(ခ)ဦးဇာဂနာ၊ ဦးဇော်သက်ထွေး (မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ)၊ ဒါရိုက်တာဝိုင်း၊ ဒါရိုက်တာ ကြည်ဖြူသျှင်၊ ကိုနေဘုန်းလတ်(Blogger)၊ ဒါရိုက်တာမောင်မောင်သာမြင့် (Nut & Butter Films)၊ ဒါရိုက်တာဝိရ( Green Age Film Production ) တို့က အကဲဖြတ် ကူညီပေးကြမည်ဖြစ်ကြောင်း၊ ဒိုင်အဖြစ်ပါဝင်ပေးကြမည့် အခြားပညာရှင်များကိုလည်း ထပ်မံဖိတ်ခေါ်ထားကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုအမျိုးအစား သုံးမျိုးခွဲခြားချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲနှင့် ပတ်သက်သည့် အသေးစိတ်အချက်များကို Smartphone Film Festival ၏ ဝက်ဘ်ဆိုက် www.spffmm.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သူရဖြိုး**



# ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့သစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အထက(၁၁)၌ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးခြင်းကို ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

သစ်ပင်စိုက်ပျိုးပွဲတွင် အဖွဲ့ဝင် ၆၀၀ တို့ စုပေါင်း၍ သရက်၊ စွယ်တော်၊ ခရေ၊ ငုဝါ၊ သပြေ၊ စံပယ်၊ ရေတမာ၊ ရွက်လှ၊ မဲဇလီ၊ ကုက္ကိုစသည့်အပင် ၈၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကြို့ပင်ကောက်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်

**ကြို့ပင်ကောက် ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြို့နယ်ချောင်းကျေးရွာဆင်နင်းပင်လမ်းတွင် ဇူလိုင် ၁၀ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

သစ်ပင်စိုက်ပွဲတွင် ကျွန်းပင် ၅၀၀၊ ပျဉ်းကတိုး ၄၀၀၊ မဲဇလီ ၅၀၀၊ အော်ရီရှား ၅၀၀၊ ပိတောက် ၂၀၀ တို့ကို ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပါဝင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သိန်းတိုး(ဇီးကုန်း)**

## နိုင်ငံတကာသတင်း

# စပိန်ဘိုးဘွားရိပ်သာမီးလောင်မှု သက်ကြီးရွယ်အို ရှစ်ဦးသေ၊ ၁၂ ဦးဒဏ်ရာရ

**မက်ဒရစ် ဇူလိုင် ၁၂**

စပိန်နိုင်ငံ အရှေ့မြောက်ဘက် ဇာရာဂိုဇာပြည်နယ် မြို့တော်ဇာရာဂိုဇာအနီးရှိ ဘိုးဘွားရိပ်သာတစ်ခုတွင် ဇူလိုင် ၁၂ ရက်အစောပိုင်းက မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ သက်ကြီးရွယ်အိုပိုင်း လူရှစ်ဦး သေဆုံးခဲ့ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဇာရာဂိုဇာမြို့အနီးရှိ ကော့သ်ဒီဟွေဗာဟုခေါ်သော ကျေးရွာငယ်လေးတစ်ခုတွင် ဇူလိုင် ၁၂ ရက်က ဖြစ်ပွားခဲ့သည့် အဆိုပါမီးလောင်မှုတွင် သက်ကြီးရွယ်အို ရှစ်ဦးသေဆုံးခဲ့သည့်အပြင် ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းဒဏ်ရာရရှိသူများအနက် နှစ်ဦး၏အခြေအနေမှာ စိုးရိမ်ရကြောင်း အာရဂွန်ဒေသအစိုးရ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦး၏ အဆိုအရ သိရသည်။

အဆိုပါမီးလောင်မှုမှာ ဇူလိုင် ၁၂ ရက် ဒေသစံတော်ချိန် နံနက်ပိုင်း ၁ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တာဝန်ရှိသူများအနေဖြင့် ယင်းမီးလောင်မှုစတင်ဖြစ်ပွားရခြင်းအကြောင်းရင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ အဆိုပါမီးလောင်မှု၌ သေဆုံးသူများအနက် တစ်ဦးမှာ သက်ကြီးရွယ်အိုများအား ကြည့်ရှုစောင့်ရှောက်ပေးသူဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်၏အဆိုအရ သိရသည်။ **(ရိုက်တာ)**

■ **ဘာသာပြန်-ဂျော်တီ**

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

**ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားခြင်း**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဖွဲ့စည်းခြင်း (၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**ကျင်းပမည့်ရက်** - ၂၆-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်နေရာ** - မင်းကွန်းတိပိဋကကျောင်း (ငွေရတုခန်းမ) အမှတ် ၁၆၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်
**ကျင်းပမည့်အချိန်** - နံနက် ၉နာရီတွင် တရားနာပါမည်။ နံနက်၁၀နာရီတွင် သံဃာတော်များအား နေ့ဆွမ်းကပ်ပြီး ကြွရောက်လာသော ဧည့်သည်များအား နေ့လယ်စာဖြင့် ဧည့်ခံပါမည်။

လျှပ်စစ်ဝန်ထမ်းဟောင်းအသင်းသား/ အသင်းသူများအားလုံး ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** ။ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်ရှိ အသင်းရုံး ဖုန်း-၀၁-၂၃၀၁၀၇၄နှင့်၀၉-၄၂၀၀၆၅၆၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ပါသည်။

**အမှုဆောင်အဖွဲ့**
**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**
**ဖုန်း-၀၁-၂၃၀၁၀၇၄**

**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ကန်ရိပ်သာလမ်းသို့လှောင်ရုံပြင်ဆင်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

(၁) ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းပိုင် ကန်ရိပ်သာလမ်းရှိ စက္ကူသိုလှောင်ရုံများ အသေးစားပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဈေးနှုန်းလွှာများ တင်သွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်။
(၂) အိတ်ဖွင့်တင်ဒါများကို ၁၃-၇-၂၀၁၅ရက်မှ ၂၄-၇-၂၀၁၅ရက် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၅-၇-၂၀၁၅ရက် နံနက် ၉နာရီမှ ညနေ ၃နာရီအတွင်း အောက်ပါလိပ်စာသို့ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
(၃) အသေးစိတ်အချက်အလက်များသိရှိလိုပါကအောက်ပါအတိုင်းစုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်နှင့်တင်ဒါတင်သွင်းရန်လိပ်စာ**
**ကန်ရိပ်သာလမ်း၊ ဂိုဒေါင်ပြင်ဆင်ရေးကော်မတီ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်ရုံး)**
**အမှတ် ၂၁၂၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်**
**ဖုန်း-၀၁-၂၀၀၈၁၂၊ ၀၁-၂၀၁၁၉၂**

**CLAIMS DAY NOTICE**

**M.V MAKASSAR HIGHWAY VOY:NO(155A)**

Consignees of cargo carried by M.V MAKASSAR HIGHWAY VOY: NO(155A) are here by notified that the vessel will arrive on about 15-7-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အမည်ပြောင်း**

ကျောင်းကုန်းမြို့နယ်၊ မင်းမနိုင်ကျေးရွာနေ ဦးသန်းဝင်း-ဒေါ်စန်းစန်းသင်းတို့၏သား ပုသိမ်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(G)မှ မောင်ဝင်းလွင်ကျော်အား မောင်ဝင်းလွင်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**

ပုသိမ်မြို့၊ တက္ကသိုလ်နယ်၊ အမှတ်(၄)အလက၊ စတုတ္ထတန်းမှ မမေနိုင်းအောင်၏ဖခင်အမည်မှန်မှာ ဦးမြတ်ဇော် ၁၄/ဘကလ(နိုင်)၁၉၅၁၇၇ ဖြစ်ပါကြောင်း။

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ခုံယာဉ်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်၊ လစဉ်ကားမျိုးစုံငှားရန်ရှိသည်၊ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**မွေးသက္ကရာဇ်အမှန်**

သုံးဆယ်မြို့၊ သဃ်န်းကျွန်းကုန်းရပ်ကွက်နေ ဒေါ်ထားရီ ၇/သဝတ(နိုင်)၀၁၄၃၈၆၏သမီး မထက်ထက်စိုး ၇/သဝတ(နိုင်) ၁၃၁၆၅၆၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၇-၁၉၉၂ ဖြစ်ပါကြောင်း။

**မထက်ထက်စိုး**

**သမီးအဖြစ်မှစွန့်လွှတ်ခြင်း**

မအေးမြတ်မွန် ၁၄/ကကထ(နိုင်)၁၅၀၀၁၆သည် မိဘများ၏ သွန်သင်ဆုံးမစကားကို လုံးဝနားထောင်ခြင်းမရှိပါဘဲ ၈-၇-၂၀၁၅ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သူနှင့်ပတ်သက်သည့်မည်သည့်ကိစ္စမဆို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာပါသည်။

**ဦးမောင်မောင် ၁၄/အမန(နိုင်)၀၀၆၉၄၀**

# ကျွန်တော်နဲ့ ငြိမ်းချမ်းရေး



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

တစ်ခါက ကျွန်တော်တင်ပြခဲ့သလို ကျွန်တော်ဟာ ကုလသမဂ္ဂအဖွဲ့ အစည်းတစ်ခုဖြစ်တဲ့ ယူနက်စကိုနဲ့ အိန္ဒိယနိုင်ငံအစိုးရ ပူးပေါင်းဖွဲ့စည်းထားတဲ့ မဟတ္တမဂန္ဒီငြိမ်းချမ်းရေးဗိမာန်ရဲ့ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်ပါတယ်။ ဒီဗိမာန်ကြီးကို ကြီးကြပ်စီမံတဲ့ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအနေနဲ့ တစ်နှစ် နှစ်ကြိမ် ဗိမာန်ရှိရာ နယူးဒေလီမြို့ကို အစည်းအဝေးတက်ရပါတယ်။ မနှစ်ကလုပ်ခဲ့တဲ့ ဒါရိုက်တာအစည်းအဝေးကို မတက်ရောက်နိုင်ခဲ့တာမို့ ၂၀၁၅ ခုနှစ် ပထမအကြိမ် ဒါရိုက်တာအဖွဲ့အစည်းအဝေးကို မရောက်ရောက်အောင် တက်ခဲ့ပါတယ်။ ဒီတစ်ခေါက် ရန်ကုန်ကတစ်ဆင့် ဗန်ကောက်မြို့ကတစ်ဆင့် ဒေလီမြို့ကို လာခဲ့ပါတယ်။ လေယာဉ်ပျံခရီးစဉ်ကြောင့် ဒေလီမြို့ရောက်တော့ နံနက် ၃ နာရီ ထိုးနေပြီ။ ဟိုတယ်ရောက်တော့ လူကမခံနိုင်တော့ဘူး။ အဝတ်အစားတောင်မလဲဘဲ ချက်ချင်းအိပ်ရာဝင်ခဲ့ရတယ်။

နံနက် ၈ နာရီလောက် နံနက်စာစားပြီး အိပ်ရာထဲပြန်ဝင်ခဲ့တယ်။ အစည်းအဝေးက မွန်းလွဲ ၂ နာရီခွဲဆိုတော့ အချိန်ကရတာ။ အစည်းအဝေးက ဒါရိုက်တာအဖွဲ့ဝင်အစည်းအဝေး မဟုတ်သေးဘူး။ ဒါရိုက်တာအစည်းအဝေးက နောက်တစ်ရက်မှ လုပ်မှာ။ ဒါရိုက်တာအစည်းအဝေးအကြို လူငယ်တွေဖိတ်ကြားပြီး လုပ်တဲ့အစည်းအဝေး၊ နယူးဒေလီက လူငယ် ၁၀၀ ကျော်လောက် တက်ရောက်ကြတယ်။ အစည်းအဝေးခေါင်းစဉ်းက သိပ်စိတ်ဝင်စားစရာ၊ Talking Across Generation (TAG) လို့ခေါ်ဝေါ်ထားတယ်။ အဓိပ္ပာယ်က အသက်အရွယ်မတူကြတဲ့ လူငယ်တွေနဲ့ လူကြီးတွေထိုင်ပြီး စကားဝိုင်းလုပ်တာ၊ လူကြီးတွေက ကျွန်တော်တို့လို ဒါရိုက်တာအဖွဲ့ဝင်တွေရယ်၊ နယူးဒေလီက တာဝန်ရှိသူတွေရယ်၊ လူငယ်တွေရယ် စုံစုံလင်လင်ပဲ။ ဒီအစည်းအဝေးမှာ ဆွေးနွေးခဲ့တဲ့ အကြောင်းက "ငြိမ်းချမ်းရေးရအောင် ပညာရေးနဲ့ စစ်ခင်းလို့ရသလား" ဆိုတဲ့ မေးခွန်းကိုမေးထားတယ်။

အစည်းအဝေးကို စီစဉ်ညွှန်ကြားသူက အိန္ဒိယနိုင်ငံမှာ ထင်ရှားတဲ့ သတင်းစာဆရာတစ်ဦး။ သူက ပေါ့ပေါ့ပါးပါးဖြစ်အောင် ကျွန်တော်တို့ လူကြီးတွေကို လူငယ်တွေနဲ့ အတူစားပွဲတစ်ပွဲစီမှာ ထိုင်ခိုင်းတယ်။ အဓိပ္ပာယ်ကတော့ အသက်အရွယ် မတူညီသူတွေကို စကားပြောစေတာ။ ကျွန်တော့်စားပွဲမှာ ကလေးမလေးတွေက လေး၊ ငါးယောက်၊ မီဒီယာမှာလုပ်နေတဲ့ အမျိုးသမီး တစ်ဦးရယ်၊ တက္ကသိုလ်တစ်ခုက ပါမောက္ခ၊ အစည်းအဝေးကျင်းပပုံကို ကျွန်တော်က စိတ်ဝင်စားလို့ သေသေချာချာ လေ့လာမိတယ်။ အခမ်းအနားမှူးဖြစ်တဲ့သူက စီစဉ်ညွှန်ကြားသူအဖြစ် ဆောင်ရွက်တယ်။ သူကစစချင်း ပရိသတ်တွေကို အစည်းအဝေးရဲ့ခေါင်းစဉ်ကို အဖြေပေးစေခဲ့တယ်။ သူက အခုလိုဖွင့်ပေးတော့ တက်ရောက်လာတဲ့သူတွေက အလုအယက်ဖြေကြတာ လူငယ်တွေကသာ ထပြောကြတယ်။ ပြောတာကလည်း သူတို့တစ်ဦးချင်း ရင်ဆိုင်ခံစားရတာတွေကို အသေးစိတ်တင်ပြကြတာ။

သူတို့ပြောတာတွေ နားထောင်ရင်း သူတို့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေ၊ ပြဿနာတွေကို တစေ့တစောင်း သိခဲ့ရတယ်။ သူတို့ဆီမှာ ဘာသာရေးပြဿနာက အတော်လေးကြီးမားတာ။ ၁၉၄၇ ခုနှစ် အင်္ဂလိပ်မင်းထံက လွတ်လပ်ရေးရတဲ့အချိန်ကစပြီး ဘာသာမတူညီမှုကြောင့် သွေးချောင်းစီးခဲ့ရတာ။ အိန္ဒိယပြည်လွတ်လပ်ရေးရတော့ အစ္စလာမ် ဘာသာဝင်တွေက ပါကစ္စတန်နိုင်ငံ ထူထောင်ပြီး ဟိန္ဒူဘာသာဝင်တွေက အိန္ဒိယပြည်ကို တည်ထောင်ခဲ့တယ်။ ဒီတုန်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံမရှိသေးဘဲ အရှေ့ပါကစ္စတန်ဒေသအဖြစ်သာ ပါကစ္စတန်နိုင်ငံရဲ့ အစိတ်အပိုင်းအဖြစ် တည်ရှိခဲ့တယ်။ တစ်ချိန်တုန်းကအတူနေကြတဲ့၊ ဘာသာမတူကြတဲ့သူတွေက ကိုယ့်ဘာသာဝင်အများစုရှိရာကို ရွှေ့ပြောင်းကြတယ်။

**အခုလိုရွှေ့လျားကြရင်း အကြီးအကျယ်သွေးချောင်းစီးခဲ့တယ်။ အစွန်းတရားရဲ့ အနိဋ္ဌာရုံကို လှလှကြီးခံစားခဲ့ကြရတယ်။ ဒီလိုဖြစ်တာကိုမြင်ပြီး မဟတ္တမဂန္ဒီကြီးက မျက်ရည်ကျခဲ့တယ်။ ဒီပဋိပက္ခက အနှစ် ၅၀ ကျော်ခဲ့ပေမယ့် အိန္ဒိယနိုင်ငံအတွင်းမှာ အခုထိရှိနေတုန်း။ တင်ပြတဲ့ကလေးတွေက အခုလိုဖြစ်တဲ့ စစ်ပွဲတွေကို ပညာနဲ့ ဘယ်လို တိုက်ဖျက်သင့်သလဲဆိုတာကို အကြံပြုကြတယ်။ ဘာသာရေးပဋိပက္ခတွေရှိသလို ကျား၊မ ပဋိပက္ခတွေကိုလည်း ဖော်ထုတ်ခဲ့ကြတယ်။ သူတို့ရဲ့ လူ့အဖွဲ့အစည်းမှာ အမျိုးသမီးတွေအပေါ် ရှုမြင် သုံးသပ်တာက ပုံစံတစ်မျိုးလေ။ ဒီအကြောင်းကို အမျိုး သမီးငယ်တွေက ရင်နင့်ဖွယ်တင်ပြကြတယ်။**

အခုလို လူငယ်တွေပြောခွင့်ပေးပြီး လူကြီးတွေကိုလည်း ပြောခွင့်ပြုပါတယ်။ ကျွန်တော်က ပါဝင်ပြီးဆွေးနွေးခဲ့တယ်။ခေါင်းစဉ်ကို ဘဝင်မကျကြောင်းပြောခဲ့တယ်။ ငြိမ်းချမ်းရေးနဲ့စစ်ကို တစ်ပြေးညီပြီး စဉ်းစားတာကို မနှစ်သက်ပါဘူး။ စစ်ဆိုတာက တိုက်ပွဲဝင်ရတာ ၊ငြိမ်းချမ်းရေးကို တိုက်ပွဲဝင်လို့ မရနိုင်ဘူး။ တိုက်ပြီးမှ ရတဲ့ငြိမ်းချမ်းရေးဟာလည်း တည်မြဲနိုင်မှာ မဟုတ်ပါဘူး။

နောက်တစ်ချက် တင်ပြတာက **စစ်နဲ့ ငြိမ်းချမ်းရေးဟာ ဆန့်ကျင်ဘက် မဟုတ်ကြဘူး။ စစ်ရဲ့ဆန့်ကျင်ဘက်က ငြိမ်းချမ်းတာမဟုတ်ဘဲ စစ်မဖြစ်တာဘဲ ဖြစ်တာ။ ဒီလိုပဲ ငြိမ်းချမ်းရေးရဲ့ ဆန့်ကျင်ဘက်က မငြိမ်းချမ်းတာဖြစ်ပြီး စစ်ဖြစ်တာမဟုတ်ဘူး။ ဒါကြောင့် လူ့အဖွဲ့အစည်းတိုင်းမှာ ငြိမ်းချမ်းရေးကို တိုက်ယူလို့မရဘဲ ဖန်တီးမှ ရကြောင်းတင်ပြခဲ့ပါတယ်။**

**နောက်တစ်ချက် တင်ပြခဲ့တာက ငြိမ်းချမ်းခြင်းဟာ တစ်ဦးတစ်ယောက်ချင်းရဲ့ စိတ်ထဲမှာသာမက နှလုံးသားထဲမှာရှာဖွေဖို့လိုအပ်ကြောင်း ဝင်ရောက်ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်က အခုလိုစပြီး ဆွေးနွေးခဲ့လို့ ကျန်တဲ့လူကြီးတွေကလည်း ပါဝင်ပြီးပြောကြ ဆိုကြပါတယ်။**

ဆွေးနွေးပွဲပြီးတော့ ညစ်ခံပွဲလေးကျင်းပတယ်။ ပရိသတ်တွေအထဲက ကျွန်တော့်တင်ပြချက်တွေကို ထောက်ခံကြောင်း လာပြီးပြောရှာကြတယ်။ အမှန်တော့ လူတွေမှာ တူညီတဲ့ခံစားချက်တွေ ကိုယ်စီကိုယ်င ရှိကြတာပါပဲ။

နောက်တစ်နေ့မှာတော့ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို ကျင်းပခဲ့တယ်။ ဥက္ကဋ္ဌလုပ်သူက အိန္ဒိယလူမျိုး၊ အသက် ၈၀ ကျော်ပြီး ပညာရှင်ကြီး၊ အတွေ့အကြုံကလည်း ပြီးပြည့်စုံလိုက်တာ၊ တက္ကသိုလ်မှာ ပါမောက္ခလုပ်တယ်။ ပါလီမန်မှာလည်းပါတယ်။ နိုင်ငံရေးလည်းလုပ်နေသူ၊ ကျန်တဲ့ ဒါရိုက်တာအဖွဲ့ဝင်တွေက ဖိလစ်ပိုင်နိုင်ငံ၊ နီပေါနိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံက ကိုယ်စားလှယ်တွေ။ လေ့လာသူအဖြစ်ကတော့ ပြင်သစ်ရုံးချုပ်က ယူနက်စကိုအဖွဲ့အစည်းက ညွှန်ကြားရေးမှူးရယ်၊ ထိုင်းနိုင်ငံမှာရှိတဲ့ ယူနက်စကိုအဖွဲ့အစည်းနဲ့ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးပါဝင်ပြီး နော်ဝေနိုင်ငံက ပါမောက္ခက ပညာရှင်တစ်ဦးအနေနဲ့ တက်ရောက်ခဲ့တယ်။ ဒါရိုက်တာအဖွဲ့ဝင်တွေက သူ့နေရာနဲ့သူ ထင်ရှားကြသူတွေ၊ အစည်းအဝေးကတော့ ဗိမာန်ရဲ့ လုပ်ဆောင်ချက်တွေ၊ အောင်မြင်မှုတွေ၊ ဘတ်ဂျက်တွေကို အသေးစိတ်ဆွေးနွေးကြ၊ အကြံပြုကြပါတယ်။ အမှုဆောင်ဒါရိုက်တာ အဖွဲ့ရဲ့ သက်တမ်းက သုံးနှစ်ဖြစ်တာမို့ ၂၀၁၇ ခုနှစ်အထိ ဆောင်ရွက်မယ့်အစီအစဉ်တွေကို ဆွေးနွေးကြတယ်။ **ဗိမာန်ရဲ့ အဓိကဆောင်ရွက်ချက်က နှစ်ခုဖြစ်ပါတယ်။ တစ်ခုကတော့ မဟတ္တမဂန္ဒီကြီးရဲ့ ငြိမ်းချမ်းရေးအကြမ်းမဖက်ရေး လမ်းစဉ်ကို ပညာရေးနဲ့ ဘယ်ပုံဘယ်နည်းဖန်တီးသင့်သလဲ ဆိုတာကို အစီအစဉ်တွေဆွဲပြီး နိုင်ငံအသီးသီးမှာရှိတဲ့ ပညာရေးစနစ်တွေကို ပြုပြင်ပြောင်းလဲဖို့ဖြစ်ပါတယ်။**

**ကျွန်တော်တို့နိုင်ငံမှာ ပညာရေးပြုပြင်ပြောင်းလဲမှုတွေနဲ့ပတ်သက်ပြီး ပေါ်ပေါက်နေတဲ့ အနေအထားနဲ့တော့ ကွက်တိပါပဲ။ ဒါပေမယ့်ဝမ်းနည်းစရာကောင်းတာက ဒါတွေကို ဆွေးနွေးခြင်း မလုပ်နိုင်ခဲ့ပါဘူး။ အမှန်တော့ ပညာရေးဆိုတာ (Learning) သင်ယူ၊ ခံယူမှုဖြစ်ပါတယ်။ သင်ယူ၊ ခံယူတဲ့နေရာမှာလည်း အခြေခံအားဖြင့် လေးရပ်ရှိပါတယ်။**

၁။ Learning to Know- သိအောင်သင်ယူခံယူခြင်း၊
၂။ Learning to do -တတ်အောင်သင်ယူခံယူခြင်း၊
၃။ Learning to Live Together- အတူတကွ ရှင်သန်နေထိုင်နိုင်ရေးအတွက် သင်ယူခံယူခြင်း၊
၄။ Learning to be- မိမိဘဝကို အပြည့်အဝ ဖန်တီးနိုင်အောင် သင်ယူခံယူခြင်း။

**ပညာရေးစနစ်တစ်ခုကိုသုံးသပ်ရာမှာ ဒီအခြေခံလေးရပ်နဲ့ဆန်းစစ်ဖို့လိုအပ်ပါတယ်။ ပညာရေးစနစ်တစ်ခုရဲ့ ရည်မှန်းချက်က ဒီလေးရပ်ကို အခြေခံထားရမှာဖြစ်ပါတယ်။ ပထမအချက် နှစ်ခုဖြစ်တဲ့ သိရုံတတ်ရုံနဲ့ မလုံလောက်ပါဘူး။ လူသားတစ်ဦးရဲ့ လူ့တန်ဖိုးကို ဖော်ထုတ်နိုင်စွမ်းရှိဖို့ လိုအပ်လှပါတယ်။**

ပထမနေ့အစည်းအဝေးအပြီး ညဘက်မှာ အိန္ဒိယယဉ်ကျေးမှု အကပဒေသာပွဲကို သွားခဲ့ကြတယ်။ တစ်ကိုယ်တော်အက၊ ကကွက်တွေက ကောင်းလိုက်တာ။ ညစာကို ဒေလီမြို့မှာနာမည်ကြီးတဲ့ အစိုးရအရာရှိကြီးတွေသွားတဲ့ International Clubကို သွားကြတယ်။ မြန်မာပြည်မှာဒီ Club တွေဟာ တစ်ချိန်က အထင်အရှားရှိခဲ့တယ်။ ပဲခူး Club၊ ဂျင်ခါနာ Club အစရှိတဲ့ မျက်နှာဖြူများသာဝင်ရောက်နိုင်တဲ့ ကိုလိုနီစနစ်ရဲ့ အရုပ်ဆိုးတဲ့ ပုံရိပ်တွေဖြစ်တယ်။ အိန္ဒိယပြည်မှာတော့ ဒါတွေကို ဆက်ပြီးထိန်းသိမ်းထားခဲ့ကြတယ်။ မျက်နှာဖြူတွေအစား အခုတော့ တိုင်းရင်းသားတွေဖြစ်နေကြပြီ။ ပညာတတ်တွေ၊ အစိုးရအရာရှိတွေ။ နောက်တစ်နေ့ ကျွန်တော်က ဒါရိုက်တာအစည်းဝေးခဏတက်ရောက်ခဲ့ပြီး ဆက်စရာခရီးဖြစ်တဲ့ လန်ဒန်ကို လေယာဉ်ပျံနဲ့ ထွက်ခွာလာခဲ့ပါတယ်။ ။

**▌စစ်နဲ့ ငြိမ်းချမ်းရေးဟာ ဆန့်ကျင်ဘက်မဟုတ်ကြဘူး။ စစ်ရဲ့ဆန့်ကျင်ဘက်က ငြိမ်းချမ်းတာမဟုတ်ဘဲ စစ်မဖြစ်တာဘဲ ဖြစ်တာ။ ဒီလိုပဲ ငြိမ်းချမ်းရေးရဲ့ ဆန့်ကျင်ဘက်က မငြိမ်းချမ်းတာဖြစ်ပြီး စစ်ဖြစ်တာမဟုတ်ဘူး။▌**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၂**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆင်ပေါင်ဝဲ မြို့ပေါ်ရှိအမှတ်(၁)၊(၂)၊(၃) ရပ်ကွက်အခြေခံ ပညာအထက်တန်းကျောင်းနှင့် ရွာသစ်ကျေးရွာတို့တွင် ဇူလိုင် ၁၁ ရက် နံနက် ၇ နာရီက ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် စာသင်ကျောင်းများနှင့် လူနေအိမ်များရှိ ရေတွင်း၊ ရေကန်များတွင် ပိုးလောက်လမ်းနှိမ်နင်းခြင်းအတွက် ဖုံး၊သွန်၊ လဲ ၊စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ချုံနွယ်များရှင်းလင်းပေးခြင်း၊ စာသင်ကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးမျိုး(ဆင်ပေါင်ဝဲ)**





## ရေတာရှည်မြို့နယ်၌ မိုးစပါးကေ ရှစ်သောင်းကျော် စတင်စိုက်ပျိုး

**ရေတာရှည် ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့သည့်အတွက် မိုးစပါးစိုက်ဧက ရှစ်သောင်းကျော်ကို တောင်သူများ စတင်စိုက်ပျိုးလျက်ရှိသည်ကို ဇွန်လပထမပတ်က တွေ့ရသည်။ မိုးစပါးစိုက်ပျိုးရာတွင် အစေ့ချစိုက်ပျိုးခြင်းနှင့် ပျိုးထောင်စိုက်ပျိုးခြင်းနှစ်မျိုးဖြင့် စိုက်ပျိုးကာ အထွက်နှုန်းကောင်းမွန်သော ဈေးကွက်ဝင်စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးကြခြင်းလည်း ဖြစ်သည်။

ရတနာတိုး၊ သုခ(၂)၊ ထိုင်းကောက်၊ ပုလဲသွယ် အစရှိသော စပါးမျိုးများကို အများဆုံးစိုက်ပျိုးကာ နှစ်စဉ်စိုက်ပျိုးရေးအတွေ့အကြုံများကြောင့် တစ်နှစ်ထက်တစ်နှစ် အထွက်နှုန်းကောင်းမွန်၍ တစ်ဧကလျှင် တင်း ၈၀ ကျော်ထွက်ရှိကြောင်း တောင်သူတစ်ဦးကပြောသည်။ မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ခြင်း၊ ပိုးမွှားအန္တရာယ်၊ မြေဆီမြေဩဇာထိန်းကျောင်းအသုံးပြုနိုင်ခြင်းသည် မိုးစပါးစိုက်တောင်သူများအတွက် လွန်စွာအရေးပါလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မကွေးမြို့နယ်၌ အဝေမ်းမီးဖိုသုံးစွဲမှု ကျယ်ပြန့်လာ



**မကွေး ဇူလိုင် ၁၂**

မကွေးမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် သမားရိုးကျ ဖိုခနောက်မီးဖိုများအစား စွမ်းအားမြှင့် အဝေမ်းမီးဖိုများကို ကျယ်ကျယ်ပြန့်ပြန့် အစားထိုးသုံးစွဲလာကြကြောင်း သိရသည်။ ယင်းမီးဖိုများသည် လောင်စာအဖြစ် ထင်း၊ မီးသွေး၊ အစားထိုးလောင်စာအမျိုးမျိုးကို အသုံးပြုနိုင်ကြောင်း၊ ထင်းလောင်စာကုန်ကျမှုမှာ ၆၀ ရာခိုင်နှုန်းသာဖြစ်ပြီး မီးမွေးရာတွင်လွယ်ကူကာ မီးပုံ့လွင့်မှုနည်းပါးသောကြောင့် နွေရာသီ၌လည်း မီးဘေးအန္တရာယ်လျော့နည်းစေနိုင်ကြောင်း သိရသည်။

"အရင်တုန်းကတော့ အလွယ်တကူ ကျောက်ခဲသုံးလုံးဖိုခနောက်ဆိုင်ပြီး ထင်းမီးဖိုလုပ်သုံးခဲ့တယ်။ မီးပုံ့လွင့်မှုများတော့ မီးအပူဟပ်တဲ့ဒဏ်တွေခံရတယ်။ မီးခိုးအူတဲ့အခါကျတော့လည်း မျက်စိတွေစပ်ပြီး မျက်ရည်ပူတွေကျတယ်။ မီးဖိုချောင်ဆိုလည်း ကြပ်ခိုးတွေ၊ မှိုင်းခိုးတွေနဲ့ ညစ်ပတ်နေတာပဲ။ အခုတော့ အဝေမ်းမီးဖိုသုံးပြီး ဒီဒုက္ခတွေကနေ ကင်းဝေးလျော့ပါးသွားပါပြီ" ဟု မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာမှ အိမ်ရှင်မတစ်ဦးက ပြောပြသည်။

ယင်းကျေးလက်ဒေသများတွင် ကျေးရွာသုံး ထင်းစိုက်ခင်းများကို စနစ်တကျ စိုက်ပျိုးထားလျက်ရှိပြီး အခြားလောင်စာများအဖြစ် နှမ်းရိုး၊ ပြောင်းရိုး၊ ပဲစင်းငုံရိုးများအပြင် လက်ပံပွင့်ခြောက်များကိုလည်း အသုံးပြုလေ့ရှိသည်။ စွမ်းအားမြှင့် အဝေမ်းမီးဖိုများကို မင်းဘူး(စကု) မြို့နယ်အတွင်း၌လည်း ထုတ်လုပ်လျက်ရှိပြီး မကွေးမြို့နယ် မြို့ပေါ်နှင့် ကျေးလက်ဒေသများသို့ နေရာအနှံ့အပြား တင်ပို့ဖြန့်ချိလျက်ရှိကာ သုံးစွဲမှုပမာဏလည်း မြင့်တက်လာသည်။

သဘာဝ သယံဇာတဖြစ်သော သစ်တောသစ်ပင်များ ပြုန်းတီးမှု မရှိစေရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ကျေးလက်ဒေသများအရောက်ကွင်းဆင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းကုန်ကျမှု သက်သာသော အဝေမ်းမီးဖိုသုံးစွဲမှု အသိပညာပေး ဟောပြောပွဲများ အပါအဝင် အဝေမ်းမီးဖိုအခမဲ့ ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အဝေမ်းမီးဖိုများကို ပြင်ပပုဂ္ဂလိက ဈေးကွက်များတွင် ငွေကျပ် ၁၅၀၀ မှ ၁၈၀၀ အထိ ရောင်းချလျက်ရှိပြီး ဒေသဆိုင်ရာ ရုံးအဖွဲ့အစည်းများ၊ သစ်တောဦးစီးဌာန၊ စိမ်းစိုဦးစီးဌာန၊ တပ်ရင်းတပ်ဖွဲ့များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့လည်း အထူးအစီအစဉ်ဖြင့် ဖြန့်ဖြူးရောင်းချ ပေးလျက်ရှိသည်။ အိမ်ထောင်စု သုံးသန်းခန့်ရှိသော အပူပိုင်းဇုန်တစ်ခုလုံး စွမ်းအားမြှင့် အဝေမ်းမီးဖိုသုံးစွဲပါက နှစ်စဉ် ထင်းတန်ချိန် ၂ ဒသမ ၄ သန်းခန့် သက်သာစေနိုင်ကြောင်း၊ သစ်တောဖုံးလွှမ်းမှု တစ်ဧကကျော်လျှင် ငါးတန်နှုန်းဖြင့် တွက်ချက်ပါက သစ်တောဧက ၄၈၀၀၀၀ ခန့် နှစ်စဉ်ပြုန်းတီးမှုမှ ကာကွယ်နိုင်ကြောင်း သစ်တောပညာရှင်များက ခန့်မှန်းတွက်ချက်ထားသည်။

**ဖုးပွင့်နေခြည်(မကွေး)**

ဇူလိုင် ၇ ရက်က ရွှေတောင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဝေကိုနှင့်ဝန်ထမ်းများ လျှပ်စစ်ရုံးဝင်းရှေ့တွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှိုးဆော်ချက် ဆိုင်းဘုတ်စိုက်ထူပြီး မြို့နယ်စည်ပင်သာယာ ဈေးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ ၁၁၆



# သုံးမြွှာပူးကလေးများ ပညာသင်ကြားနိုင်ရေး အကူအညီများလိုအပ်



**မုံရွာ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ဗောဓိတထောင်နယ်မြေ ခတက္ကနိ(တောင်) ရွာအုပ်စု လှည်းဒါးကျေးရွာနေ ဦးကျော်ရွှေ-ဒေါ်နှင်းကြည်တို့က မွေးဖွားသည့် သုံးမြွှာပူး သမီးငယ်လေးများဖြစ်သည့် မဖြူပြာ၊ မမူရာ၊ မသူဇာ(၁၅ နှစ်)တို့သည် မိဘများက ချို့တဲ့သဖြင့် ယခုနှစ် ခတက္ကနိ(တောင်) အထက နဝမတန်းတွင် ခက်ခဲစွာပညာသင်ကြားနေရကြောင်း သိရသည်။

အဆိုပါ လှည်းဒါးကျေးရွာသည် မုံရွာမြို့မှ ၁၇ မိုင်ခန့်ကွာဝေးပြီး မိုးရာသီ၌ သွားရေးလာရေးအလွန်ခက်ခဲသည့် ကျေးရွာတစ်ရွာဖြစ်ပြီး လှည်းဒါးကျေးရွာမှ ပညာသင်ကြားနေသည့် ခတက္ကနိ(တောင်)အထက အထိ အသွားအပြန် ၁၄ မိုင်ခန့်ကို နေ့စဉ်အခက်အခဲများစွာဖြင့် သွားလာပညာသင်ကြားနေရကြောင်း သိရသည်။

မိဘများသည် တောင်သူလက်လုပ်လက်စားများ ဖြစ်ကြသဖြင့် အတန်းပညာနှင့်အတူ နေ့စဉ်ကုန်ကျစရိတ်များကို မတတ်နိုင်တော့သည့်အတွက် သမီးငယ်သုံးဦးကို ကျောင်းနုတ်ရတော့မည့် အနေအထားနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ထို့ကြောင့် တတ်အားသရွေ့ ပညာဒါန ထောက်ပံ့လှူဒါန်းပေးကြပါရန်နှင့် ထောက်ပံ့လှူဒါန်းလိုသူများနေဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးအောင်ဝင်းဆွေ ဖုန်း-၀၉-၄၀၀၄၀၈၆၉၆ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အောင်ဆွေ(မုံရွာ)**

## သတင်းတိုများ

### မချမ်းဘောမြို့နယ်၌ သမချေးငွေထုတ်ချေး

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစုမှ အခြေခံသမဝါယမအသင်းများသို့ EXIM Bank ချေးငွေထုတ်ချေးပေးသည့် အခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက မချမ်းဘောမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကအမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးဦးအောင်မောင်းက EXIM Bank ထုတ်ချေးငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မချမ်းဘောမြို့နယ်တွင် အခြေခံသမဝါယမအသင်းရှစ်သင်း၊ အသင်းသားဦးရေ ၁၄၈ ဦး၊ လယ်ယာစိုက်ပျိုးဧက ၃၃၈ ဒသမ ၈၈ ဧကအတွက် EXIM Bank ချေးငွေစုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၄၀၉၀၀၀၀ကို မချမ်းဘောမြို့နယ် သမဝါယမအသင်းစုမှ ဇူလိုင် ၇ ရက်က နေ့ချင်းပြီးထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဖုန်ကန်(ပြန်/ဆက်)**

### မြန်မာစာဂုဏ်ထူးရှင် ဂုဏ်ပြုပွဲ

မူဆယ်မြို့ မောဝ်နေခြည်စာကြည့်တိုက် ရှင်သန်ထိန်းသိမ်းရေး ကော်မတီ၏ (၇) ကြိမ်မြောက် မြန်မာစာဂုဏ်ထူးရှင် ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင်လပထမပတ်က မောဝ်နေခြည်စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်ထွယ်က အမှာစကားပြောကြားပြီး မူဆယ်မြို့နယ်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မြန်မာစာဂုဏ်ထူးရရှိသူ ၁၁ ဦးကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီး ဆုရသူများကိုယ်စား မယွန်းသဥ္ဇာအောင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**

### အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ဆွေးနွေး

ဖျာပုံခရိုင် အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေ(မူကြမ်း)များဆိုင်ရာ ခရိုင်အဆင့်ဆွေးနွေးပွဲကို ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ဇူလိုင် ၅ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဦးအောင်ကျော်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ပြုံးညို၊ ခရိုင်ပညာရေးမှူး ဒေါ်စိန်မာအေးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကျင်မွှေးတို့က အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေ(မူကြမ်း)များဖြစ်သော အခြေခံပညာရေးဥပဒေ(မူကြမ်း)၊ ပုဂ္ဂလိကပညာရေး ဥပဒေ(မူကြမ်း)နှင့် နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေ (မူကြမ်း)တို့ကို ရှင်းလင်းဆွေးနွေးပြီး CESR မှ တာဝန်ရှိသူများက ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) မူကြမ်းကို ရှင်းလင်းဆွေးနွေးကြသည်။ **အောင်ဝင်း(ဖျာပုံ)**

### လူကုန်ကူးခံရသူအား ထောက်ပံ့ငွေပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကင်းကျေးရွာမှ လူကုန်ကူးခံရသော မြန်မာရေလုပ်သား မောင်မင်းထိုက်ကို မေ ၁၇ ရက်တွင် အင်ဒိုနီးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်၍ ၎င်း၏မိဘများထံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

မောင်မင်းထိုက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ငွေကြေးများ ထောက်ပံ့ပေးရာ ဇူလိုင် ၉ ရက်က တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမြင့်က ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

# ကျိုက္ခမီရေလယ်ဘုရားတွင် ဓာတ်လှေကားတပ်ဆင်မည်

**မုဒုံ ဇူလိုင် ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့မှ ၅၅ မိုင်ကွာဝေးသော သံဖြူဇရပ်မြို့နယ်အတွင်းရှိ ကျိုက္ခမီရေလယ်ဘုရားသို့ အလွယ်တကူ မပင်ပန်းဘဲ သွားလာရလွယ်ကူအောင် ဓာတ်လှေကားတပ်ဆင်နိုင်ရေးအတွက် ဇွန်လကုန်ပိုင်းက ကုမ္ပဏီတစ်ခုနှင့် ဂေါပကအဖွဲ့တို့ စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပြီး ငွေကျပ်သိန်း ၃၄၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးဖိုးငြိမ်းထံမှသိရသည်။

ဘုရားကုန်းတော်သည် ပေ ၇၀ ကျော်ခန့်မြင့်သည့်အတွက် ရဟန်းသံဃာတော်များ၊ သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးချို့တဲ့သူများ ဘုရားဖူးမြော်နိုင်ရန် ဂေါပကအဖွဲ့က ဝိုးချဲ့များဖြင့် ခက်ခက်ခဲခဲပို့ဆောင်ပေးနေရသည်။

အဆိုပါ ဘုရားဖူးများအား ပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဓာတ်လှေကားကို လျှောက်လမ်း၊ ဆင်းလမ်း၊ ဘုရားဆောင်ဆင်းလမ်း ပြုပြင်မှုများအတွက် ငွေကျပ်သိန်း ၇၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ သီတင်းကျွတ်လပြည့်နေ့ ဘုရားပွဲတော်အမီ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

သံဖြူဇရပ်မြို့မှ ကျိုက္ခမီရေလယ်ဘုရားသို့ သွားရာလမ်းတစ်လျှောက်တွင် နေသဟာရမဟာမိတ် စစ်သချိုင်း၊ မွန်ရှေးဟောင်းဝါဂရူမြို့၊ စက်စဲကမ်းခြေ၊ သဘာဝဝဲကလိရေပူစမ်းနှင့် ရေလယ်ဘုရားကုန်းတော်ပေါ်မှကြည့်လျှင် နှစ်မိုင်ခန့် ရှည်လျားသော ပင်လယ်ကမ်းခြေ သဘာဝအလှများကြောင့် ပြည်တွင်း ပြည်ပခရီးသွားများ၊ အပန်းဖြေအနားယူသူများ၊ သမိုင်းသုတေသန ပြုလုပ်နေကြသူများ၊ ဘုရားဖူးများ အမြဲမပြတ် လာရောက်လျက်ရှိကြောင်း သိရသည်။

(၁၀၈)

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင် ကျေးရွာစီမံကိန်းကျေးရွာများမှ ကော်မတီအဖွဲ့ဝင်များနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လကုန်ပိုင်းက ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ကျင်းပစဉ်။ (ခရိုင် ပြန်/ဆက်)



## သတင်းတိုများ

### တရားလွှတ်တော်ရုံး၌ ပညာရည်ချွန်ဆုချီးမြှင့်

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ တရားရုံးများမှ အရာထမ်း၊ အမှုထမ်းတို့၏ မူလတန်းပညာသင်ကြားနေသော သားသမီးများအား ပညာရေးထောက်ပံ့ ပစ္စည်းပေးအပ်ခြင်းနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၀ ရက်က မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကို တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများက ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး အတွင်းရှိ တရားရုံးများမှ အရာထမ်း၊ အမှုထမ်းတို့၏ မူလတန်းပညာသင်ကြားနေသော သားသမီးများအား ပညာရေးထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(တရားရေး)**

### ဝင်းပကျေးရွာအခြေခံပညာကျောင်း ပြန်လည်ပြင်ဆင်

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာ၌ ယမန်နှစ်က ရေကြီးနစ်မြုပ်ခဲ့၍ ပြိုကျပျက်စီးသွားသော ကျောင်းခြံစည်းရိုးအုတ်နံရံ အရှည် ၃၀၂ ပေ၊ အမြင့် ၅ ပေကို ဝင်းပကျေးရွာသူ ကျေးရွာသားများ အချိန်မီ ကိုယ့်အားကိုယ်ကိုးပြန်လည်တည်ဆောက်ပြီးစီးခဲ့သည်။ ထို့အတူ နိုင်ငံတော်ကလည်း လိုအပ်နေသော ကျောင်းဆောင်သစ် အလျားပေ ၉၀၊ အနံပေ၃၀ ရှိသော အာရ်စီတစ်ထပ် စတီးသံပေါင်ကွန်ကရစ် ကျောင်းဆောင်သစ်ကို တန်ဖိုးငွေကျပ် သိန်းပေါင်း ၃၂၄ သိန်း အကုန်အကျခံကာ ယခုနှစ် ဒီဇင်ဘာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နေကြောင်း သိရသည်။ အဆိုပါကျောင်းသည် အခြေခံပညာ အလယ်တန်းကျောင်းခွဲ အဆင့်မှအဆင့်တိုးမြှင့်သတ်မှတ်ခြင်းခံခဲ့သည့် ကျောင်းတစ်ကျောင်းလည်း ဖြစ်သည်။ **ခွန်(ဝင်းပ)**

### ရေးကြက်မောက်သီး စားသုံးသူများအကြိုက်တွေ့

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း အဓိကစီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများအနက် ဒေသထွက် ရေးကြက်မောက်သီးများမှာ ဈေးကွက်အတွင်း အသီးများဝင်ရောက်ကာ ဈေးကောင်းရရှိကြောင်း သိရသည်။

ရေးကြက်မောက်သီးများမှာ ဈေးကွက်အတွင်း တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဈေးအထိရရှိကြပြီး စားသုံးသူများအတွက် လတ်ဆတ်ပြီး ချိုမြိန်သော အရသာကိုရရှိစေ၍ စားသုံးသူများအတွက် အကြိုက်တွေ့စေသဖြင့် ဈေးကွက်အတွင်း သံဖြူဇရပ်၊ မုဒုံ၊ မြဝတီအသီးများထက် ပိုမိုအကြိုက်တွေ့စေ၍ စိုက်ပျိုးတောင်သူများအနေဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များဖြစ်ထွန်းကြ၍ ဝင်ငွေများရရှိကြကာ လုပ်ငန်းအဆင်ပြေနေလျက်ရှိကြောင်း စိုက်ပျိုးတောင်သူတစ်ဦးက ပြောသည်။

**နေမျိုးထွဋ်(ရေး)**

# လျှပ်စစ်စက်ကွင်းနှင့် ဓာတ်လိုက်မှုအန္တရာယ်

**ဝေယံ**



လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် လျှပ်စစ်အသိမရှိခြင်း၊ လျှပ်စစ်အသိရှိသော်လည်း သတိမမူခြင်းကြောင့် လျှပ်စစ်အန္တရာယ်ဖြင့် ထိခိုက်ဒဏ်ရာ ရရှိခြင်း၊ အသက်ဆုံးရှုံးမှုများ၊ မီးလောင်မှုများနှင့် ကြုံတွေ့နေရပေသည်။ လျှပ်စစ်အန္တရာယ်ကြောင့် ထိခိုက်မှု၊ အသက်ဆုံးရှုံးမှု ဖြစ်ပွားရခြင်းတွင် အပိုင်း နှစ်ပိုင်း ခွဲခြားနိုင်ပါသည်-

(၁) လျှပ်စစ်စက်ကွင်းအတွင်း ဝင်ရောက်မိ၍ လျှပ်စစ်အန္တရာယ်ဖြစ်ပွားရခြင်း၊

(၂) လျှပ်စစ် စီးဆင်းနေသော ဝိုင်ယာကြိုး၊ လျှပ်စစ်ပစ္စည်းများကို ထိမိခြင်း၊ ကိုင်တွယ်မိရာမှ ခန္ဓာကိုယ်ကိုဖြတ်၍ လျှပ်စစ်စီးခြင်းကြောင့် လျှပ်စစ်အန္တရာယ် ဖြစ်ပွားရခြင်းတို့ပင် ဖြစ်ပါသည်။

လျှပ်စစ်စက်ကွင်းအတွင်း ဝင်ရောက်မိ၍ လျှပ်စစ်အန္တရာယ် ကြုံတွေ့ရခြင်းသည် ဗို့အားပြင်း ဓာတ်အားလိုင်းများ၊ ဗို့အားပြင်းဓာတ်အားခွဲရုံများအနီးသို့ ချဉ်းကပ်မိရာမှ အန္တရာယ်ဖြစ်နိုင်သော လျှပ်စစ်စက်ကွင်းအတွင်းသို့ ရောက်ရှိခြင်းကြောင့် ဖြစ်ပါသည်။ ဤနေရာတွင် လျှပ်စစ်စက်ကွင်းဆိုသည်ကို ရှင်းလင်းအောင်သိဖို့လိုပါသည်။ ဝိုင်ယာကြိုးတစ်ချောင်းတွင် လျှပ်စစ်ဖြတ်သန်းစီးဆင်းပါက ယင်းဝိုင်ယာကြိုး ပတ်လည်တွင် လျှပ်စစ်စက်ကွင်း ဖြစ်ပေါ်မည် ဖြစ်ပါသည်။အသုံးပြုသော ဗို့အား အမျိုးအစားပေါ် မူတည်၍ လျှပ်စစ်စက်ကွင်းဧရိယာ အကျယ်အဝန်း အကွာအဝေး ဖြစ်ပေါ်ပါမည်။ ထင်သာမြင်သာအောင် ပြောရပါက ဖယောင်းတိုင်မီးအလင်းရောင်၊ ၂ပေ မီးချောင်းအလင်းရောင်၊ ၄ ပေ မီးချောင်း အလင်းရောင်၊ ဆိုဒီယမ် မီးလုံး အလင်းရောင်တို့၏ ပတ်ဝန်းကျင် အလင်းရောင်ရောက်ရှိမှု အကွာအဝေးများ မတူညီမှုကို လူတိုင်းတွေ့ရှိခံစားနိုင်ပေသည်။ လျှပ်စစ်စက်ကွင်းသည် မျက်မြင်မတွေ့နိုင်သော်လည်း လျှပ်စစ်တိုင်းတာရေး ကိရိယာနှင့် တိုင်းတာခြင်းဖြင့် စက်ကွင်းကို တွေ့ရှိနိုင်ပါသည်။ လျှပ်စစ်စက်ကွင်းတွင် အန္တရာယ်ရှိသော ထိရောက်မှု အကွာအဝေးသည်လျှပ်စစ်အန္တရာယ်ရှိသော နေရာပင်ဖြစ်ပါသည်။လျှပ်စစ်ဗို့အား အမျိုးအစားအလိုက် ဖြစ်ပေါ်သော လျှပ်စစ်စက်ကွင်း ပြင်းအားပေါ်မူတည်ပြီး အန္တရာယ်ရှိနိုင်သော အကွာအဝေးကို သတ်မှတ်ထားကြပါသည်-

| ဗို့အားအမျိုးအစားနှင့် အန္တရာယ်ရှိနိုင်သော လျှပ်စစ်စက်ကွင်းအကွာအဝေး | |
|---|---|
| ၆/၆ ကီလိုဗို့ ဓာတ်အားလိုင်း | ၂/၁ ပေ |
| ၁/၁ ကီလိုဗို့ ဓာတ်အားလိုင်း | ၂/၁ ပေ |
| ၃၃ ကီလိုဗို့ ဓာတ်အားလိုင်း | ၂/၄ ပေ |
| ၆/၆ ကီလိုဗို့ ဓာတ်အားလိုင်း | ၂/၆ ပေ |
| ၁၃၂ ကီလိုဗို့ ဓာတ်အားလိုင်း | ၃/၆ ပေ |
| ၂၃၀ ကီလိုဗို့ ဓာတ်အားလိုင်း | ၅/၂ ပေ |

ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများတွင် ဖော်ပြပါ အန္တရာယ်ရှိနိုင်သော အကွာအဝေးအတွင်းသို့ ဝင်ရောက်မိပါက လျှပ်စစ်အန္တရာယ် ကြုံတွေ့ရမည်ဖြစ်သည်။ အန္တရာယ်ရှိသော လျှပ်စစ်စက်ကွင်းအတွင်းသို့ ဝင်ရောက်ရာတွင် လူကိုယ်တိုင်ဝင်ရောက်မိ၍သော်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားစီးဆင်းနိုင်သော လျှပ်စစ်ပစ္စည်း (ဥပမာ သံပိုက်လုံး၊ ဝါးလုံးအစို) စသည်များကို ကိုင်တွယ်အသုံးပြုနေစဉ် ယင်းပစ္စည်းများသည် အန္တရာယ်ရှိသော လျှပ်စစ်စက်ကွင်းအတွင်းရောက်ရှိရာမှ လူသို့တစ်ဆင့် လျှပ်စစ်စီးဝင်ပြီး လျှပ်စစ်အန္တရာယ် ရောက်ရှိခြင်း ဖြစ်သည်။ လျှပ်စစ်စက်ကွင်းပြင်းအားသည် ရာသီဥတု အခြေအနေပတ်ဝန်းကျင် စိုစွတ်မှု၊ ခြောက်သွေ့မှုတို့ပေါ်တွင်လည်း များစွာ မူတည်နေပါသည်။ မိုးရာသီကာလ မိုးရွာလွန်းချိန်များတွင် လေထုသည် စိုစွတ်ခြင်းကြောင့် လျှပ်စစ်စက်ကွင်း၏ ထိရောက်မှု အကွာအဝေးသည် ခြောက်သွေ့သော အချိန်ထက် ပိုမိုဝေးကွာမှုရှိသည်။ လက်တွေ့ဖြစ်စဉ် အချို့ကို ဖော်ပြရပါက ၂၀၀၄ ခုနှစ် ဇူလိုင် ၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းသော ညနေခင်းတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ လျှပ်စစ်တာဝန်ခံအရာရှိနှင့် အဖွဲ့တို့က ၆၆/၃၃ ကေဗွီ ဓာတ်အားခွဲရုံ အဆောက်အအုံတံခါးဖွင့်၍ ဝင်လိုက်စဉ် ရှေ့ဆုံးမှ ဝင်ရောက်သော တာဝန်ခံအင်ဂျင်နီယာသည် ပြင်းထန်သော လျှပ်စစ်စက်ကွင်းတွင် ထိကာ သမံတလင်းပေါ် ပစ်လဲကျပြီး ကိုယ်တစ်ခြမ်း မီးလောင်မှုဒဏ်ရာ ရရှိကာ သတိမေ့သွားခဲ့ပါသည်။ နောက်မှပါလာသူ အဖွဲ့ဝင် နှစ်ဦးသည်လည်း နောက်သို့လန်၍ လဲကျသွားပါသည်။ လျှပ်စစ်စက်ကွင်းဒဏ်အထိခံရသော တာဝန်ခံအရာရှိသည် ဆေးရုံတွင် ရက်ရှည်လများ ကုသမှုခံယူခဲ့ရပြီး ညာဘက်လက်သည် မီးလောင်မှုဒဏ်ရာများစွာဖြင့် သန်မာစွာ ဆောင်ရွက်နိုင်ခြင်း မရှိတော့ပါ။

နောက်ဖြစ်စဉ်တစ်ခု အနေဖြင့် ၂၀၁၂ ခုနှစ် ဧပြီ ၁၈ ရက်က မန္တလေးမြို့ ၁၃၂ ကေဗွီ ဓာတ်အားလိုင်း အောက်တွင် စည်ပင်အမှိုက်သိမ်း ယာဉ်မှကားရပ်၍ အမှိုက်များ သွန်ချရာ သန့်ရှင်းရေး အလုပ်သမားက အုန်းလက်အစိုကိုင်းကို အပေါ်ထောင်၍ ကိုင်ဆောင်ပြီး ပစ်ချရာတွင် ၁၃၂ ကေဗွီ ဓာတ်အားလိုင်း လျှပ်စစ်စက်ကွင်းအတွင်း ကျရောက်၍ သန့်ရှင်းရေးအလုပ်သမား ဓာတ်လိုက် သေဆုံးမှုဖြစ်ပွားခဲ့သည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်က ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ ဇောင်းတန်းရပ်ကွက်ရှိ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံဝင်းအတွင်းသို့ စိတ်မမှန်သူ ဦးဇော်ထွေးက ဝင်ရောက်ပြီး ထရန်စဖော်မာ၏ ၄၀၀ ဗို့အထွက် ဓာတ်အားလိုင်းကို သွပ်နန်းကြိုးဖြင့် ချိတ်၍ကိုင်လိုက်စဉ် ဓာတ်လိုက်၍ သေဆုံးခဲ့သည်။

၂၀၁၂ ခုနှစ် ဩဂုတ် ၁၂ ရက်က မအူပင်မြို့ရှိ အိမ်တစ်အိမ်တွင် သံပိုက်လုံးဖြင့် တီဗွီအင်တာနာတိုင်ထောင်ရာမှ သံပိုက်လုံးသည် ၁၁ ကေဗွီ ဓာတ်အားလိုင်းအနီး ကပ်မိ၍ ဓာတ်အားလိုင်းနှင့်လူ ကွာဝေးသော်လည်း လျှပ်စစ်ဓာတ်အား စီးဝင်နေသော သံပိုက်လုံးမှတစ်ဆင့် လူ၏ခန္ဓာကိုယ်ကို လျှပ်စစ်စီးဝင်ပြီး ဓာတ်လိုက်သေဆုံးခဲ့သည်။

၂၀၁၂ ခုနှစ် အောက်တိုဘာ ၅ ရက်က မတ္တရာမြို့ ၁၁ ကေဗွီ ဓာတ်အားလိုင်းအောက်တွင် အိမ်ဆောက်ထားသော ဦးသိန်းအောင်သည် အိမ်ခေါင်မိုးပေါ်တက်၍ အမှိုက်လှဲစဉ် ၁၁ ကေဗွီ ဓာတ်အားလိုင်း စက်ကွင်းမိကာ သေဆုံးခဲ့ရသည်။ ၆/၆ ကေဗွီနှင့်အထက် ဗို့အားပြင်း ဓာတ်အားလိုင်း ဓာတ်အားခွဲရုံများ၏ သတ်မှတ်ထားသော အန္တရာယ်ရှိနိုင်သော အကွာအဝေးအတွင်းသို့ ဝင်ရောက်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုလုပ်ရန် လိုအပ်ပါသည်။ ထရန်စဖော်မာများတွင် လူများမဝင်ရောက်ရန် ဝင်းခြံများ ကာရံထားသော်လည်း ဓာတ်အားလိုင်းများ အတွက်မူ သတ်မှတ်အကွာအဝေး အတွင်း ဝင်ရောက်ခြင်းမပြုရန်၊ လုပ်ငန်းဆောင်ရွက်ခြင်း မပြုရန် အဆောက်အအုံများ မဆောက်ရန် လိုအပ်မည် ဖြစ်ပါသည်။

ဓာတ်အားလိုင်းများ ရှိပြီးသော နေရာများတွင် ဓာတ်အားလိုင်း ဧရိယာကိုရှောင်၍ မြေကွက်များ ဖော်ထုတ်ရန် လိုအပ်ပါသည်။ အဆောက်အအုံများ၊ မြေကွက်များ ဆောက်လုပ်ရာတွင် ဓာတ်အားလိုင်း ကင်းလွတ်အကွာအဝေးကို သတ်မှတ်ထားပါသည်။ ဖော်ပြပါ ဓာတ်အားလိုင်း ကင်းလွတ်အကွာအဝေးကို အိမ်ရာမြေချထားပေးသောသူများ၊ ဆောက်လုပ်နေထိုင်သူများ လိုက်နာဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်အန္တရာယ် ကင်းဝေးမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**လျှပ်စစ် စက်ကွင်းများကြောင့် လျှပ်စစ်အန္တရာယ် မဖြစ်ပွားစေရန် သတိပြုရမည့် အချက်များ**

- ဓာတ်အားလိုင်းကြိုးများ အနီးသို့ လူ/ပစ္စည်းများ ချဉ်းကပ်ခြင်း မပြုရ။
- ဓာတ်အားလိုင်းကြိုးအောက်နှင့် ဓာတ်အားလိုင်းကြိုးများ အနီးပတ်ဝန်းကျင်တွင် တီဗွီအင်တာနာတိုင်ထောင်ခြင်း၊ စတီးပိုက်ချောင်းများ၊ သံပိုက်ချောင်းများ ထောင်၍ ကိုင်ဆောင်ခြင်းများ မပြုလုပ်ရ။
- ဓာတ်အားလိုင်းကြိုးများ အောက်တွင် ကားရပ်ပြီး ကားခေါင်မိုးပေါ် တက်၍ လုပ်ငန်းဆောင်ရွက်ခြင်းများ မပြုရ။
- ဓာတ်အားလိုင်းကြိုးများ အောက်နှင့် အနီးပတ်ဝန်းကျင်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရ၊ ဓာတ်အားလိုင်းကြိုးနှင့် သတ်မှတ်အကွာအဝေးတွင်သာ တည်ဆောက်ပါ။
- ဓာတ်အားလိုင်း တိုင်များပေါ်သို့ တက်ရောက် ကစားခြင်း၊ လျှပ်စစ်ကျွမ်းကျင်သူ မပါဘဲ ဓာတ်အားလိုင်းတိုင်များပေါ်တက်၍ ကြိုးဆွဲခြင်း၊ ကြော်ငြာကပ်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်းမပြုရ။



## မှုခင်းကျဆင်းရေးအတွက် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ ဆောင်ရွက်

**စစ်တွေ ဇူလိုင် ၁၂**

ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် လက်ရှိဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဆိုင်ရာ လုပ်ငန်းကိစ္စများနှင့် မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ မြို့မိမြို့ဖများ၊ လူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၉ ရက်က စစ်တွေမြို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးက ပြည်နယ်အတွင်း မှုခင်းများဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ၊ မှုခင်းဖြစ်ပွားရသည့် အကြောင်းအရာများ၊ မှုခင်းများ မဖြစ်ပွားစေရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးအတွက် လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုအခြေအနေများနှင့် မူးယစ်ဆေးဝါးအန္တရာယ်များကိုလည်းကောင်း၊ ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ထိန်းသိမ်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# ပထမဝေဘူဆရာတော်ကြီး၏ တပည့်အား ရည်စူး၍ ဝေဘူတောင်၌ စေတီတော်တည်ထားကိုးကွယ်



**ကျောက်ဆည် ဇူလိုင် ၁၂**

ကျောက်ဆည်မြို့ ပထမဝေဘူဆရာတော်ဘုရားကြီး၏ တပည့်များစွာတို့မှ ဝေဘူချောင်တွင်သီတင်းသုံး လျက်ရှိသော နောက်ဆုံးတပည့်ကြီးဖြစ်သူ ဦးပညာသာမိ(ကျောက်တိုင်)အား ရည်စူးဂုဏ်ပြုပူဇော်သောအားဖြင့် သေလာဂိရိဘွဲ့တော်ရှိ စေတီတော်တည်ထားကိုးကွယ်သွားမည်ဖြစ်ကြောင်း တတိယဝေဘူဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၏ မိန့်ကြားချက်အရ သိရသည်။

သေလာဂိရိ စေတီတော်ကို ဝေဘူတောင်အတက်အစကိုက် ၁၀၀ ခန့် တောင်တက်ကားလမ်း၏ လက်ဝဲဘက်တွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။ စေတီတော်ကို ဖိနပ်တော် ၂၁ ပေအကျယ်ဖြင့် တည်ဆောက်ထားရှိပြီး ထိုပေါ်တွင် ၁၅ ပေ ပတ်လည်ဂန္ဓကုဋိတိုက်တည်ဆောက်ကာ အရပ်လေးမျက်နှာကို မုခ်လေးမုခ်ဖြင့် တည်ထားမည်ဖြစ်သည်။ မုခ်လေးမုခ်ကို ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ အင်းဝခေတ် အနုပညာလက်ရာများဖြင့် တည်ဆောက်သွားမည်ဖြစ်ကာ မုခ်တစ်မုခ်လျှင်ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျမည် ဖြစ်သည်။ စေတီတော်၏ ဉာဏ်တော်သည် ခန့်မှန်းအားဖြင့် ၂၅ ပေခန့် မြင့်မည်ဖြစ်ကြောင်း သိရသည်။

"စေတီတော် ဂန္ဓကုဋိတိုက်အတွင်းမှာ တရားထိုင်လို့ရအောင် စီစဉ်ထားပါတယ်။ အဲဒီအထဲမှာ ဦးပညာသာမိအသုံးပြုသွားတဲ့ သင်္ကန်းတို့ ပုဂံခွက်ယောက်တို့ အသုံးအဆောင်တွေနဲ့ ပြတိုက်ကလေးလို လုပ်ထားပါမယ်။ နောက်ပြီး ဆရာတော်ရဲ့ အရိုးပြာများကိုလည်း အများပြည်သူ ကြည့်လို့ရအောင် ထားပေးထားမှာ" ဟု တတိယဆရာတော်၏ မိန့်ကြားချက်များအရ သိရသည်။

ဦးပညာသာမိ (ကျောက်တိုင်)ဆရာတော်သည် ပထမဝေဘူဆရာတော်ကြီး၏ တပည့်များစွာ ရှိသည့်အနက်မှ ဝေဘူချောင် စန္ဒကူးမြေမှာရုံတွင် တစ်ပါးတည်း သီတင်းသုံးကာ သက်တော် ၉၃၊ ဝါတော် ၄၇ ဝါတွင် ပြီးခဲ့သည့်မေလက ပျံလွန်တော်မူခဲ့ခြင်းဖြစ်သည်။

သေလာဂိရိစေတီတော်ကို အများစုပေါင်းကောင်းမှုဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် အလှူခံစေလွှတ်ခြင်းမရှိဘဲ ဝေဘူတတိယဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံသို့ လာရောက်လှူဒါန်းနိုင်ကြောင်းနှင့် စေတီတော်၌ တည်ဆောက်မည့် မုခ်နှစ်မုခ်နှင့် လှေကားတို့တွင် ကုသိုလ်ရှင်များ လိုအပ်လျက် ရှိနေသေးကြောင်း ဆရာတော်၏ ထပ်မံမိန့်ကြားချက်များအရ သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ကျောက်ပန်းတောင်းမြို့နယ်အတွက် မီးသတ်စခန်းဆောက်လုပ်မည်

**ကျောက်ပန်းတောင်း ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မီးသတ်စခန်းအဆောက်အအုံသစ် ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၀ရက် နံနက် ၉ နာရီက အောင်မင်္ဂလာရပ်ကွက် အရှေ့မီးသတ်စခန်းဝင်း၌ ကျင်းပရာ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဦး၊လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်လွင်နှင့် ကုမ္ပဏီတာဝန်ခံတို့က သတ်မှတ်နေရာများတွင် ပန္နက်တိုင်များကို စိုက်ထူပေးကြသည်။

အဆိုပါ မီးသတ်အဆောက်အအုံမှာ အလျား ၃၆ ပေ၊ အနံပေ ၅၀ နှင့် အမြင့် ၂၆ ပေရှိ သုံးခန်းတွဲနှစ်ထပ်အာရ်စီအဆောက်အအုံဖြစ်ပြီး အောက်ထပ်တွင် အုပ်ချုပ်ရေးမှူးရုံးခန်းနှင့် ယာဉ်ရပ်နားရန်နေရာများ ပါရှိမည်ဖြစ်သည်။ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်စခန်းတွင် မီးငြိမ်းယာဉ်သုံးစီး၊ ဆီမီးသတ်ယာဉ်တစ်စီး၊ မီးသတ်စက်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်လေးစီးနှင့် အုပ်ချုပ်မှုယာဉ်တစ်စီး စုစုပေါင်း ၁၁ စီးရှိရာ အဆိုပါယာဉ်များလုံခြုံစွာထားရှိနိုင်စေရေးနှင့် မြို့အင်္ဂါရပ်နှင့်ညီညွတ်သည့် ခေတ်မီမီးသတ်စခန်းတစ်ခုဖြစ်ပေါ်လာစေရေးအတွက် ယခုမီးသတ်စခန်းအဆောက်အအုံသစ်ကို တည်ဆောက်ခြင်းဖြစ်ပြီး နိုဝင်ဘာတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဇမ္ဗူမြင့်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဖြစ်ကာ အဆိုပါ ပန္နက်တင်အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာကြီးကြပ်မှု ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကော့သောင်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်လျက်ရှိ

**ကော့သောင်း ဇူလိုင် ၁၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပူးပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်နေ ပြည်သူများအား အိမ်တိုင်ရာရောက် လိုက်လံကွင်းဆင်းဆောင်ရွက်ပေးကြသည်။

ဆောင်ရွက်မှုတွင် ကော့သောင်းခရိုင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့်အသင်းဝင်များ၊ NGO အဖွဲ့များ၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီအဖွဲ့များစုပေါင်း၍ မြို့ပေါ်ရပ်ကွက်များအတွင်း ရပ်ကွက်ပြည်သူများ၏ နေအိမ်ရှိရေတွင်းရေကန်၊ ရေသုံးစွဲသည့် ရေတိုင်ကီ၊ ရေအိုးများတွင် ပိုးလောက်လမ်းများမပေါက်ပွားရေးပိုးလောက်လမ်းသေစေနိုင်သည့် ဆေးများ ထည့်သွင်းအသုံးပြုကြရေး ဆေးထုတ်များပေးအပ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများလုပ်ဆောင်ကြရေး တစ်အိမ်တက်ဆင်းပညာပေး သရုပ်ပြလုပ်ငန်းများဆောင်ရွက်ကြသည်။

ကော့သောင်းမြို့တွင် နှစ်စဉ်ကျောင်းဖွင့်ချိန် မိုးဦးကျစရာသီတိုင်း ကျောင်းသားလူငယ် ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှ ကင်းဝေးနိုင်ရေး၊ ကျန်းမာစွာ လူတိုင်းသက်တမ်းစေ့နေနိုင်ရေးနှင့် ကျန်းမာရေးအသိအစဉ်ရှင်သန်စေရေး ရည်ရွယ်ကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ချင်းတွင်းရေယာဉ်လိုင်းများ စနစ်တကျပြေးဆွဲ

**ကလေးဝ ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့်အဖွဲ့သည် မိုးတွင်းကာလဖြစ်သဖြင့် ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက မြို့စည်ပင်သာယာဈေးအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ဈေးအတွင်းသန့်ရှင်းသပ်ရပ်မှုရှိစေရေးလုပ်ငန်းများကို ဈေးသူဈေးသားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ချင်းတွင်းမြစ်ရေမြင့်တက်မှုများကို ကြည့်ရှုကာ ကလေးဝမြို့၏ စိုးရိမ်ရေအမှတ်သည် ၁၅၅၀ စင်တီမီတာဖြစ်ပြီး ယခုအခါ ချင်းတွင်းမြစ်ရေသည် ၁၂၂၄ စင်တီမီတာသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ကလေးဝမြို့နှင့် ကျေးရွာများသို့ ပြေးဆွဲနေသော ရေယာဉ်လိုင်းမော်တော်များဂရုစိုက်မောင်းနှင်းရန်နှင့်ရေယာဉ်တိုင်းတွင် အသက်ကယ်ဘောကွင်းများ၊ အသက်ကယ်အင်္ကျီများ လုံလောက်စွာထားရှိကြရေးနှင့် ရေလမ်းခရီးဆိုင်ရာများကို ရေယာဉ်ပိုင်ရှင်များ၊ မောင်းနှင်သူများနှင့် ဆွေးနွေးခဲ့ကြသည်။ **ချင်းတွင်းသား**(iprd)

# ဒေသည့်လမ်းညွှန် အခြေခံသင်တန်းဆင်းပွဲ တာချီလိတ်၌ ကျင်းပ



**တာချီလိတ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအခြေပြု လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့်အတူ ဒေသခံတိုင်းရင်းသားလူငယ်များ ဧည့်လမ်းညွှန်၊ ဧည့်လမ်းပြဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျဖြစ်စေပြီး အလုပ်အကိုင်အခွင့်အလမ်း ရရှိစေသည့်အပြင် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လားဟူတိုင်းရင်းသားရိုးရာ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း(ရှမ်းအရှေ့)ရွှေတြိဂံဇုန်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဒေသဧည့်လမ်းညွှန် အခြေခံသင်တန်းဆင်းပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ရွှေဘူးသီးဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်အစိုးရအဖွဲ့၊ အဖွဲ့ဝင် လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေလရှဲနက အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့မှ သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးခြင်းဖြစ်ပြီး သင်တန်းပြီးမြောက်သည်အထိ တက်ရောက်သင်ယူခဲ့သည့် တိုင်းရင်းသားလူငယ်များအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနရုံးခွဲများနှင့် MTGA (ရှမ်းအရှေ့) ရွှေတြိဂံဇုန်ရုံးတို့တွင် ဆက်သွယ်ပြီး ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများအား စည်းကမ်းစနစ်ကျနစွာ လိုက်ပါဆောင်ရွက်ကြရန်လိုကြောင်း၊ ခရီးသွားဧည့်သည်များနှင့် တိုက်ရိုက် ပြောဆိုဆက်ဆံရာတွင် ပြောဆို၊ သွားလာ၊ ပြုမူပုံများသည် နိုင်ငံတော်၏ကိုယ်စား ဆက်ဆံပေးရမည်ဖြစ်သည့်အတွက် အစဉ်အမြဲ ဂုဏ်သိက္ခာရှိစွာ ပြုမူနေထိုင်ရင်းတာဝန်ကျေသော၊ စေတနာပါသော၊ ရင်းနှီးနွေးထွေးမှုပါသော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း(ရှမ်းအရှေ့)ရွှေတြိဂံဇုန်မှ တာဝန်ခံ ဦးဗညားဇော်က လားဟူတိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့အတွက်အလှူငွေကျပ် တစ်သိန်းစီပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး သင်တန်းနည်းပြများအား ပြည်နယ်အစိုးရအဖွဲ့မှ အာခါတိုင်းရင်းသားရေးရာဝန်ကြီး ဦးပီတာသောင်းစိန်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်းတို့က လည်းကောင်း၊ သင်တန်းဆင်း လက်မှတ်များကို လားဟူတိုင်းရင်းသားရေးရာဝန်ကြီးက လည်းကောင်း ပေးအပ်ခဲ့ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ပြီး သင်တန်းကို ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ တုံတာနှင့် မိုင်းပျဉ်းမြို့နယ်များမှ ရှမ်း၊ အာခါ၊ လားဟူ၊ ဗမာ တိုင်းရင်းသား၊ တိုင်းရင်းသူ ၈၉ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## မန်ယူကိုရောက်ဖို့ သေချာနေတဲ့ ရှဝိန့်စတိန်ဂါ

ဂျာမနီကွင်းလယ်ကစားသမား ရှဝိန့်စတိန်ဂါဟာ မန်ယူနဲ့စာချုပ်ဖို့ အတော်လေးနီးစပ်သွားပြီလို့ ပရီမီယာလိဂ်ဘောလုံးအသိုင်းအဝိုင်းက ဆိုပါတယ်။ ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား ရှဝိန့်စတိန်ဂါက သူ့အနေနဲ့ ၂၀၁၆ ခုနှစ်အထိ ရှိနေတဲ့စာချုပ်ကို ထပ်မံမချုပ်တော့ဘူးလို့ ဆိုပါတယ်။ သို့ပေမယ့် ကလပ်နှစ်ခုအကြားတာဝန်ရှိသူတွေအနေနဲ့ ပြောင်းရွှေ့ကြေးကိစ္စကို ဆွေးနွေးညှိနှိုင်းနေဆဲပါ။ မန်ယူအနေနဲ့ ရှဝိန့်စတိန်ဂါကို လစာတိုးပေးပြီးခေါ်ယူရမယ့် အနေအထားရှိပါတယ်။ ပြီးခဲ့တဲ့ရာသီက ဘိုင်ယန်မြူးနစ်ကို ဖလားတွေဆွတ်ခူးနိုင်အောင် အဓိက ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ ရှဝိန့်စတိန်ဂါကို မန်ယူလစာပိုပေးမှသာ ဘိုင်ယန်မြူးနစ်က ရောင်းမယ့်သဘောရှိပါတယ်။ ရှဝိန့်စတိန်ဂါဟာ ၂၀၀၂ ခုနှစ်က ဘိုင်ယန်မြူးနစ်ကို ရောက်လာပြီးနောက် ပွဲပေါင်း ၅၃၆ ပွဲ ပါဝင်ကစားခဲ့ပါတယ်။ မန်ယူက ခေါ်ဖြစ်ခဲ့ရင်တော့ ဗန်ဟားလ်ရဲ့ မန်ယူကွင်းလယ်ကစားသမားကွက်ကို အဓိကမဏ္ဍိုင်ကစားသမားဟာ ရှဝိန့်စတိန်ဂါ ဖြစ်လာမှာ မလွဲပါဘူး။ ပြီးခဲ့တဲ့ ရာသီက ကွင်းလယ်ကစားသမား အခက်အခဲကြောင့် ရွှန်းနေကို ကွင်းလယ်ကစားသမားအဖြစ် အသုံးပြုခဲ့ရပါတယ်။ ဒီအခက်အခဲကို ကျော်လွှားနိုင်ဖို့ မန်ယူက ရှဝိန့်စတိန်ဂါကို အရခေါ်ယူမယ့် အနေအထားရှိပါတယ်။

## အီတလီခံစစ်မှူး ဝက်စ်ဟမ်းသို့ရောက်ပြီ



ဝက်စ်ဟမ်းအသင်းက ဂျူဗင်တပ်စ်အသင်းမှ အီတလီဗဟိုခံစစ်မှူး အိန်ဂျယ်လိုအော့ဘွန်းနားကို ပေါင် ၁၀ သန်းနဲ့ ခေါ်ယူလိုက်ပြီလို့ ဆိုပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိ နောက်တန်းကစားသမား အော့ဘွန်းနားကို ဝက်စ်ဟမ်းက လေးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တာလို့ ဆိုပါတယ်။ ဝက်စ်ဟမ်းမှာ ကစားမယ့် ဆုံးဖြတ်ချက်ဟာ ကျွန်တော့်ရဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက် ဖြစ်ပါတယ်လို့ အော့ဘွန်းနားက ဆိုပါတယ်။ သူဟာ ၂၀၁၃ ခုနှစ်က စီးရီးအေပြိုင်ဘက် တိုရီနိုမှ ဂျူဗင်တပ်စ်သို့ ပြောင်းလာခဲ့တာပါ။ ပြီးခဲ့တဲ့ ရာသီက ဂျူဗင်တပ်စ်အတွက် ပွဲပေါင်း ၃၁ ပွဲ ပါဝင်ကစားပေးခဲ့ပါတယ်။ သူဟာ ဝက်စ်ဟမ်းက နွေရာသီမှာ ခေါ်ယူခဲ့တဲ့ ပဉ္စမမြောက် ကစားသမားဖြစ်လာပါတယ်။ အော့ဘွန်းနားမှာ အီတလီအသင်းနဲ့လည်း ၁၀ ပွဲ ပါဝင်ကစားပေးနိုင်ခဲ့ပါတယ်။ သူဟာ လာမယ့်ရာသီမှာ ဝက်စ်ဟမ်းအသင်းရဲ့ အဓိကခံစစ်မှူးဖြစ်လာမှာ ဖြစ်ပါတယ်။

ကောင်းမြတ်သူ–စုစည်းသည်။

# ဒါမီရန်ဟာ မန်ယူခံစစ်ပိုင်းကို အရောင်တောက်ပနိုင်ပါ့မလား

■ မိုးမြင့်လင်းလက်



၂၀၁၅-၂၀၁၆ ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေတဲ့ မန်ယူဟာ နောက်တန်းခံစစ်တံတိုင်းကို ခိုင်မာတောင့်တင်းပြီး လုံခြုံစေဖို့အတွက် တိုရီနိုအသင်းက ခံစစ်မှူး မက်တီရိုဒါမီရန်ကို ခေါ်ယူတော့မှာဖြစ်ပါတယ်။ နည်းပြ ဗန်ဟားလ်အတွက် မန်ယူကို အကောင်းဆုံးပုံစံပြန်ရစေဖို့ ကြိုးစားမှုတစ်ရပ်အဖြစ် ခံစစ်ကြောင်းကို ပြုပြင်ခြင်းလည်းဖြစ်ပါတယ်။

အသက် ၂၅ နှစ်ရှိတဲ့ ဒါမီရန်ဟာ ၂၀၁၁ ခုနှစ်က ပါလာမိုအသင်းကနေပြီး တိုရီနိုအသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး တိုရီနိုမှာ ခြေစွမ်းပြနေတာမို့ ဘိုင်ယန်မြူးနစ်ရော နာပိုလီအသင်းတွေက ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့ ကစားသမားဖြစ်ပါတယ်။ မန်ယူအသင်းကို အောင်မြင်မှုရရှိစေဖို့ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နေတဲ့ နည်းပြဗန်ဟားလ်က တိုရီနိုအသင်းတာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက် ရရှိခဲ့ပြီဖြစ်လို့ ဘိုင်ယန်မြူးနစ်နဲ့ နာပိုလီတို့ကို ကျော်ဖြတ်ပြီး ခေါ်ယူနိုင်ရေး ကြိုးစားခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ နောက်ခံလူဒါမီရန်ကို ဆေးစစ်မှုအောင်မြင်ပြီးရင် လေးနှစ်စာချုပ်ချုပ်ကာ တစ်နှစ်လုပ်ခ ပေါင် နှစ်သန်းပေးမှာဖြစ်ပါတယ်။ အီတလီအမျိုးသားလက်ရွေးစင်ဘောလုံးအသင်း နောက်ခံလူဖြစ်တဲ့ ဒါမီရန်ဟာ ညာဘက်ခံစစ်မှူးဖြစ်ပြီး တစ်ဖက်အသင်းတိုက်စစ်မှူးတွေ အလွယ်တကူ ကျော်ဖြတ်လို့ မလွယ်တဲ့ ခံစစ်မှူးဖြစ်ပါတယ်။

တကယ်တော့ တိုရီနိုအသင်းဥက္ကဋ္ဌ ကိုင်ရိုကတော့ ဒါမီရန်ကို လက်မလွှတ်ချင်သေးဘဲ စာချုပ်သက်တမ်းကုန်တဲ့ ၂၀၁၇ ခုနှစ်မှသာ အသင်းက ထွက်ခွာခွင့်ပြုစေလိုတာဖြစ်ပေမယ့် မန်ယူကို ပြောင်းရွှေ့ကစားလိုတဲ့ ဒါမီရန်ရဲ့ စိတ်ဆန္ဒပြင်းပြနေမှုကြောင့်သာ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။

တိုရီနိုနည်းပြ ဗန်တူရာကလည်း “ဒါမီရန်လိုခံစစ်မှူးကို ကျွန်တော်တို့ ရှာတွေ့ရရှိဖို့ မလွယ်ပါဘူး။ သူဟာ ကစားသမားကောင်းတစ်ဦးဖြစ်ပြီး အမှားအယွင်းနည်းတဲ့ ကစားသမားဖြစ်ပါတယ်”လို့ ပြောနေပါတယ်။ ဒါမီရန်ကတော့ “ကျွန်တော်ဟာ ချန်ပီယံလိဂ်ပွဲတွေ ကစားလိုတဲ့ဆန္ဒရှိပြီး မန်ယူမှာ ကစားလိုတာကလည်း ကျွန်တော့်အိပ်မက်ပါ”လို့ ပြောကြားနေပါတယ်။

အီတလီနိုင်ငံသား ဒါမီရန်ဟာ ၂၀၀၁ မှ ၂၀၀၉ ခုနှစ်အထိ အေစီမီလန်အသင်းမှာ လူငယ်ကစားသမားဘဝကို ဖြတ်သန်းခဲ့ပြီး ၂၀၀၉-၂၀၁၀ မှာတော့ စီးရီးဘီကလပ်ပါဒိုဗာအသင်းမှာ တစ်နှစ်အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့သူဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ မှာတော့ ပါလာမိုအသင်းကို ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၁ ခုနှစ်မှာပဲ တိုရီနိုအသင်းက ခေါ်ယူခဲ့တာမို့ အခုအချိန်အထိ တိုရီနိုမှာပဲ ကစားနေသူဖြစ်ပါတယ်။

ဒါမီရန်ဟာ နောက်တန်းခံစစ်မှူးအဖြစ် တိုရီနိုအသင်းမှာ ပွဲပေါင်း ၁၃၃ ပွဲ ကစားခဲ့တာမှာ သုံးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ အီတလီလက်ရွေးစင်အသင်းမှာ ၁၃ ပွဲကစားထားပြီး အီတလီ ယူ-၁၇၊ ယူ-၁၈၊ ယူ-၁၉၊ ယူ- ၂၀၊ ယူ- ၂၁ အသင်းတွေမှာလည်း ပါဝင်ကစားပေးခဲ့သူဖြစ်ပါတယ်။

ဒါမီရန်ဟာ ၂၀၁၄ ခုနှစ်အတွက် အီတလီအမျိုးသားဘောလုံးအသင်းရဲ့ အကောင်းဆုံးကစားသမားဆုကို ၂၀၁၅ နှစ်ဆန်းပိုင်းက ရရှိခဲ့သူဖြစ်လို့ မန်ယူနောက်တန်းအတွက်တော့ မှန်ကန်တဲ့ ဖြည့်ဆည်းမှုတစ်ရပ်အဖြစ် သုံးသပ်နေကြပါတယ်။ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ဘောလုံးရာသီမှာ မန်ယူ နောက်တန်းအနေနဲ့ ၃၇ ဂိုးပေးခဲ့ရတာဟာ ချယ်လ်ဆီး ၃၂ ဂိုး၊ အာဆင်နယ် ၃၆ ဂိုး တို့ထက် ပိုမိုများနေပါတယ်။ အထူးသဖြင့် အိမ်ကွင်းမှာ နောက်တန်းကစားသမားတွေ အမှားအယွင်းများတတ်တာကို ပြုပြင်ရမှာဖြစ်လို့ ဒါမီရန်ကို ခေါ်ယူနိုင်မှုဟာ ဘယ်လောက်အထိ မှန်ကန်တယ်ဆိုတာနဲ့ မန်ယူခံစစ်ပိုင်းကို အရောင်တောက်ပနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**မန်ယူအသင်းကို အောင်မြင်မှုရရှိစေဖို့ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နေတဲ့ နည်းပြဗန်ဟားလ်က တိုရီနိုအသင်းတာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက်ရရှိခဲ့ပြီဖြစ်လို့ ဘိုင်ယန်မြူးနစ်နဲ့ နာပိုလီတို့ကို ကျော်ဖြတ်ပြီး ခေါ်ယူနိုင်ရေး ကြိုးစားခဲ့တာဖြစ်ပါတယ်။**



## မန်စီးတီးကို ရောက်လာတော့မယ့် ဖာဘီယန်ဒက်

အက်စ်တွန်ဗီလာအသင်းခေါင်းဆောင် ဖာဘီယန်ဒက်ဟာ မန်စီးတီးနဲ့ စာချုပ်ဖို့ ဆေးစစ်မှုတွေပြုလုပ်နေပြီလို့ ဆိုပါတယ်။ ၂၀၀၉ ခုနှစ်က လိဒ်ယူနိုက်တက်မှ ဗီလာသို့ပြောင်းလာတဲ့ ကွင်းလယ်ကစားသမား ဖာဘီယန်ဒက်ကို ဗီလာက ဇန်နဝါရီလထဲမှာ လေးနှစ်ခွဲစာချုပ်နဲ့ ထပ်မံစာချုပ်ထားပါတယ်။ မန်စီးတီးမှ မီကတ်ရစ်ချတ်ရောက်လာပြီးကတည်းက သူ့ရဲ့အနာဂတ်ဟာ မသေချာတော့ဘူးလို့ ဖာဘီယန်ဒက်က ဆိုပါတယ်။ အသက် ၂၀ နှစ်အရွယ်ရှိတဲ့ ဖာဘီယန်ဒက်အနေနဲ့ ပေါ်တူဂီမှာ ရာသီအကြိုပွဲတွေအတွက် လေ့ကျင့်မှုပြုလုပ်နေတဲ့ အက်စတွန်ဗီလာအသင်းသို့ သွားရောက်ခြင်းမရှိတော့ပါဘူး။ ဖာဘီယန်ဒက်အနေနဲ့ ပြီးခဲ့တဲ့ရာသီက အက်စ်တွန်ဗီလာအသင်းကို တန်းဆင်းဇုန်မှ လွတ်မြောက်အောင် အဓိကခြေစွမ်းပြ ကစားခဲ့သူဖြစ်ပါတယ်။ ပွဲပေါင်း ၂၈ ပွဲ ပါဝင်ကစားခဲ့ပါတယ်။ ဒါ့အပြင် အက်ဖ်အေဖလား ဗိုလ်လုပွဲရောက်သော်လည်း အဓိကကစားသမားအဖြစ် ပါဝင်ကစားပေးနိုင်ခဲ့ပါတယ်။

## စတုတ်က ဂျင်ကဲလ်နဲ့ ရှေးဂစ်ဗင်တို့ကိုခေါ်ယူ

စတုတ်စီးတီးက ချယ်လ်ဆီးကွင်းလယ်ကစားသမား မာကိုဗန်ဂျင်ကဲလ်ကို အငှားခေါ်ယူပြီး အက်စ်တွန်ဗီလာဝါရင့် ဂိုးသမား ရှေးဂစ်ဗင်တို့ကို ခေါ်ယူခဲ့ပါတယ်။ သို့ပေမယ့် အင်တာမီလန်မှ ရှာကျီရီကို ကမ်းလှမ်းထားရာမှာ အချိန်မီ စာချုပ်ခြင်းမရှိတဲ့အတွက် ပယ်ဖျက်လိုက်ပါတယ်။

စတုတ်က လီဗာပူးနောက်တန်းကစားသမား ဂလင်ဂျွန်ဆင်ကိုလည်း သီတင်းပတ်မကုန်မီစာချုပ်မယ်လို့ ဆိုပါတယ်။ စတုတ်စီးတီး အသင်းဟာ ကလပ်ပြောင်းရွှေ့ကြေးစံချိန် ပေါင် ၁၂ သန်းနဲ့ ရှာကျီရီကိုခေါ်ယူဖို့ သဘောတူထားခဲ့တယ်။ သို့ပေမယ့် အချိန်မီ စာမချုပ်နိုင် တဲ့အတွက် ကမ်းလှမ်းမှုပျက်ပြယ်သွားခဲ့ပါတယ်။

# ကသာတညင်း ဈေးကောင်းရရှိ



**ကသာ ဇူလိုင် ၁၂**

ကသာမြို့ တညင်းပင်စိုက်ပျိုးထားရှိသူတိုင်း ရာသီဥတုဖောက်ပြန်၍ လေတိုက် ဒဏ်ခံရခြင်းများရှိသဖြင့် အသီးတင်ကျန်မှုအားနည်းသွားခဲ့သဖြင့် တညင်းစိုက်ပျိုးသူတိုင်းရောင်းချနိုင်မှုမရှိတော့သည့်အတွက် အနည်းငယ်သာကျန်ရှိသော ရောင်းဝယ်ရေးလုပ်ငန်းပြုလုပ်သူများဈေးကောင်းရလာကြောင်း သိရသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာမှ စတင်ကာ တညင်းစိုက်တောင်သူများ အရှုံးပေါ်ကာ ဆက်လက်စိုက်ပျိုးရောင်းချသူမရှိသလောက် နည်းပါးလာခဲ့သဖြင့် ယခုနှစ် ထွက်ရှိချိန်တွင် အထွက်နှုန်းနည်းသဖြင့် ဈေးကောင်းရခြင်းဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

တညင်းသီးတစ်လုံးလျှင် ၁၄ ကျပ် ရရှိပြီး အလုံး ၁၀၀ လျှင် ငွေကျပ် ၁၀၀၀ ကျော်ရရှိလာပြီး ဒေသထွက်အားလုံး ဈေးကွက်ရောက်ပါက ဈေးနှုန်းအနည်းငယ်ကျဆင်းသွားနိုင်သော်လည်း ယခုအခါ ဈေးမာလျက်ရှိသည်ကို တွေ့ရသည်။

ဈေးကွက်တင်ပို့မှု အားနည်းချက်ကြောင့် ဒေသထွက် ကသာတညင်းသီးများကို ဒေသတွင်း၌ ပြန်လည်ရောင်းချရသော်လည်း အခြားဈေးကွက်ဖော်ဆောင်မှု အလျဉ်းမရှိကြကြောင်း မြို့ခံများက ပြောသည်။

သို့သော် ဒေသထွက် တညင်းသီးစားသုံးမှုမှာ အလွန်မြင့်တက်နေသဖြင့် အထွက်နှုန်းနည်းပြီးဈေးမြင့်သော်လည်း ဝယ်ယူအားပေးကြကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူများ နည်းပါးလာ

**ရေး ဇူလိုင် ၁၂**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း မိရိုးဖလာအသက်မွေးဝမ်းကျောင်း ပန်း ၁၀ မျိုးဖြစ်သော မြန်မာ့လက်မှုပညာများအနက် ရွှေပန်းထိမ်လုပ်ငန်း လုပ်ကိုင်သူများမှာ ယနေ့ခေတ်တွင် တဖြည်းဖြည်း မှေးမှိန်နည်းပါးလာလျက်ရှိကြောင်း သိရသည်။

ရွှေပန်းထိမ်လုပ်ငန်း လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းသူအများအပြားမှာ ရှေးယခင်က ရွှေလောက၌ လုပ်ကိုင်ရာတွင် လက်မှုအနုပညာ အလှအပများနှင့်သာ လုပ်ကိုင်နေကြပြီး ရွှေချိန်များ စနစ်တကျဖြစ်အောင် လက်မှုပညာများကိုသာ ပေါ်လွင်အောင်လုပ်ကိုင်လာကြပြီးလက်ခလျှော့တွက်များရရှိသောရွှေဈေးများနှင့်ယှဉ်လျှင် တွက်ခြေကိုက်ကြကြောင်း အနှစ် ၃၀ ခန့် ရွှေပန်းထိမ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ယနေ့ခေတ် ရွှေပန်းတိမ်လောကတွင် လက်မှုပညာများထက် ရွှေစံချိန်စံညွှန်းအရည်အသွေးများလည်း မြင့်တက်လာပြီး စက်ဖြတ်နည်းပညာပိုင်းလုပ်ကိုင်ရာတွင်လည်း အပ်ထည်ဒီဇိုင်းများမှာ ခေတ်ကာလအလိုက် လှပကောင်းမွန်ကြသဖြင့် ရွှေချစ်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လက်မှုပန်းတိမ်များသို့ သွားရောက်အပ်နှံမှု နည်းပါးလျက်ရှိခြင်းဖြစ်သည်။

ရေးမြို့နယ်တွင် ယခင်ကရွှေပန်းထိမ်လုပ်ငန်း လုပ်ကိုင်သူအများအပြားရှိရာမှ အပ်ထည်ပစ္စည်းဒီဇိုင်းအမျိုးမျိုးခေတ် ဆန်းလာသည်နှင့်အမျှ လက်မှုနှင့် လုပ်ကိုင်နေကြသူများမှာ နည်းပညာပိုင်းများကို ခေတ်နဲ့အညီ အမီလိုက်နိုင်ရန်လည်း တဖြည်းဖြည်း ပြောင်းလဲလုပ်ကိုင်နေကြသူများလည်း ရှိလာကြပြီး ရှေးလူကြီးမိရိုးဖလာအတိုင်းဖြင့် လုပ်ကိုင်နေကြသူများမှာ အနည်းငယ်မျှသာ ကျန်ရှိနေကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



# ချို့တဲ့နွမ်းပါးကလေးများ ပညာဆက်လက်သင်ယူခွင့်ရရှိ

**ကျောက်တံခါး ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်နမ့်ခန်းမှ ပညာသင်ကြားရာတွင် အခက်အခဲဖြစ်နေသော ကျောင်းသား ကျောင်းသူများအား အဝါရောင် မျိုးဆက်သစ် လူငယ်ပရဟိတအသင်းမှ ကူညီပံ့ပိုးမှုဖြင့် အဆိုပါဒေသအထိ သွားရောက်ခေါ်ယူခဲ့ရာ ယခုအခါ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ယခုနှစ် ကျောင်းဖွင့်ချိန်မှစ၍ စတင်သင်ကြား ပေးနေပြီဖြစ်သည်။

တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူ ငါးဦး၊ နဝမတန်းကျောင်းသားကျောင်းသူ ၁၂ ဦး၊ တတိယတန်းကျောင်းသား တစ်ဦး၊ သူငယ်တန်းကျောင်းသားတစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၉ ဦးတို့မှာ ကျောက်တံခါးမြို့နယ်တွင် အေးချမ်းစွာ ပညာသင်ယူခွင့် ရရှိပြီဖြစ်ကြောင်း မြို့ချောင်းအလင်းသစ် ပရဟိတအဖွဲ့မှ ဒေါ်ပပဝင်းက ပြောကြားသည်။

“ရှမ်းပြည်နယ်(မြောက်ပိုင်း)ကနေ ပညာရေးအခက်အခဲကြောင့် ရောက်လာတဲ့ ကလေးတွေကို အဖွဲ့က အလှူခံပြီး စေတနာရှင်များရဲ့ လှူဒါန်းမှုနဲ့ ကျွေးမွေးစောင့်ရှောက် ပညာပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်” ဟု ဒေါ်ပပဝင်းကပြောကြားသည်။

အဝါရောင် မျိုးဆက်သစ် လူငယ်ပရဟိတအသင်းကို မန္တလေးမြို့ စက်မှု(၂)တွင် ဆရာတော် ဥူးဇိသရိယက ဦးစီးဖွင့်လှစ်ပြီး မြန်မာတစ်နိုင်ငံလုံးတွင် လူမျိုးဘာသာမရွေး မိဘမဲ့၊ ချို့တဲ့နွမ်းပါးသော ကလေးများနှင့် ပညာသင်ကြားရာတွင် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအားစုစည်းကာ ပညာသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အတွင်း ရောက်ရှိနေသော ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်တို့မှ ကျောင်းသားကျောင်းသူများကို ရန်ကုန်-နေပြည်တော် အမြန်လမ်း ၈၉/၅မိုင်တွင် အဝါရောင် မျိုးဆက်သစ် လူငယ်ပရဟိတအသင်းခွဲကို ဖွင့်လှစ်၍ နေထိုင်စေလျက်ရှိသည်။

မြို့ချောင်းအထကသို့ ပညာသင်ကြားရန်အတွက် ကလေးများအား ငါးမိုင်ခန့်ကွာဝေးပြီး နေ့စဉ် မော်တော်ယာဉ်များဖြင့် ကြိုပို့ပေးလျက်ရှိကြောင်း ဒေါ်ပပဝင်းထံမှ သိရသည်။

ကျောင်းသား ကျောင်းသူ ၁၉ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများကို ပြည့်ဝစွာ ပေးအပ်ခြင်းဖြင့် လူငယ်များ၏ အနာဂတ်ကို မြှင့်တင်ပေးလျက်ရှိကြောင်းသိရသည်။

ထို့အပြင် နေရာဒေသအသီးသီးမှ မိဘမဲ့ကလေးများနှင့် ချို့တဲ့နွမ်းပါးသည့် ကလေးများကိုလည်း ရှာဖွေစုဆောင်းကာ ပညာဆက်လက်သင်ယူခွင့်ရရှိရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အဝါရောင်မျိုးဆက်သစ်လူငယ်ပရဟိတအဖွဲ့မှ ဆရာတော် ဦးဇောတိကက ခေါ်ယူလာသောကလေးများနှင့်စပ်လျဉ်း၍ မိန့်ကြားသည်။

**ခင်ကို(ကျောက်တံခါး)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ကြီး ဇူလိုင် ၁၂**

ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ရတနာသစ်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက “ကျွန်တော်တို့လူသားတွေ အပါအဝင် သက်ရှိအားလုံးဟာ မိမိတို့ဘဝရှင်သန်ရပ်တည်နိုင်ရန်အတွက် အထူးသဖြင့် အခြေခံစားဝတ်နေရေးနှင့် မိမိတို့နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် သဘာဝသယံဇာတအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်ကို အမှီသဟဲပြုနေကြရခြင်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အလွန်အရေးကြီးကြောင်း ပြောကြားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ကြရမည့် ခေါင်းဆောင်များဖြစ်ကြသဖြင့် သစ်တောထိန်းသိမ်းရေး၊ သဘာဝသယံဇာတများတူးဖော်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများအား လျှော့ချနိုင်ရေးတို့အတွက် ရလဒ်ကောင်းများဖော်ဆောင်နိုင်ရန် "The leader knows the way, shows the way and goes the way" ဆိုသည့်အတိုင်း နည်းလမ်းများကိုသိရှိရန်၊ ပြသရန်နှင့် နည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်နှင့် စံနမူနာပြအဖြစ် ဆောင်ရွက်သွားကြရန် ပြည်နယ်ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စိန်မမက ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဖွဲ့စည်းပုံများနှင့် ရည်ရွယ်ချက်များကိုရှင်းလင်း၍လည်းကောင်း၊ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းက ရှမ်းပြည်နယ်အတွင်းရှိသစ်တောကြိုးဝိုင်းနှင့် သဘာဝသစ်တောများ၊ အင်းလေးကန်၏ ပတ်ဝန်းကျင်ထိန်းသိမ်းမှုများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။ တက်ရောက်လာကြသော ပြည်နယ်အဆင့်ဌာနဆိုင်ရာများကလည်း မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များအား အသစ်ပြန်လည်ဖွဲ့စည်း၍ ကော်မတီဝင်များကလည်းပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဒုတိယအကြိမ်



လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း၊ ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှမ်းတိုင်းရင်းသား၊ ဓနုတိုင်းရင်းသား၊ အင်းတိုင်းရင်းသား၊ အရပ်ဘက်အဖွဲ့အစည်းများ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

# မသန်စွမ်းမြားပစ် ပါရာဂိမ်းပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲနှင့် တစ်ဦးချင်းအလိုက် ဆုတံဆိပ် သုံးမျိုးစလုံး(ကာလာ)မျှော်မှန်းထား

**ရန်ကုန် ဇူလိုင် ၁၂**

စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၈) ကြိမ်မြောက် ပါရာဂိမ်းပြိုင်ပွဲကို မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်း အားကစားသမားများ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မသန်စွမ်း မြားပစ်အားကစား အသင်းလိုက်ပြိုင်ပွဲနှင့် တစ်ဦးချင်း အလိုက် ပြိုင်ပွဲများကို ဆုတံဆိပ် သုံးမျိုးစလုံး (ကာလာ) မျှော်မှန်းထားသဖြင့် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သော အဆိုပါ (၈) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မသန်စွမ်းမြားပစ် အားကစားသမား အမျိုးသား ညာဒူး တစ်ဖက်ပြတ်နှစ်ဦး၊ ညာဒူးအောက် ပြတ်နှစ်ဦး၊ ဘယ်ဒူးအောက်ပြတ် တစ်ဦး၊ ဆေးအဆင့် နှစ်ပွိုင့် တစ်ဦးနှင့် အမျိုးသမီး ဒူးအောက်နှစ်ဖက်ပြတ် တစ်ဦးတို့ပါဝင်ကြောင်း၊ နံနက် ၈ နာရီခွဲမှ ၁၁ နာရီခွဲအထိနှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီခွဲ အထိ စခန်းသွင်း လေ့ကျင့်လျက်ရှိကြောင်း သိရသည်။



မသန်စွမ်း မြားပစ်အားကစား နည်းတွင် မီတာ ၇၀ (Regard ) နှင့် မီတာ(၅၀) Compound အမျိုး အစားနှစ်မျိုးရှိပြီး ယခုပြိုင်ပွဲအတွက် မသန်စွမ်း မြားပစ်အားကစားသမား ခုနစ်ဦး သွားရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

မသန်စွမ်း မြားပစ်အားကစား အသင်းသည် ပြီးခဲ့သည့် (၇) ကြိမ် မြောက် ပါရာဂိမ်းပြိုင်ပွဲ၌ စတင်ဝင် ရောက် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး (၈) ကြိမ်မြောက် ပါရာဂိမ်းပြိုင်ပွဲဝင် ရောက်ယှဉ်ပြိုင်ရန်အတွက် မေ ၁ ရက်ကတည်းက စတင်စခန်းသွင်း လေ့ကျင့်နေကြောင်း သိရသည်။

"စင်ကာပူ ဆီးဂိမ်းမှာ မြားပစ် အသင်းက ရွှေငွေ၊ ကြေးတံဆိပ် များကို အသင်းလိုက်အတွက်လည်း မျှော်မှန်းထားသလို တစ်ဦးချင်း အလိုက်လည်း မျှော်မှန်းထားပါတယ်။ ဆုတံဆိပ်ကတော့ သေချာပေါက်ရ လိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။ မြားပစ်အားကစားသမားများအားလုံး ဟာ မနှစ်ကထက် ပိုမိုတိုးတက် လာတာ တွေ့ရပါတယ်" ဟု နည်းပြ တစ်ဦးက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(SP)**

## မိုးစပါး ဧက ၁၀၀ မျိုးစေ့ချပွဲနှင့် မျိုးစေ့ပေးအပ်ပွဲကျင်းပ

**ဖျာပုံ ဇူလိုင် ၁၂**

ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု ဧက ၁၀၀ စံပြကွက်၌ ပုလဲသွယ်အထူးအထွက်တိုး စပါးမျိုးစေ့ချပွဲနှင့် အထွက်ကောင်းမျိုး သစ်များ မျိုးစေ့ပေးအပ်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ကျုံတာရှမ်းကွင်း ကျေးရွာအုပ်စု ဧက ၁၀၀ မဏ္ဍာပ် စိုက်ပျိုးရေးလယ်မြေ၌ ကျင်းပခဲ့သည်။

ပုလဲသွယ်စပ်မျိုးစပါးသည် မြေနှင့်ရာသီဥတုအဆင်ပြေပါက တစ်ဧကလျှင် စပါး တင်း ၁၀၀ မှ ၂၀၀ ကျော်အထိ ထွက်ရှိနိုင်မည်ဖြစ်ပြီး စပါးတင်း ၁၀၀ လျှင် (အနိမ့်ဆုံး) ငွေကျပ် ၄၅၀၀၀၀ ဈေးဖြင့် ဝယ်ယူမည့်ကုမ္ပဏီများနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ညှိနှိုင်းထားကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**သီပေါ ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ရုံး၌ မြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၃ အုပ်စုအား မိုးသီးနှံထုတ် လုပ်မှု ဘဏ်ချေးငွေထုတ်ချေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ ပြောင်း၊ ပဲပုပ်နှင့် အခြားသီးနှံများ အတွက်တစ်ဧကလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ တောင်သူလယ်သမား ၄၂၈ ဦး၊ စပါး ဧက ၁၂၁၉ ဧက၊ ပြောင်း ၁၆၃ ဧကတို့အတွက် ငွေကျပ် ၁၃၉၁၆၀၀၀၀ ကို ဇူလိုင် ၆ ရက်က ထုတ်ချေး ပေးခဲ့သည်။

ထိုသို့ ထုတ်ချေးပေးရာတွင် သီပေါမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၃ အုပ်စုမှ တောင်သူလယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်းပေါင်း ၈၇၉၂ ဒသမ ၂၀ ကို ထုတ်ချေးမည်ဖြစ်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးတိုင်းကျော်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြ သည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများကို ဇူလိုင်လကုန်အထိ ထုတ်ချေးပေး မည်ဖြစ်ရာ သီးနှံပေါ်ချိန် ဒီဇင်ဘာ ၁၆ ရက်မှ စတင်ပေးဆပ်နိုင်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက် နောက်ဆုံးထားကာ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တူရိယာမျိုးဝင် မြန်မာ့ရိုးရာ ဗုံတို ဗုံရှည် ပြုလုပ်ရောင်းချသူများရှိနေ



**အင်းတော် ဇူလိုင် ၁၂**

ကသာခရိုင် အင်းတော်မြို့နယ်၌ တူရိယာမျိုးဝင် မြန်မာ့ရိုးရာ ဗုံတို ဗုံရှည်ပြုလုပ်ရောင်းချသူများ၊ ပွဲလမ်းသဘင်အခမ်းအနားများတွင် အသုံးပြု နိုင်ရန် ပြုလုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ရှေးမြန်မာမင်းများလက်ထက်ကပင် ဗုံတို ဗုံရှည်၊ စည်တော်များ၊ တူရိယာ၊ နှဲ၊ ပတ္တလားနှင့်စောင်း၊ လင်းကွင်းတို့ကို ပွဲလမ်းသဘင်ဆင်ယင် ကျင်းပရာတွင် သဘင်ပညာရှင်များ တူရိယာသံစဉ်အမျိုးမျိုးပေါင်းစပ်၍ ပျော်ရွှင်ကြည်နူးဖွယ် ခေတ်အဆက်ဆက် တီးမှုတ်ကခုန်ခဲ့ကြသည်။ ယနေ့ခေတ်ကာလတွင် တိမ်ကောပျောက်ကွယ်မှုမရှိသဖြင့် ပုံသဏ္ဌာန် အရွယ်အစားအမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ယခုခေတ်ကာလတွင် ဗုံတို ဗုံရှည် ပြုလုပ်ရောင်းချသူ ရှားပါးလာ သလို ဗုံပြုလုပ်ရာတွင် သစ်အမျိုးအစားရှားပါးလာခြင်းနှင့် သားရေပစ္စည်း လည်းရှားပါးလာသည်။ ဗုံပြုလုပ်ရာတွင် ဝက်ဝံသား၊ တောင်တမာသား ယမနေသားကို အသုံးပြုသူများကြသည်။ ချင်းတွင်းမြစ်ရိုးတစ်လျှောက် နှင့် ကချင်ပြည်နယ် တောင်တန်းများ၊ ရှမ်းပြည်နယ် မိုးညှင်းနှင့် မိုးကောင်း မှ ရှမ်းတိုင်းရင်းသားများလာရောက်၍ ရှမ်းအိုးစည်အရှည်များကို လာရောက်မှာယူကြသည်။ ဗုံအမျိုးမျိုး ပြုလုပ်တတ်သူနည်းပါးပြီး မန္တလေး ဘက်မှပင် လာရောက်မှာကြားကြသဖြင့် မြန်မာတို့နှစ်သက်လှသော တူရိယာ ဗုံတစ်လုံးကို ငွေကျပ် တစ်သိန်းကျော်မှ သုံးသိန်းခန့်အထိ ရောင်းချ ရသည်။ သို့သော် ဗုံလုပ်ငန်းကို မတိမ်ကော မပျောက်ပျက်အောင် ထိန်းသိမ်း အားပေးမည့်သူမရှိခြင်းကြောင့် မြန်မာ့ဗုံလုပ်ငန်း ကွယ်ပျောက်သွားမည့် အလားအလာများရှိနေသည်။

**ငွေအိုး(ကသာ)**


### အမည်ပြောင်း

ဦးဝင်းရွှေ၏သား ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် မင်းပြင်ရွာမှ မောင်သိန်း သန်းထွန်းအား ယနေ့မှစ၍ မောင်ကောင်း ထက်ရှိန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းထက်ရှိန်**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပေးထားသည့် သုမခ-၁၃၂၈၉၏ "က" လုပ်ငန်းလိုင်စင် စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးညီညီထွန်း ဖုန်း-၀၉-၈၆၁၃၃၂၂**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၇၃၆ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြကြီးညို ၉/မနတ(နိုင်)၀၇၅၇၅၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ရန်ကုန်မြို့သစ်စီမံကိန်း Developer အဆိုပြုတင်ဒါခေါ်ယူခြင်း

(၁) ရန်ကုန်မြို့၏လူဦးရေနှင့် လူမှုစီးပွားအခြေအနေများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက် ပြောင်းလဲလာမှုကြောင့် မြို့တိုးချဲ့တည်ဆောက်ပေးရန် အထူးလိုအပ်လျက်ရှိပါသည်။ မြို့သစ် တိုးချဲ့မှုကို လက်ရှိ ရန်ကုန်မြို့၏အနောက်ဘက်၊ ပန်းလှိုင်မြစ်နှင့်တွံတေးတူးမြောင်းအကြား၊ လှိုင်မြစ်နှင့်လှိုင်သာယာ-တွံတေးကားလမ်းအကြား မြေနေရာများကို လျာထားပါသည်။

(၂) အဆိုပါ ရန်ကုန်မြို့သစ်စီမံကိန်းအတွက် နိုင်ငံသား Developer ကို ရွေးချယ်ရန် အောက်ပါအခြေခံအချက်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အဆိုပြု တင်ပြ သွားရန်ဖြစ်ပါသည်-

- (က) ကုမ္ပဏီဆိုင်ရာအချက်အလက်များ။
- (ခ) ရင်းနှီးမြှုပ်နှံမည့် ငွေကြေးအစီအစဉ်။
- (ဂ) နည်းပညာအကူအညီရယူဆောင်ရွက်မည့်အစီအစဉ်။
- (ဃ) စီမံကိန်းအကောင်အထည်ဖော်မည့်အစီအစဉ်(လုပ်ငန်း/ကာလ)။
- (င) ပြည်သူလူထုအတွက် လူမှုစီးပွားဆိုင်ရာဆောင်ရွက်ပေးမည့်အစီအစဉ်။
- (စ) အထူးဖော်ပြလိုသည့်အချက်များ။

(၃) အဆိုပြုတင်ဒါလျှောက်လွှာတစ်စုံလျှင် ကျပ်၅၀၀၀၀ဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံးတွင် ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါ သည်။

(၄) တင်ဒါအာမခံစပေါ်ငွေ ကျပ်ငါးဘီလီယံပေးသွင်းထားသည့် ချလန်မူရင်းကို အဆိုပြု တင်ဒါလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(၅) အဆိုပြုတင်ဒါလျှောက်လွှာများ ပဏာမဖွင့်ဖောက်စိစစ်ခြင်းကို ၁၈-၈-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် ကျင်းပမည်ဖြစ်ပြီး အဆိုပြုတင်ဒါလျှောက်လွှာများကို ချိပ်ပိတ်စာအိတ်ဖြင့် တင်ဒါခေါ်ယူရေး လုပ်ငန်းကော်မတီရှေ့မှောက်တွင် တင်သွင်း၍ မှတ်ပုံတင်သွားရန်ဖြစ်ပါသည်။

(၆) အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း)လူကိုယ်တိုင် ဖြစ်စေ၊ www.eyangon.gov.mm/news တွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**







### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/4056, Mitsubishi Fuso MS 715S, Bus(4x2) ယာဉ်လက် ဝယ်ရှိသူ ဦးမိုးဇော် ၈/မသန(နိုင်)၀၂၆၃၅၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
# ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM)(၆)နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (BASc)(၄)နှစ်သင်တန်းသို့ တက်ရောက်ပညာသင်ကြားခွင့်ရရှိရန် ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ (က) တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM) (၆)နှစ်သင်တန်းတွင် အမျိုးသားဦးရေ (၅၀)နှင့် အမျိုးသမီးဦးရေ (၅၀) စုစုပေါင်း(၁၀၀) လက်ခံမည်။
(ခ) မွေးမြူရေးပညာဘွဲ့ (BASc) (၄)နှစ်သင်တန်းတွင် အမျိုးသားဦးရေ (၇၅)ဦးနှင့် အမျိုးသမီးဦးရေ (၇၅)ဦး စုစုပေါင်း(၁၅၀) လက်ခံမည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည်-
(က) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။
(ဂ) ဝါသနာပါရှိသူများအား ဦးစားပေးရွေးချယ်မည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းရမှတ်ကန့်သတ်ချက်မရှိ စိတ်ကြိုက်လျှောက်ထားနိုင်ပါသည်။
(ဃ) ဝင်ခွင့်ရေးဖြေ၊ နှုတ်ဖြေရမှတ်နှင့် စိတ်ပါဝင်စားမှုတို့အပေါ်မူတည်၍ ရွေးချယ်သွားမည်။
(င) ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် အသက် (၁၈)နှစ်ထက် မကြီးစေရ။
(စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်။
(ဆ) လူတွေ့နှုတ်မေးစစ်ဆေးခြင်းခံယူရမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်နှင့် A4 Size စာရွက်ဖြင့် ကွန်ပျူတာစာစီ၍ လျှောက်ထားရန်ဖြစ်ပါသည်။

၅။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဝင်ခွင့်အတွက် လျှောက်လွှာများကို သတ်မှတ်ပုံစံတွင် ဖြည့်စွက်လျက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံချက်(မိတ္တူ)၊ တက္ကသိုလ်ဝင်အမှတ်စာရင်း(မိတ္တူ)၊ နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်(မူရင်း)၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထောက်ခံချက်(မူရင်း)၊ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ဆရာဝန်၏ ထောက်ခံချက်(မူရင်း)၊ လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)တို့နှင့်အတူ ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃)ပုံ ပူးတွဲ၍ ဤတက္ကသိုလ်ကျောင်းသားရေးရာဌာနသို့ ၂၀၁၅ခုနှစ် ဩဂုတ် ၇ရက်နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။

၆။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းနှင့်အညီ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်စာစစ်ဌာနတွင်လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အင်းစိန်၊ ရန်ကုန်စာစစ်ဌာနတွင်လည်းကောင်း အောက်ဖော်ပြပါအတိုင်း ဖြေဆိုကြရမည်-

| | | |
|---|---|---|
| (က) | အင်္ဂလိပ်စာ | (၃)နာရီမေးခွန်း နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၉ ရက် |
| (ခ) | ဇီဝဗေဒနှင့် မွေးမြူရေးဗဟုသုတ | (၃)နာရီမေးခွန်း၊ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ၂၀၁၅ ခုနှစ် ဩဂုတ် ၃၀ ရက် |

၇။ တက္ကသိုလ်ဝင် ရေးဖြေစာမေးပွဲ ဖြေဆိုပြီးနောက် လူတွေ့နှုတ်မေး ဖြေဆိုခွင့်ရရှိသူများကို အချိန်မီ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်း ထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၈။ လူတွေ့နှုတ်မေး ဖြေဆိုရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်(မူရင်း)၊ အမှတ်စာရင်း(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာရမည်။

၉။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို ဤတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည် မဟုတ်ပါ။

၁၀။ အကယ်၍ ဤတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၁၁။ လျှောက်လွှာတွင် မိမိဖြေဆိုလိုသည့် စာစစ်ဌာနကို သေချာစွာ ရွေးချယ်ဖော်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျသောလျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှထုတ်ပယ်ခြင်းခံရသည်။

၁၂။ ဖြေဆိုခွင့်ကတ်များကို ၂၆-၈-၂၀၁၅ရက်မှ ၂၈-၈-၂၀၁၅ရက်အတွင်း သက်ဆိုင်ရာစာစစ်ဌာနများ၌ ထုတ်ပေးမည်။

၁၃။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၆၅၉ ကျောင်းသားရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၆၅၂၆ ဒုတိယပါမောက္ခချုပ်(သင်ကြား)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ပထမနှစ်ဝင်ခွင့်လျှောက်လွှာ
## (တိရစ္ဆာန်ဆေးပညာဘွဲ့/မွေးမြူရေးပညာဘွဲ့)
## (၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအတွက်)

ဓာတ်ပုံ
တစ်ပုံကပ်
နှစ်ပုံပူးတွဲ

| | ကျောင်းသား/ ကျောင်းသူ | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|---|
| ၁။ အမည် | | | |
| ၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | | | |
| ၃။ လူမျိုး | | | |
| ၄။ ကိုးကွယ်သည့်ဘာသာ | | | |
| ၅။ မွေးသက္ကရာဇ်(တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်တောင်းခံစဉ်အတိုင်း) | | | |

| | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|
| ၆။ မိဘအလုပ်အကိုင်/ရာထူး/ဌာန | | |
| ၇။ မိဘနေရပ်လိပ်စာ | | |

၈။ ဝင်ခွင့်လျှောက်ထားသူ၏ ....................................................................
ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ် ....................................................................
၉။ ရေးဖြေဖြေဆိုလိုသည့်စာစစ်ဌာန .................. (ရေဆင်း သို့မဟုတ် အင်းစိန်စာစစ်ဌာန တစ်ဌာနသာရေးသားရန်)
၁၀။ တက်ရောက်လိုသည့်သင်တန်း
တိရစ္ဆာန်ဆေးပညာဘွဲ့(၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့(၄)နှစ်သင်တန်းစသည်တို့တွင် တက်ရောက်လိုသည့်သင်တန်းကို ဦးစားပေးအလိုက် တိကျမှန်ကန်စွာ ဖြည့်စွက်ရေးသားရန်
(က) ပထမဦးစားပေး..................
(ခ) ဒုတိယဦးစားပေး..................
၁၁။ ဝန်ခံချက်
အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ၊ ....................... ..........................
လျှောက်ထားသူလက်မှတ်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ၊ ....................... ..........................
မိဘ/အုပ်ထိန်းသူလက်မှတ်
၁၂။ ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးကြောင်း ထောက်ခံပါသည်။
ကျောင်းအုပ်ကြီးလက်မှတ်
( )
တံဆိပ်တုံး
ကျောင်းအမည်နှင့်မြို့ .....................

---

## တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၂၆)အကြီးစားစက်ရုံ(သာဂရ)တွင် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|---|
| (က) | Tools & Accessories | ၈ မျိုး | 07/HIE(2)/HI(26)/Tools & Accessories /2015-2016 |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၃-၇-၂၀၁၅ ရက်မှ ၂၃-၇-၂၀၁၅ ရက်အတွင်း အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်-

**စီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ စက်မှုဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၈၃၇၂၊ ၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇**

---

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (နေပြည်တော်)တွင် အလုပ်လျှောက်ထားလာသော Bachelor ဘွဲ့ရများအတွက် အလုပ်ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(နေပြည်တော်)တွင် အလုပ်ခန့်ထားရန်အတွက် အလုပ်လျှောက်ထားလာသော B.E (Civil). BE(IT), B.C.Sc, B.C.Tech, B.Com, B.Tech(EP) ဘွဲ့ရများအား အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ဖြေဆိုရမည့် ဘာသာရပ် | နေ့ရက် | အချိန် | နေရာ |
|---|---|---|---|---|
| (က) | အင်္ဂလိပ်စာ ဘာသာရပ် | ၂၅-၇-၂၀၁၅ (စနေနေ့) | နံနက် ၀၉း၀၀နာရီ မှ ၁၂း၀၀ နာရီအထိ | အထက်မြန်မာပြည်တွင် မန္တလေးနည်းပညာ တက္ကသိုလ်နှင့် နေပြည်တော် အောက်မြန်မာပြည်တွင် ရန်ကုန်နည်းပညာတက္ကသိုလ် |
| (ခ) | သက်ဆိုင်ရာ ဘာသာရပ် | ၂၆-၇-၂၀၁၅ (တနင်္ဂနွေနေ့) | နံနက်၀၉း၀၀နာရီ မှ ၁၂း၀၀ နာရီအထိ | |
| (ဂ) | လူတွေ့စစ်ဆေးခြင်း | | | ရေးဖြေစာမေးပွဲဖြေဆို အောင်မြင်ပြီးလူတွေ့ စစ်ဆေးခံရမည့်သူများ စာရင်းအား သက်ဆိုင်ရာ စာစစ်ဌာနများတွင် ထပ်မံကြေညာပါမည်။ |

၂။ စာမေးပွဲဖြေဆိုမည့်သူများသည် ၂၂-၇-၂၀၁၅ ရက်ထက်နောက်မကျစေဘဲ သက်ဆိုင်ရာစာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၇၃၆၃၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၆၆၁ နှင့် ဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

---

## သတ္တုတွင်းဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက် တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Digital Camera | ၃ လုံး |
| (ခ) | Pocket Scriber with Magnet | ၁၀၀ ခု |
| (ဂ) | C-Thru Scale | ၅၀ ခု |
| (ဃ) | သေလဗေဒလုပ်ငန်းသုံးပစ္စည်း | ၂ မျိုး |
| (င) | ကွင်းဆင်းဝတ်စုံနှင့်လုပ်ငန်းသုံးပစ္စည်း | ၇ မျိုး |
| (စ) | စိမ်းလန်းစိုပြေရေးလုပ်ငန်းသုံးပစ္စည်း | ၂၁ မျိုး |
| (ဆ) | ဆေးဝါးပစ္စည်း | ၂၁ မျိုး |

၂။ တင်ဒါတင်သွင်းခြင်းကို ၁၀-၇-၂၀၁၅ရက်မှ ၇-၈-၂၀၁၅ရက် ၁၆း၀၀နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၄၀၇၉**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲရုံးဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရှမ်းပြည်နယ် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ ရှမ်းပြည်နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တောင်ကြီး-ဟဲပုံးလမ်းမကြီး၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့တွင် ၁၃-၇-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် ၂၈-၇-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရှမ်းပြည်နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တောင်ကြီး ဖုန်း-၀၈၁-၂၁၂၂၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရှမ်းပြည်နယ်တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၃-၇-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၅-၇-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၇၀၄၈၊ Zong Shen 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဝင်း ၁၃/လရန (နိုင်) ၀၇၅၆၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၇၄၅၇ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးတင့် ၉/ညဥန (နိုင်)၀၀၈၅၁၅ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၈၇၂၄ Toyota Corolla kE74 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ခိုင် ၉/မရတ(နိုင်)၁၁၀၉၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁စ/၃၃၄၂ ယာဉ်လက်ဝယ်ရှိသူ ဦးဉာဏအောင် ၉/ကပတ(နိုင်) ၂၂၄၀၅၄ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ် (၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်)အတွက် လိုအပ်သော သွပ်ပြားနှင့် အရန်ပစ္စည်းများအား ဝယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၄-၇-၂၀၁၅ ရက် ညနေ ၁၅း၃၀ နာရီ ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရုံးအမှတ် (၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀၊ ၄၀၈၃၆၃)

**အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း**

---

## ကျန်းမာရေးဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများ ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအား ဆောင်ရွက်လိုသော လိုင်စင်ရကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၆၃-၂၃၅၇၆၊ ၀၆၃-၂၃၆၈၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၇-၂၀၁၅ ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်** - ၇-၈-၂၀၁၅ ရက် (သောကြာနေ့)
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

---

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား ဌာန(နေပြည်တော်)အရောက်ပို့စနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ရုံးသုံးစာရေးကိရိယာများ | ၄၅ မျိုး |
| (ခ) | Computer သုံး Toner/Cartridge ပစ္စည်းများ | ၁၀ မျိုး |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၄-၇-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၁၅း၀၀ နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၄၃၃၊ ၀၆၇-၄၁၃၅၈၈**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ MRTDs ဆိုင်ရာ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ နည်းပညာပိုင်းဆိုင်ရာ Software များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများသည် ၁၃-၇-၂၀၁၅ ရက်မှစ၍ ၂၇-၇-၂၀၁၅ ရက်အထိ ဝယ်ယူမည့်ပစ္စည်းများ၏ အမျိုးအမည်၊ အမျိုးအစားများနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ဝယ်ယူနိုင်ပြီး ၂၇-၇-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက စီမံခန့်ခွဲရေးဌာနစု (၁) ဖုန်း-၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းပမာဏ |
|---|---|---|
| (၁) | 09/DHPI(P&W)/2015-2016<br>အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လျှပ်စစ်နှင့်စက်ပစ္စည်းသိုလှောင်ရုံ(Steel Structure)(၁၂၀'×၆၀')ဆောက်လုပ်ခြင်း | ၁လုံး |
| (၂) | 10/DHPI(P&W)/2015-2016<br>သူငွေးရေအားလျှပ်စစ်စီမံကိန်းကျောက်သားနံရံခိုင်ခံ့မှုလုပ်ငန်းများ(Shotcreting, Shear Resisting Piling, Rock Bolting,Triple Long Rock Bolting) | လုပ်ငန်းတစ်ရပ် |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၁-၇-၂၀၁၅ ရက်၊ ၀၉း၃၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊အချိန်** - ၁၇-၇-၂၀၁၅ ရက်၊ ၁၅း၀၀နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊အချိန်** - ၃၀-၇-၂၀၁၅ ရက်၊ ၁၅း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် (၁၀၀၀၀)ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာများတင်သွင်းရန် ကြေညာချက် (၇/၂၀၁၅)
## ၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ ရက် (၂၀၁၅ ခုနှစ် ဇူလိုင် ၉ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် အောက်ဖော်ပြပါ ရတနာနယ်မြေများနှင့် ရတနာနယ်မြေပြင်ပတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာများကိုလက်ခံ၍ သတ်မှတ်ချက်များနှင့်အညီ ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး ခွင့်ပြုမိန့်ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) မိုင်းရှူးရတနာနယ်မြေ။
(ခ) နန့်ယားဆိပ်ရတနာနယ်မြေ။
(ဂ) ခန္တီးရတနာနယ်မြေ။
(ဃ) မိုးညှင်းဒေသ၊ မော်လူး၊ မော်ဟန်ဒေသ။

၂။ ပုဂ္ဂလိက၊ ကုမ္ပဏီ အသင်းများသည် အထက်ဖော်ပြပါရတနာနယ်မြေများနှင့် ရတနာနယ်မြေ ပြင်ပတွင် **တည်ဆဲဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသည့်မြေ**ကို ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုပါက ဖော်ထုတ်လုပ်ကွက်အဖြစ် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၃။ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများ ထုတ်ယူခြင်းနှင့် လျှောက်လွှာများပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်နှင့်ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာထုတ်ယူခြင်း။** ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်လွှာတင်သွင်းလိုသည့် ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် ၂၀၁၅ ခုနှစ် ဇူလိုင် ၁၃ ရက်မှ အောက်တိုဘာ ၁၉ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး လျှောက်လွှာများထုတ်ယူနိုင်ပါသည်။ ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်ထားလိုသော ကုမ္ပဏီ၊ အသင်းများသည် သက်တမ်းရှိ ကုမ္ပဏီ/အသင်းများဖြစ်ရပါမည်။

(ခ) **ဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာများတင်သွင်းခြင်း။** ဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာပုံစံ (မကလ-၅)တွင် လိုအပ်သည်များကို ပြည့်စုံစွာရေးသွင်းပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၁၃ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီတင်သွင်းရပါမည်။ လျှောက်လွှာတင်သွင်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(၁) ဖော်ထုတ်လုပ်ကွက်(အသစ်) တစ်ကွက်အတွက် လျှောက်လွှာတစ်စောင် တင်သွင်းရပါမည်။
(၂) လျှောက်လွှာနှင့်အတူလျှောက်ထားလိုသည့် ဖော်ထုတ်လုပ်ကွက်(အသစ်)၏ တည်နေရာပြ မြေပုံကြမ်းကိုပူးတွဲ၍ စာအိတ်တွင်ထည့်ပြီး ချိပ်ပိတ်တင်သွင်းရပါမည်။
(၃) လျှောက်ထားလိုသည့် ဖော်ထုတ်လုပ်ကွက်(အသစ်)၏ တည်နေရာပြ မြေပုံကြမ်းတွင် လျှောက်ထားသူက လက်မှတ်ရေးထိုးပေးရပါမည်။

၄။ ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက်(အသစ်)များ လျှောက်လွှာတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT) ၁၀၀၀၀၀၀ိ/- (ကျပ်တစ်ဆယ်သိန်း) နှင့် ကွင်းဆင်းစစ်ဆေးစရိတ် ၅၀၀၀၀ိ/-(ကျပ်ငါးသောင်း) ပေးသွင်းရပါမည်။

၅။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်ထားသည့်နေရာအား အောက်ပါကန့်သတ်ချက်များနှင့် လွတ်ကင်းမှုရှိ/မရှိ စစ်ဆေး၍ လုပ်ကိုင်ခွင့်ချထားပေးသွားပါမည်-

(၁) လယ်မြေ
(၂) ဘေးမဲ့တော/ကာကွယ်တောများ
(၃) ကျေးရွာ
(၄) သာသနာ့နယ်မြေ
(၅) စေတီဘုရား၊ သာသနိကကျောင်းများနှင့်အဆောက်အအုံများ
(၆) မြို့စည်ပင်သာယာရေးနယ်နိမိတ်၊
(၇) အများသုံးလမ်းမကြီးများ၊
(၈) ရေဦးရေထွက်နှင့် အများသုံးရေကန်ကြီးများ၊
(၉) သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်သော မြေနေရာများ
(၁၀) စီမံကိန်းနယ်မြေ/ဇရိယာများ
(၁၁) လုပ်ကိုင်ခွင့်ပြုထားပြီးသောလုပ်ကွက်များနှင့် လွတ်ကင်းမှုရှိ/မရှိ

၆။ ဖော်ထုတ်လုပ်ကွက်(အသစ်)များအတွက် လုပ်ကိုင်ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး လုပ်ကွက်တစ်ကွက်အတွက် အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ၁၀ သိန်းဖြစ်ပါသည်။

၇။ လုပ်ကိုင်ခွင့်ရလုပ်ကွက်၏ ပေးသွင်းရမည့်အဆိုပြုငွေအတွက် ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများကို ခုနှိမ်ပေးသွင်းနိုင်ပါသည်။ လုပ်ကိုင်ခွင့်မရရှိသူများ၏ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများကို ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၈။ ဖော်ထုတ်လုပ်ကွက်(အသစ်)များကို လုပ်ကိုင်ခွင့်ရရှိသည့် ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်း မပြုရန် သတ္တုတွင်းဝန်ကြီးဌာနက ၁၉၉၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာသည့်အမိန့်ကြော်ငြာစာအမှတ် ၁၂၃/၉၉ အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးစေမှုမရှိစေရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ ခုနှစ် မေ ၁ ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၀၄ အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နေပြည်တော်တွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးခွဲ) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင်အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ နန့်ယားဆိပ်၊ မိုးညှင်းနှင့် မိုင်းရှူး (လွိုင်ဆောင်ထောက်)တွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

---

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ လိုအပ်လျက်ရှိသော အောက်ပါဓာတ်ခွဲခန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Collection Room Instruments | (2) Lots |
| (ခ) | Coffee Tissue Culture Lab | (1) Lot |
| (ဂ) | Electric Muffle Furnaces | (1) Lot |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၈-၂၀၁၅ ရက် ၁၃း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၁၂၀၊ ၀၆၇-၄၃၁၁၀၄**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားအထူးအဖွဲ့(၄)
## နမ့်မောင်းတံတားတည်ဆောက်ခြင်းလုပ်ငန်း
## (၂၀၁၅-၂၀၁၆)ဘဏ္ဍာနှစ် အမှတ်စဉ်(၇/၂၀၁၅)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေး-မိုးကုတ်-မဘိမ်း-ဗန်းမော်လမ်းပေါ်ရှိ နမ့်မောင်းတံတား(၂/၁) တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ¼" - ¾" ခွဲကျောက်၊ ချောင်း/မြစ်သဲ၊ သစ်အခြားသား(ရှယ်စုံ)များအား မြန်မာကျပ်ငွေဖြင့် တံတားလုပ်ငန်းခွင်အရောက် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၇-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၀-၇-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ မန္တလေးမြို့နှင့်လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မိုးမိတ်ခရိုင်တို့တွင် ၆-၇-၂၀၁၅ ရက်မှစ၍ လျှောက်လွှာပုံစံတစ်စောင်လျှင် ငွေကျပ် ၅၀၀၀ိ/- (ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ဖုန်း-၀၂-၃၉၁၁၇ သို့ အသေးစိတ်အချက်အလက်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## The Republic of the Union of Myanmar
## Ministry of Energy
## Myanma Petroleum Products Enterprise

Invitation to interested parties regarding a Joint Venture for the Importation, Storage, Distribution of Petroleum Products

(1) The Myanma Petroleum Products Enterprise(MPPE) is a state-owned enterprise which is responsible for carrying out the retail and wholesale distribution of petroleum products under the Ministry of Energy(MOE) in Myanmar. The enterprise operates storage facilities, conducts sales and distributes petroleum products through four (4) main fuel terminals, twenty four(24)sub fuel terminals and twelve(12)gas stations in the Republic of the Union of Myanmar.

(2) In order to better serve customers in the importation, storage, distribution and sales of petroleum products in Myanmar and to improve the management of the business while conducting environmentally friendly operations, interested foreign companies are invited to submit a bid to form a joint venture.

(3) Interested parties may enquire at the following address for the details, rules and requirements of the tender starting from the date of this announcement.

(4) The Invitation to Tender documents shall be available for purchase on 20-07-2015 at the address listed below.

(5) The application must be submitted in person and shall be submitted not later than 1:00 pm on the 20-10-2015.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Energy**
**Office Building No.6**
**Nay Pyi Taw**
**Tel:+9567411488,+9567411053,+9567411119,+9567411092**
**Fax:+9567411101, +9567411137**
**Email:mppe.ho2@mptmail.net.mm**

---

## အမြန်ပြန်လာပါ

ဒေါ်လှိုင်လှိုင်မွေး အသက်(၄၇)နှစ် (ဘ) ဦးထွန်းမွေး ၉/ပမန(နိုင်)၂၀၂၅၃၀သည် ၁၆-၆-၂၀၁၅ ရက်တွင် ပဲခူးမြို့နေအိမ်မှ ခင်ပွန်းဖြစ်သူနှင့်စိတ်ဆိုးပြီး မိမိသဘောဆန္ဒအရ ပြုမူသွားပါသည်။ သို့ပါ၍ အမြန်ပြန်လာပါရန်နှင့် လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဦးမောင်မောင်နိုင် ၉/တကန(နိုင်)၁၁၆၁၄၂**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ကြာအင်းကုန်းကျေးရွာအုပ်စု၊ ကြာအင်းကုန်းကျေးရွာ၊ အိမ်အမှတ် ၂၅၁ နေ ဦးလှသောင်း-ဒေါ်ခင်လှတို့၏သားငယ်

**မောင်ဇော်လင်း B.E (Mechanical), Junior Engineer (Multigate Shipping Co., Ltd.)**

**နှင့်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ စတီးလမ်း၊ အိမ်အမှတ် ၉/၆၀ နေ (ဦးစောလှအောင်) [လ/ထမန်နေဂျာ(စာရင်းတာဝန်ခံ) (ငြိမ်း)]၊ R.T.C-ဒေါ်မျိုးမြင့်ကြည်တို့၏သမီးကြီး

**မစန္ဒာအောင် [E.G.T.I (Civil), B.A(Eco)]**

**J.K မိုး အထည်စတိုး**

တို့သည် ၁၂-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့) တွင် တောင်ငူမြို့၊ အမေ့အိမ်ဟိုတယ်၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇော်လင်း-မစန္ဒာအောင်**

## မွေးနေ့ဆုတောင်း

မြစ်ကြီးနား လေတပ်စခန်းဌာနချုပ်မှ ဖေဖေ ဗိုလ်ကြီးတေဇာအောင်-မေမေ ဒေါ်ဖြူသဲမွန်တို့၏သမီး ဇူလိုင်သဲထက်၏ ၁၃-၇-၂၀၁၅ ရက် (၃)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်တစ်ရာတိုင် ဖေဖေ၊ မေမေတို့နှင့် အတူ ပျော်ရွှင်ကျန်းမာ၊ ချမ်းသာစွာ နေထိုင်ရပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ဘိုးဘိုး၊ ဘွားဘွား၊ ဘွားဘွားကြီး၊ ဘွားဘွားငွေး၊ ဘွားဘွားစန်း**

## နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဦးမြင့်ဌေး (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း) နှင့် ချစ်မေမေ ဒေါ်သန္တာကျော် (ခ) ဒေါ်ဘေဘီကျော်ညွန့် (ဗိုသုကာ)တို့၏ ၁၃-၇-၂၀၁၅ ရက်တွင် ကျရောက်သော နှစ်(၄၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားသမီး၊ ချစ်မြေးများနှင့်အတူ ရွှေရတု၊ စိန်ရတုတိုင်အောင် ကျန်းမာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းပြုလိုက်ပါသည်။

**သမီး - သက်စန္ဒာ-အောင်ရဲမိုး**
**(Director, Shwe Sandar Co.,Ltd)**
**မြေးကြီး - အိမွန်ကျော်**
**(Year 4, Network International School)**
**မြေးငယ် - ဆုလှဲ့ရည်**
**(Year 1, Network International School)**

## မြေပေးအမိန့်ပြေစာ ပျောက်ဆုံးကြောင်း အသိပေးအကြောင်းကြားခြင်း

မြစ်ကြီးနားမြို့၊ စက်မှုဇုန်တိုးချဲ့ရပ်ကွက်တွင် မြေပေးအမိန့်ချထားသော မြေကွက်အမှတ် တ/၈၃ (ပေ၄၀×ပေ၆၀)အား ကိုင်ဆောင်ထားသူ ဦးသန်းမြင့်ပိုင်ဆိုင်ပြီး ၄င်းမြေပေးအမိန့်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေပေးအမိန့်မူရင်းအား သက်ဆိုင်ရာရုံးသို့ အသစ်တစ်ဖန် ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်လိုပါက အထောက်အထားအခိုင်အမာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာပါသည်။ ခုနစ်ရက်ပြည့်မြောက်ပါက ရုံးကိစ္စများအား လိုအပ်သလိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဗိုလ်မှူးကြီးသန်းမြင့် (ငြိမ်း)**
**ဖုန်း-၀၆၇-၄၃၃၀၄၁**
**၀၉-၉၇၅၀၄၈၉၆၃**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် -၄၉**

**ကွယ်လွန်သူ ဦးခင်မောင်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဒေါ်ကြည် **လျှောက်သူ**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုမြို့သစ်၊ နန-၂၀/၆၃ နေ ဒေါ်ကြည်က ကွယ်လွန်သူ ဦးခင်မောင်၏အစ်မဖြစ်သည်ဟူ၍ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုမြို့သစ်၊ နန-၂၀/၆၃နေ ၄င်းကွယ်လွန်သူ ဦးခင်မောင်မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၄င်းကွယ်လွန်သူ ဦးခင်မောင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူပုဂ္ဂိုလ်တို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဩဂုတ် ၁၄ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄) ရက်တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဒေါ်ကြည်၏လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇူလိုင် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၅)**
**မန္တလေးခရိုင်တရားရုံး**

## တန့်ကြည့်တောင် ဝိပဿနာရိပ်သာ (ရန်ကုန်)တွင် (၂၃) ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါတွင်းအဓိဋ္ဌာန်ပွဲများ ကျင်းပမည်

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)တွင် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက် (သောကြာနေ့) ဝါဆိုလပြည့်နေ့ နံနက် ၉း၀၀ နာရီတိတိတွင် ရေကြာအိုင်သိမ်ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ထို့ပြင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တော်ဆရာတော်ကြီး၏ နည်းနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဣန္ဒက သတိပဋ္ဌာန်ဝိပဿနာ ခုနစ်ရက်အဓိဋ္ဌာန်ပွဲများကို ဝါတွင်းကာလ၌ လစဉ်ဟောကြားပြသပါမည်။ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၄ ရက် ညနေမှ ၃၁ ရက် နံနက်အထိ ဩဂုတ် ၂၈ ရက် ညနေမှ စက်တင်ဘာ ၄ ရက် နံနက်အထိ၊ စက်တင်ဘာ ၂၅ ရက် ညနေမှ အောက်တိုဘာလ ၂ရက် နံနက်အထိ၊ အောက်တိုဘာလ ၂၃ ရက် ညနေမှ ၃၀ ရက် နံနက်အထိ၊ နိုဝင်ဘာ ၂၇ ရက် ညနေမှ ဒီဇင်ဘာ ၄ ရက် နံနက်အထိ ဖြစ်ပါသည်။ တရားအားထုတ်လိုသောပုဂ္ဂိုလ်များသည် ရိပ်သာ ဖုန်း-၀၉-၄၀၁၆၀၃၅၄၆၊ ၀၉-၇၉၉၉၃၁၆၅၈၊ ၀၉-၇၉၀၉၇၀၃၅၄ နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ ကြိုတင်စာရင်းပေးနိုင်ကြပါသည်။

**ကပ္ပိယကာရကအဖွဲ့**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

နေပြည်တော်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာနေ
ဦးအောင်ငွေ (ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) - ဒေါ်ခင်မေအေး (ခရိုင်ပြန်/ဆက်၊ စစ်ကိုင်း)တို့၏သားကြီး၊ မသန္တာအောင် (နိုင်ငံတကာသတင်းဌာန၊ MRTV)၊ မတည်ရတနာအောင်တို့၏အစ်ကို

**မောင်မင်းသူဟိန်း**

**B.C.Sc, B.C.Sc (Hons:), UCSM နိုင်ငံခြားရေးဝန်ကြီးဌာန**

**နှင့်**

ရန်ကုန်မြို့နေ
ဦးသောင်းထွေး-ဒေါ်သန်းနွဲ့ (ခေတ္တမြန်မာသံရုံး၊ ကိုလံဘိုမြို့)တို့၏သမီးထွေး၊ ကိုရဲဝင့်ထွေး(M.D, Royal Bells infoComm Co.,Ltd.)-မလှိုင်လင်းလင်းထွန်း၊ ကိုပြည့်စုံထွေး(Assistance Project Manager, Royal Bells InfoComm Co.,Ltd.)-မသဇင်လှိုင်တို့၏ညီမ

**မနေခြည်ထွေး**

**[ခေတ္တ International University of Japan (IUJ), B.A(Eng)]**

**နိုင်ငံခြားရေးဝန်ကြီးဌာန**

တို့သည် ၁၂-၇-၂၀၁၅ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **မောင်မင်းသူဟိန်း-မနေခြည်ထွေး**

## အမည်မှန်

ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း အထက-ကဒုံကနီ အဋ္ဌမတန်း(A)မှ ဦးဌေးလွင်၏သား မောင်ကိုကိုကြီး၏အမည်မှန်မှာ မောင်ကောင်းခန့်ဇော် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်မြို့ အမက(၂) မင်္ဂလာဒုံမြို့နယ် စတုတ္ထတန်း(A)တွင် ပညာသင်ကြားနေသော မောင်အောင်ကောင်းစံ၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းထိုက် ၁၂/လကန(နိုင်)၁၈၉၄၁၁ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမက(၅) စတုတ္ထတန်းမှ မလဝန်းခင်၏ မိဘအမည်မှန်မှာ ဦးဇော်မင်းဦး ၁၂/ဥကမ (နိုင်)၂၁၈၄၂၂ နှင့် ဒေါ်ဌေးဌေးဝင်း ၁၂/ဗဟန(နိုင်)၀၇၇၀၇၇ တို့ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်ဖြစ်ကြောင်း

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (TTC) 2014-2015 ပညာသင်နှစ် Grade-9(D)တွင် ပညာသင်ကြားလျက်ရှိသော ဦးခင်မောင်လတ် ၁၂/အစန(နိုင်)၁၅၉၃၈၉၊ ဒေါ်မြင့်မြင့်ခိုင် ၁၀/သထန(နိုင်)၀၀၃၅၀၂တို့၏သား မောင်ချမ်းမြေ့ကျော် ၁၂/အစန(နိုင်)၂၃၀၃၃၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၉-၂၀၀၁ ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးရီထွေး၏သား ဒေါပုံမြို့နယ် ၁၂/ဒပန(နိုင်)၀၅၆၈၆၉ မောင်ရဲသွင်အား ယနေ့မှစ၍ မောင်လွှမ်းမိုးအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လွှမ်းမိုးအောင်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အထက ရွာသစ် တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ပြည့်ဖြိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမင်းစိုး ၁၄/အမန(နိုင်)၀၉၁၅၄၇ ဖြစ်ပါသည်။ **ဦးမင်းစိုး**

## ဖခင်အမည်မှန်

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(ဂ)မှ မစုပိုပိုအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း ၇/ပခန(နိုင်)၃၁၁၃၂၇ ဖြစ်ပါကြောင်း။ **ဖခင်- ဦးမြင့်သိန်း**

## အိန္ဒိယစားဖိုမှူး အမြန်အလိုရှိသည်

- ကုမ္ပဏီဝန်ထမ်းများတွက်ချက်ပြုတ်ရန်ဖြစ်သည်။
- အမျိုးသားဦးစားပေးမည်။
- နေထိုင်စားသောက်ရေးစီစဉ်ဆောင်ရွက်ပေးမည်။
